# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ပန်ဆင်သူအကျိုးကို ဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၈၉)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E. Prof. Dr. Surakiart Sathirathai အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သတင်းစဉ်

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၇**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E. Prof. Dr. Surakiart Sathirathai ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ပြုနိုင်ရေးအတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ❍



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E.Prof. Dr.Surakiart Sathirathai အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သတင်းစဉ်

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E.Prof. Dr.Surakiart Sathirathai ဦးဆောင်သည့် အဖွဲ့ဝင် ရှစ်ဦးတို့အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် အကြံပေးအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် လုပ်ငန်းအစီအစဉ်များကို အကြံပေးအဖွဲ့ဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပြီး အကြံပေးအဖွဲ့၏ ပထမနှင့် ဒုတိယအကြိမ် ခရီးစဉ်များအပြီး

*စာမျက်နှာ ၃ ကော်လံ ၃* ❖

### လူငယ်နှင့် အာဇာနည်စိတ်ဓာတ် ပြုစုပျိုးထောင်ပေးရေး

အာဇာနည်နေ့အကြိုဆောင်းပါး စာ » ၆

### တိုင်ကြားပေးပို့လာသော မှုးယစ်သတင်းများနှင့်စပ်လျဉ်း၍ ဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်တွင်းသတင်း စာ » ၁၁

### ၁၇ နှစ်ကြာ အာဖဂန်စစ်ပွဲ အဆုံးသတ်စေမယ့် လမ်းစလေလား

နိုင်ငံတကာရေးရာ စာ » ၁၅


KBZ BANK
STRENGTH OF MYANMAR

'BANK OF THE YEAR IN MYANMAR 2017'

Awarded by Financial Times (The Banker)

# နိုင်ငံရေးအနှစ်သာရပြည့်ဝသော နိုင်ငံရေးသန္နိဋ္ဌာန်

ခြောက်ရက်တာကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံတတိယအစည်းအဝေး၌ အခြေခံမူ (၁၄) ချက်အား ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း (၂)အဖြစ် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ သဘောတူညီမှုရယူနိုင်ခဲ့သည့် အခြေခံမူတို့သည် (၁၄) ချက်သာရှိသော်လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထောက်ပြသကဲ့သို့ ဤအခြေခံမူ (၁၄) ချက်သည်ပင် ခြောက်ရက်တာညီလာခံကာလအတွင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှုတို့ဖြင့် ဆွေးနွေးလျက်ဘုံသဘောတူညီချက်ရှာဖွေနိုင်ခဲ့ခြင်းကို ထင်ထင်ရှားရှားရည်ညွှန်းဖော်ပြနေပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံတတိယအစည်းအဝေးဆင္ဒမနေ့၌ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကျေးဇူးတင်စကားပြောကြားရာတွင် အဆိုပါ အခြေခံမူ (၁၄)ချက်အပေါ် ခွဲခြမ်းစိတ်ဖြာသုံးသပ်တင်ပြခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဤအခြေခံမူ (၁၄) ချက်အား အမျိုးအစား နှစ်ရပ်ဖြင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်ခဲ့ပါသည်။ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပါရှိပြီးအချက်များအပေါ် သဘောတူခြင်းနှင့် လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ၌မပါရှိသော အချက်များအပေါ် သဘောတူခြင်းတို့ ဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပါရှိပြီးအချက်တို့ဖြစ်သော်လည်း တိုင်းရင်းသားတို့၏ ဆန္ဒနှင့်စိုးရိမ်မှုတို့အပေါ် အခြေခံလျက် ပိုမိုသေချာသောစကားလုံးအသုံးအနှုန်းတို့ဖြင့် ထည့်သွင်းဖော်ပြခဲ့ခြင်းကို အလေးအနက်ထား ထောက်ပြခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဤထောက်ပြချက်က ပြီးပြည့်စုံသော ပြည်ထောင်စုသဘောတူစာချုပ်ကြီး ချုပ်ဆိုနိုင်ရန်အတွက် အသစ်၊ အသစ်သော ခြေလှမ်းတို့ လျှောက်လှမ်းလျက်ရှိခြင်းကို မီးမောင်းထိုးတင်ပြလိုက်ခြင်းဖြစ်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံ၏ ဒုတိယအကြိမ်နှင့် တတိယအကြိမ်အကြား (၁) နှစ်ကျော်ကြာမြင့်ခဲ့ခြင်းအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပွင့်လင်းစွာဆွေးနွေးတင်ပြခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "အခက်အခဲအမျိုးမျိုး၊ သဘောထားကွဲပြားမှုအမျိုးမျိုး ရှိနေတဲ့ကြားမှာ အခုလိုရလဒ်ကောင်းတွေ ထွက်ပေါ်လာခဲ့တာကိုက ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ရှေ့ကိုဆက်လက်ပြီးရွေ့နေတယ်ဆိုတဲ့ သင်္ကေတတစ်ခုပဲ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ခြင်းအပေါ် တိုင်းရင်းသား ပြည်သူလူထု တစ်ရပ်လုံးက အလေးအနက်ထား နှလုံးသွင်းရမည် ဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)အား လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဤညီလာခံသို့ တက်ရောက်လျက် အစိုးရပိုင်း၊ တပ်မတော်ပိုင်းတို့နှင့် သီးခြားစီတွေ့ဆုံ၍ လွတ်လပ်ပွင့်လင်းရင်းနှီးစွာ ညှိနှိုင်းခဲ့ခြင်းကို ထောက်ပြခဲ့ပါသည်။ ဤကဲ့သို့ ညှိနှိုင်းနိုင်ခဲ့ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးပါဝင်နိုင်မည့်အလားအလာကောင်း ဖြစ်သည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သုံးသပ်ခဲ့ခြင်းသည် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအတွက် ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းတစ်ရပ် ဖြစ်ပါသည်။

(၂၁)ရာစု ပင်လုံညီလာခံကြီးအား ၂၀၁၈ခုနှစ်တွင် (၁)ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် (၂)ကြိမ် စုစုပေါင်း ညီလာခံ (၃) ကြိမ်ကျင်းပ၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူတို့အား အခြေခံအုတ်မြစ်အဖြစ်ချမှတ်နိုင်ရေးကို ညီလာခံ၏ သန္နိဋ္ဌာန်အဖြစ်ချမှတ်မည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့ခြင်းသည် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအတွက် စိတ်ဓာတ်အားမာန်ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ဘယ်လိုအခက်အခဲတွေပဲကြုံကြုံ ကျွန်မတို့အားလုံး လက်မလျှော့ဘူး ပိုမိုခိုင်မာတဲ့ခြေလှမ်းတွေကို ဆက်လက်ပြီး လျှောက်လှမ်းသွားမယ် ဆိုတာကို တစည်းတလုံးတည်း၊ တစ်စိတ်တစ်ဝမ်းတည်း ပြသလိုက်တာပဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ခြင်းသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စိတ်ဓာတ်အားမာန်ကိုလှုပ်နှိုးလိုက်ခြင်း ဖြစ်ပါသည်။ မတူညီသော နောက်ခံသမိုင်းအပေါ်အခြေခံ၍ မတူညီသောအမြင်တို့ဖြစ်ပေါ်လျက်ရှိသော လက်ရှိအနေအထား၌ ပြီးပြည့်စုံသော ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူညီမှု ရရှိနိုင်ရေးအတွက် လုံခြုံရေးကဏ္ဍဆိုင်ရာ သဘောတူညီချက်များ ရရှိနိုင်ရန် နိုင်ငံရေးဆွေးနွေးမှု မူဘောင်၊ အဖွဲ့အစည်းတည်ဆောက်မှုနှင့် ဒီဇိုင်းတို့အပေါ် ရဲရဲတင်းတင်းပြန်လည်သုံးသပ်ရမည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ စကားသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ လက်တွေ့အလုပ်လမ်းညွှန်ပင် ဖြစ်ပါသည်။ တိကျပြတ်သားသော အနာဂတ်ဆိုင်ရာဘုံရည်မှန်းချက်၏ အရေးကြီးပုံကို ထောက်ပြလျက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဆိုပါ အနာဂတ်ဆိုင်ရာ ဘုံရည်မှန်းချက်အားအခြေခံလျက် ငြိမ်းချမ်းရေးမဟာဗျူဟာတစ်ရပ်ရေးဆွဲရမည်ဟု ပြောကြားခဲ့ခြင်းအပေါ် သက်ဆိုင်သူ အင်အားစုအားလုံးက အလေးအနက်ထား နှလုံးသွင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာခေါင်းဆောင်များအကြား အလွတ်သဘောသီးသန့်ဆွေးနွေးပွဲတို့ကို လေးလေးနက်နက် ဦးစားပေး ပြောကြားသွားသကဲ့သို့ ပဋိပက္ခဖြစ်ပွားရာဒေသတို့ရှိ တိုင်းရင်းသားပြည်သူတို့၏ လူမှုဘဝအပြောင်းအလဲဖြစ်ပေါ်ရေးကိုလည်း ပဓာနထား ပြောကြားခဲ့ပါသည်။ နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကျေးဇူးတင်စကားသည် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းမှုတည်ဆောက်ရေးဖြစ်စဉ်၏ နိုင်ငံရေးအနှစ်သာရပြည့်ဝသော နိုင်ငံရေးသန္နိဋ္ဌာန်ကို ပေါ်လွင်ထင်ရှားစွာ ဖော်ပြလျက်ရှိပါကြောင်း လေးနက်စွာတင်ပြအပ်ပါသည်။ ။

## အာဇာနည်နေ့အထိမ်းအမှတ် ပြခန်းဖွင့်ပွဲနှင့် စာရေးသူ စာဖတ်ဝိုင်းဆွေးနွေး

**ညောင်ရွှေ ဇူလိုင် ၁၇**
ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပြခန်းဖွင့်ပွဲကို ယနေ့ နံနက်က ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အာဇာနည်နေ့အထိမ်းအမှတ်ပြခန်းအား ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေမျိုး၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဒုတိယဦးစီးမှူး ဦးအေးမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး စာရေးသူ စာဖတ်ဝိုင်းကို ပြုလုပ်ရာ ဦးခင်မောင်မြ (ညောင်ရွှေ ခင်မောင်မြ)က အာဇာနည်နေ့ ကဗျာအကြောင်းကို လည်းကောင်း၊ ဆရာ ဟိန်းထက်အောင်(တောင်ကြီး) က ပြီးခဲ့သော ဇာတ်လမ်းအကျဉ်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာ သိုးထိန်းက အာဇာနည်နေ့ကိစ္စ ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးဟောပြောကြပြီး တက်ရောက်လာသူများနှင့် အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်မြို့ရှိ ဗိုလ်ချုပ်ကျောက်ရုပ်တု နှစ်(၄၀)ပြည့် အခမ်းအနား ကျင်းပ

**ပြည် ဇူလိုင် ၁၇**
ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဆံတော်ရပ်ကွက် ပြည်လူငယ်ရိပ်မြုံခန်းမ၌ ယမန်နေ့က ဗိုလ်ချုပ်အောင်ဆန်းကျောက်ရုပ်တု နှစ်(၄၀)ပြည့် ပတ္တမြားရတု အခမ်းအနားကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ဝင်းမြင့်ချစ်က အမှာစကားပြောကြားခဲ့ပြီး နှစ်(၄၀) ပြည့် ဗိုလ်ချုပ်ကျောက်ရုပ်တု ပတ္တမြားရတု အခမ်းအနား ကျင်းပခြင်းနှင့် ပတ်သက်၍ ကော်မတီအဖွဲ့ဝင် ဦးဝေလင်းက ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ဗိုလ်ချုပ် ကျောက်ရုပ်တုကို ထုဆစ်ရာတွင် ပါဝင်ခဲ့သူ ဗိသုကာပညာရှင် ဦးထွန်းအောင် နှင့်အဖွဲ့ဝင်များက အမှတ်တရစကားများ ပြောကြားသည်။ ပြည်မြို့ရှိဗိုလ်ချုပ်ကျောက်ရုပ်တုကို ၁၉၇၈ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ဇူလိုင် ၁၆ ရက်တွင် နှစ် ၄၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနား၌ အမှတ်တရဓာတ်ပုံများ၊ ကာတွန်းပြပွဲများ၊ ဗိုလ်ချုပ်အမှတ်တရ တေးသီချင်းများနှင့် လူထုစကားဝိုင်းများပြုလုပ်ခြင်း အစီအစဉ်များထည့်သွင်းထားပြီး ဇူလိုင် ၁၉ ရက် အာဇာနည်နေ့အထိ ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**

## လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်စေရန် သန်လျင်- သုံးခွ ဓာတ်အားလိုင်းတည်ဆောက်

**နေပြည်တော် ဇူလိုင် ၁၇**
ရန်ကုန် တောင်ပိုင်းခရိုင်အတွင်းရှိ သန်လျင်၊ ခရမ်းနှင့် သုံးခွမြို့နယ်များနှင့် ဆက်စပ်မြို့များ၊ ကျေးရွာများပါ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ယခုနှစ် မတ်လအတွင်း ၃၃ ကေဗွီ သန်လျင် - သုံးခွ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဓာတ်အားလိုင်းကို ၂၃၀ ကေဗွီ သန်လျင် ပင်မဓာတ်အားခွဲရုံမှ ၃ ဒသမ ၆ မိုင်အကွာရှိ စစ်ပင်ကွင်း ကျေးရွာအနီး ၃၃ ကေဗွီ သန်လျင်-သုံးခွဓာတ်အားလိုင်း ကားလမ်းကျော်နေရာမှ သုံးခွမြို့ဥက္ကံဓာတ်အားခွဲရုံအထိ တည်ဆောက်မည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **(ယာပုံ)**

ထို့အပြင် ဓာတ်အားလိုင်းများ တည်ဆောက်ရာတွင် သတ်မှတ်အရည်အသွေး ပြည့်မီသော ၁၂ မီတာနှင့် ၁၄ မီတာ ကွန်ကရစ်တိုင်များ၊ 33 kV Insulated ACSR / OC 240mm²၊ 33 kV Pin Post Insulator တို့ဖြင့် စနစ်တကျ တည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပါ ဓာတ်အားလိုင်းကို ဇူလိုင်လတွင် အပြီး တည်ဆောက်၍ ပြည်သူများသို့ ဓာတ်အားဖြန့်ဖြူးပေးသွားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

## အာဇာနည်နေ့၌ နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တွင် ဓာတ်ပုံ၊ ကဗျာနှင့် ဆောင်းပါးပြပွဲများ ပြသသွားမည်

**နတ်မောက် ဇူလိုင် ၁၇**
(၇၁) နှစ်မြောက် အာဇာနည်နေ့တွင် နတ်မောက်မြို့ အောင်ဆန်း ရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၌ နတ်မောက်မြို့ပရဟိတပေါင်းစုံက ကြီးကြပ်ဆောင်ရွက်ပြီး ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံများ၊ ကဗျာများနှင့် ဆောင်းပါးများပြသခြင်းကို ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ရပ်နီးရပ်ဝေးရှိပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

အဆိုပါနေ့များတွင် နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ လာရောက်ကြည့်ရှုမည့် ပြည်သူများ စိတ်အေးချမ်းစွာ ကြည့်ရှုလေ့လာနိုင်ရန် (ပြတိုက်)အဝင်ဝတွင် သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်သူများ၏ လုံခြုံရေးကို ထိခိုက်စေမည့် ပစ္စည်းများ ယူဆောင်ခွင့်မပြုရန် နေအိမ်အဝင်ဝ၌ စစ်ဆေးရေးစက်များနှင့် တစ်ဦးချင်းစစ်ဆေးပြီး ဝင်ခွင့်ပြုမည်ဖြစ်၍ နေအိမ်အပေါ်ထပ်ကိုလည်း ကြည့်ရှုလေ့လာသူ တစ်ကြိမ်လျှင် ဦးရေ ၅၀ ခန့် ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

## ကွတ်ခိုင်မြို့၌ အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ကွတ်ခိုင် ဇူလိုင် ၁၇** မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်တွင် အာဇာနည်နေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက်က အထက (ကွတ်ခိုင်) ကျောင်း သိပ္ပံခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲ၌ အလယ်တန်း အဆင့်တွင် အာဇာနည်နေ့ တို့မမေ့နှင့် အထက်တန်းအဆင့်တွင် ကမ္ဘာတည် သရွေ့ အာဇာနည်နေ့ တို့မမေ့ ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ကွတ်ခိုင် မြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှ အလယ်တန်းကျောင်းသား ကျောင်းသူ ၅၄ ဦးနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ ၄၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိက ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❍ ရှေ့ဖုံးမှ

နိုင်ငံတော်အစိုးရနှင့် UNDP၊ UNHCR တို့အကြား နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုး ဆောင်ရွက်နေမှု အခြေအနေတို့ကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသောင်းထွန်း၊ ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

❖ ရှေ့ဖုံးမှ

ထုတ်ပြန်ခဲ့သော အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ရခိုင်ပြည်နယ်ဆိုင်ရာ စိန်ခေါ်မှုများအား ဖြေရှင်းသွားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များအား ဆက်လက်ဆောင်ရွက်သွားရေးတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယခုတွေ့ဆုံမှုသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အနေဖြင့် စတင်ထူထောင်ပြီးချိန်မှစ၍ တတိယအကြိမ် လာရောက်တွေ့ဆုံခြင်းဖြစ်သည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၇**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E. Prof. Dr. Surakiart Sathirathai နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီမိနစ် ၅၀ တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ အကြံပေးအဖွဲ့၏ ဆောင်ရွက်မှုများ၊ ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အခန်းကဏ္ဍမှဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ H.E. Prof. Dr. Surakiart Sathirathai နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**
သတင်းစဉ်

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ထိုင်းနိုင်ငံ IBERD မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ်အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တို့သည် ထိုင်းနိုင်ငံ Institute of Business Economics Research and Development (IBERD) Foundation ဥက္ကဋ္ဌ Mr. Sathit Linpongpan နှင့်အဖွဲ့အား ယနေ့တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် Pilot Project များဖြစ်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) ထုတ်လုပ်ခြင်း၊ ငါးမွေးမြူရေး ပင်လယ်စာနှင့် အအေးခန်းလုပ်ငန်း၊ စဉ်ဆက်မပြတ်ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်း၊ E-wallet ကို အသုံးပြု၍ ငွေလွှဲပြောင်းသည့် ဝန်ဆောင်မှုကဏ္ဍများနှင့် နှစ်နိုင်ငံနယ်စပ်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ စီမံကိန်းများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



## ၂၀၁၈ ခုနှစ်၊ ဧပြီလ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၁၈ ခုနှစ်၊ ဧပြီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၃၈ ဒသမ ၀၄ သန်း၊ နယ်စပ် ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၁ ဒသမ ၆၈ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၅၉ ဒသမ ၇၂ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၀၅ ဒသမ ၂၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၇ ဒသမ ၆၄ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၁၂ ဒသမ ၉၂ သန်း ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၈ ခုနှစ်၊ ဧပြီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၄၇၂ ဒသမ ၆၄ သန်း ဖြစ်ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၅၃ ဒသမ ၂၀ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရသည်။

**သတင်းစဉ်**

## တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ၌ အိမ်တိုင်ရာရောက် မူခင်းအသိပညာပေး

**တပ်ကုန်း ဇူလိုင် ၁၇**

နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ၌ ဇူလိုင် ၁၆ ရက်က အိမ်တိုင်ရာရောက် မူခင်းအသိပညာပေးဟောပြောပွဲကို ရာအိမ်မှူး ဦးကျော်သိန်း အိမ်၌ကျင်းပရာ အိမ်အနီးပတ်ဝန်းကျင်မှ ကျေးရွာသားများအား ဒုရဲအုပ် အောင်ဝင်းနိုင်က မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲခြင်း၊ သက်ငယ်မုဒိမ်း ဖြစ်ပွားခြင်းတို့၏ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၇**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန် အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသတွင် မိုးပိုနေမည်။

မိုး/ဇလ

# လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၈)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ နာယက၊ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယခုကျင်းပမည့် အစည်းအဝေးတွင် လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်တွင်ပါရှိသည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏အမျိုးသားစီမံကိန်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအပါအဝင် လွှတ်တော်အသီးသီးတွင် အတည်ပြုရန် ကျန်ရှိသည့် ဥပဒေများအနက်မှ ဦးစားပေးအလိုက် ဆွေးနွေးအတည်ပြုခြင်းနှင့် အခြားလွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သွားရန်ရှိကြောင်း၊ ထို့အပြင် ယခုအစည်းအဝေးကာလတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယကတာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ လွှဲပြောင်းထမ်းဆောင်မည်ဖြစ်၍ ထူးခြားမှုရှိသော ပုံမှန်အစည်းအဝေးကာလတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒုတိယအကြိမ်လွှတ်တော်အသီးသီး စတင်ကျင်းပချိန်မှစ၍ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုကြောင့် လွှတ်တော်အစည်းအဝေးများကို အောင်မြင်စွာဖြင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုကျင်းပမည့် ပုံမှန်အစည်းအဝေးမှာလည်း လုံခြုံရေးအပါအဝင် ပို့ဆောင်ဆက်သွယ်ရေး၊ ရုပ်/သံပိုင်း၊ စက်ခလုတ်ပိုင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာကိစ္စရပ်များအတွက် ချွတ်ယွင်းမှုအနည်းဆုံးဖြစ်ရန် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ထို့အပြင် ပြည်တွင်း၊ ပြည်ပမီဒီယာများအတွက် လွှတ်တော်အစည်းအဝေးသတင်းများကို စနစ်တကျဖြင့် အဆင်ပြေပြေရယူနိုင်ရေး သက်ဆိုင်ရာကော်မတီများနှင့် တာဝန်ရှိသူအသီးသီးတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီအသီးသီးမှ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဗဟိုကော်မတီအတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား UK DFID မှ Head of Office, Dr. Gail Marzetti လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား UK Department for International Development(DFID) မှ Head of Office, Dr. Gail Marzetti သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ဝန်ကြီးဌာနက ဆောင်ရွက်နေသော မသန်စွမ်းသူများဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေထုတ်ပြန်ထားမှုများ၊အဆိုပါဥပဒေအရ မသန်စွမ်းဆိုင်ရာ အဖွဲ့အစည်းများမှ မသန်စွမ်းကိုယ်စားလှယ်များကိုယ်တိုင် အဖွဲ့ဝင်အဖြစ် ပါဝင်သောမသန်စွမ်းသူများဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းတည်ထောင်ထားရှိမှု၊ DFIDမှ မသန်စွမ်းသူများဆိုင်ရာ မူဝါဒပိုင်းတွင် ဝန်ကြီးဌာနအား နည်းပညာပိုင်းဆိုင်ရာ ကူညီမည့်ကိစ္စ၊ DFID မှ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အားလုံးအကျုံးဝင်ပညာရေးအတွက် အကူအညီပေးရန် ကိစ္စရပ်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းဝေးတွင် လူမှုရေးကဏ္ဍ အခြေခံမူသဘောတူညီချက်(၇)ရပ်တွင် မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များအပါအဝင် အမျိုးသမီးဆိုင်ရာ အခွင့်အရေးများအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်ဟူ၍ သဘောတူညီချက်ရရှိမှု အခြေအနေနှင့် ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် ပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် ပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက အဆိုပါဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်၊ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး၊ ဦးစီးဌာန/လုပ်ငန်း/ကော်ပိုရေးရှင်းများမှ ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးဌာနမှ အရာထမ်း အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်က အဂတိလိုက်စားမှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အကျိုးဆက်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ၊ ကော်မရှင်၏ ဆောင်ရွက်ချက်များ၊အဂတိ လိုက်စားမှုတိုက်ဖျက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ အရေးပါမှုအခန်းကဏ္ဍ၊ ပြည်သူ့ဝန်ထမ်းများအတွက် ကျင့်ဝတ်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ပတ်သက်သည့် ဆောင်ရွက်နေမှု၊ လုပ်ငန်းစဉ်၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ဟောပြောဆွေးနွေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ရုံး၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း



**နေပြည်တော် ဇူလိုင် ၁၇**

ပြည်သူ့လွှတ်တော်ရုံး၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

**သံဃာတော်အရှင်မြတ်တို့ ကြွရောက်**

အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ကဝိသာရဆရာတော်ကြီးအမှူးပြုသော သံဃာတော်အရှင်မြတ်တို့ ကြွရောက်ကြသည်။

ရှေးဦးစွာ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

**ပရိတ်တရားတော်များရွတ်ဖတ်**

ထို့နောက် သံဃာတော်အရှင်မြတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

**ရေစက်သွန်းချအမျှပေးဝေ**

ယင်းနောက် ဆရာတော်၊ သံဃာတော်အရှင်မြတ်များထံ လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းပြီးနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

**ဝန်ထမ်းမိသားစုများတက်ရောက်**

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ ဝန်ထမ်းမိသားစုများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

ဆရာတော်ထံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်

# အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းမိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းမိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရုံး ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရ ဆရာတော်ကြီးအမှူးပြုသော သံဃာတော်အရှင်မြတ်တို့ ကြွရောက်ကြသည်။

**ပရိတ်တရားတော်ရွတ်ဖတ်**

ရှေးဦးစွာ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော် အရှင်မြတ်များထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများ ရွတ်ဖတ်ချီးမြှင့်ခြင်းကို နာယူကြသည်။

**လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်**

ယင်းနောက် ဆရာတော်၊ သံဃာတော် အရှင်မြတ်များထံ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



ဆရာတော်ထံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်

# တွံတေးရွှေဆံတော်စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ရေး ဆွေးနွေး

**တွံတေး ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရှေးဟောင်းသမိုင်းဝင် ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော သကေသာ ဓာတုရွှေဆံတော်စေတီတော်မြတ်ကြီး ရေရှည်တည်တံ့စေရေးအတွက် ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် ရွှေဆံတော် ဂေါပကအဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီတွင် ရွှေဆံတော်ဂေါပကရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ရွှေဆံတော်ဂေါပက အဖွဲ့မှ ရှေးဟောင်းသမိုင်းဝင် စေတီတော်မြတ်ကြီးခြေတော်ရင်းပတ်လမ်း၌ တန်ပိုယာဉ်များ သွားလာမှုကြောင့် ရေရှည် စေတီတော်မြတ်ကြီး ထိခိုက်နိုင်မှုရှိမရှိကို တင်ပြရာ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီးဦးဝင်းကြိုင် (သရေခေတ္တရာ) ကရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ရေးနည်းလမ်းများ၊ ပြုပြင်ထိန်းသိမ်းမှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ အမိန့်ကြော်ငြာစာများထုတ်ပြန်

**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၄၆၂ (က) အရ အပ်နှင်းထားသည့် အာဏာများကို ကျင့်သုံး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် အောက်ပါအမိန့်ကြော်ငြာစာများကို ဇူလိုင် ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

(က) အမိန့်ကြော်ငြာစာအမှတ် (၅၆ / ၂၀၁၈)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇ ) အရ သတ်မှတ်ဖော်ပြထားသည့်ပုံစံများ

( ခ ) အမိန့်ကြော်ငြာစာအမှတ် (၅၇/ ၂၀၁၈)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) အရ သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေနှင့် နောင့်နေးသည့် ပေးပို့တင်ပြခြင်းအတွက် နောက်ကျကြေး

( ဂ ) အမိန့်ကြော်ငြာစာအမှတ် (၅၈/ ၂၀၁၈)၊ စီးပွားရေးလုပ်ငန်း အသင်းအဖွဲ့များအတွက် သတ်မှတ်ချက်များ

(ဃ) အမိန့်ကြော်ငြာစာအမှတ် (၅၉/ ၂၀၁၈)၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက် သတ်မှတ်ချက်များ

( င ) အမိန့်ကြော်ငြာစာအမှတ် (၆၀/ ၂၀၁၈)၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) အရ သတ်မှတ်ဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းပုံစံ

အဆိုပါအမိန့်ကြော်ငြာစာများနှင့် စပ်လျဉ်း၍ အသေးစိတ်ကြည့်ရှုလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.dica.gov.mm တွင်ကြည့်ရှုနိုင်ကြောင်းရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဆင်းပွဲ သံတွဲ၌ကျင်းပ

**သံတွဲ ဇူလိုင် ၁၇**

ဓမ္မစကူးလ်ဖောင်ဒေးရှင်း(ဗဟို)နှင့် သံတွဲမြို့နယ် ဓမ္မစကူးလ်ကော်မတီတို့ပူးပေါင်းဖွင့်လှစ်သည့် မူလတန်းအဆင့် ဓမ္မစကူးလ်ဆရာဖြစ် သင်တန်းဆင်းပွဲကို ယမန်နေ့က သံတွဲမြို့ အောင်မြေသာစည်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် သံတွဲမြို့နယ် ဓမ္မစကူးလ်ကော်မတီဥက္ကဋ္ဌ ဘဒ္ဒန္တကုသလ (မဟာဂန္ထဝါစကပဏ္ဍိတ) ရခိုင်ပြည်နယ် သံဃနာယက တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က မူလတန်းအဆင့် ဓမ္မစကူးလ်ဆရာဖြစ် သင်တန်းဆင်းအမှာစကား မိန့်ကြားတော်မူပြီး မြို့နယ်ဓမ္မစကူးလ်ကော်မတီအတွင်းရေးမှူး ဆရာတော် ဦးဥတ္တရက သံတွဲမြို့နယ်အတွင်း ဓမ္မစကူးလ်ကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မှာကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ သံတွဲမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဆရာဖြစ်သင်တန်းသား သင်တန်းသူ ၆၁ ဦးကို နှစ်ပတ်ကြာစခန်းသွင်း လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီး ဓမ္မစကူးလ်(ဗဟို)မှ ဓမ္မစကူးလ်နည်းပြဆရာ ၁၆၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# လူငယ်နှင့် အာဇာနည်စိတ်ဓာတ် ပြုစုပျိုးထောင်ပေးရေး

**တိုက်မောင်း**

တိုင်းပြည်၏ အနာဂတ်သည် လူငယ်များ၏ လက်ထဲတွင်ရှိ၏။ လူငယ်များကို လူကြီးများက ရှေ့ဆောင်လမ်းပြအဖြစ်ကောင်းမွန်သော အမွေအနှစ်များကို ချန်ထားပေးခဲ့ကြရန် တာဝန်ရှိသည်။ ကောင်းမွန်သော အမွေအနှစ်ဆိုသည်မှာ သဘာဝသယံဇာတ အရင်းအမြစ်များလည်း ပါသည်။ ဥစ္စာပစ္စည်း အရင်းအနှီးများလည်း ပါသလို ကောင်းမွန်သော ပညာရေးစနစ်လည်းပါသည်။ ထိုအထဲမှ တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်တတ်သောစိတ်၊ အနစ်နာခံ၍ပေးဆပ်လိုသောစိတ်၊ ကိုယ်ကျင့်တရားအမွန်အမြတ်ရှိပြီး မိမိဘဝကို အများအတွက် မြှုပ်နှံစတေးခံရဲလိုစိတ် တစ်နည်းအားဖြင့် အာဇာနည်စိတ်ဓာတ်ကို အုတ်မြစ်ချပေးခဲ့ကြရန် ယနေ့လူကြီးများတွင် တာဝန်ရှိနေသည်။

အာဇာနည်စိတ်ရှိသူကိုသာ အာဇာနည်အဖြစ် တအောက်မေ့မေ့နှင့် နေ့စဉ်သတိရလျက် လူအများက ဂုဏ်ပြုလိုကြ၏။ အာဇာနည်ဆိုသည်မှာ ပါဠိလို အာဇာနေယျမှ ဆင်းသက်လာပြီး အကြောင်းဟုတ် မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက်လက်ရုံးရည်၊ နှလုံးရည်ထူးကဲသာလွန်၍ သက်စွန့်ကြိုးပမ်းဆောင်ရွက်သူဟု အဓိပ္ပာယ်ဖွင့်ထားသည်။ မြန်မာ့သမိုင်းကြောင်းတွင် ဗိုလ်ချုပ်အောင်ဆန်းသည် အာဇာနည်အဖြစ်ထင်ရှား၏။ တိုင်းရင်းသားပြည်သူအားလုံးက ယနေ့ထိ သတိရနေကြခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်း၏ အာဇာနည်စိတ်ဓာတ်ကြောင့်ဆိုလျှင် မည်သူမှ အငြင်းပွားနေမည်မဟုတ်။ ယနေ့လူငယ်များအား ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်မျိုးကို လေးစားအတုယူကြရန် တိုက်တွန်းလိုသည်။

လူငယ်များသည် ဖျတ်လတ်တက်ကြွ၏။ စွန့်လွှတ်စွန့်စားလိုစိတ်ရှိသူများလည်း ဖြစ်ကြ၏။ တီထွင်ဖန်တီးလိုစိတ်ရှိပြီး လွတ်လပ်စွာ တွေးခေါ်လုပ်ကိုင်လိုကြ၏။ သူတို့သည် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုကြမည့်သူများလည်း ဖြစ်ကြ၏။ သူတို့ညံ့လျှင် နိုင်ငံညံ့မည်။ သူတို့တော်လျှင် နိုင်ငံတော်မည်။ သူတို့ကောင်းလျှင် နိုင်ငံကောင်းမည်။ ထို့ကြောင့် သူတို့ကို တော်အောင် ကောင်းအောင် ယခုကတည်းက စနစ်တကျပြုစုပျိုးထောင်ပေးထားကြရန်လို၏။ သို့မှသာ အနာဂတ်နိုင်ငံတော်ကြီးသည် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ရှိနေလိမ့်မည်။ သူတို့ကို မည်ကဲ့သို့ ပြုစုပျိုးထောင်ပေးကြမလဲ။ ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော လူငယ်များဖြစ်ဖို့လိုသည်။ ထို့ထက် အရေးကြီးသည်မှာ မိမိနိုင်ငံ မိမိလူမျိုးကို ချစ်ခင်မြတ်နိုးပြီး အရေးကြုံလာသည့်အခါတိုင်း နိုင်ငံ့အရေးများကို အသက်ခန္ဓာစွန့်လွှတ်၍ ကာကွယ်ပေးတတ်သော ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ အာဇာနည်စိတ်ဓာတ်ရှိသူလူငယ်များ ဖြစ်ဖို့လိုသည်။

လူကောင်းလူတော်များမွေးထုတ်ရာတွင် မိဘများ၏ အခန်းကဏ္ဍသည် အရေးပါသကဲ့သို့ ဆရာ ဆရာမများတွင်လည်း တာဝန်ရှိပါသည်။ လူငယ်များ တစ်နည်းအားဖြင့် ကျောင်းသားများနှင့် ပတ်သက်သော နိုင်ငံတော်အစိုးရ၏ မူဝါဒများသည်သာ၍ အရေးကြီးပါလိမ့်မည်။

မိဘများက မိမိတို့သားသမီးများ လူလားမြောက်၍ ကျောင်းထားရန် အရွယ်ရောက်လာသောအခါ စာသင်ကျောင်းများသို့ ပို့ကြ၏။ စာတော်စေရန် မိဘတိုင်းက အားထုတ်ကြိုးစားကြ၏။ အချို့မိဘများမှာ မူကြိုစတက်ချိန်မှပင် ကျူရှင်ထားကြ၏။



မိမိတို့သားသမီးအတွက် ပညာရေးမှာ ထူးချွန်အောင်လုပ်ဆောင်ရန် အစွမ်းကုန်စဉ်းစားဆောင်ရွက်ကြသည်။ အလားတူ စာရိတ္တပိုင်းပါ ကောင်းမွန်လာအောင် ကျွဲကူးရေပါ တစ်ပြိုင်တည်း သွန်သင်ပေးကြရန်လည်း လိုမည်ဖြစ်သည်။ ဥပမာ- ကျောင်းမှာ အဆာပြေစားဖို့ ထည့်ပေးလိုက်သည့်မုန့်တစ်ချပ်ကို အခြားအတန်းဖော်သူငယ်ချင်းတစ်ဦးဦးနှင့်အတူ ခွဲဝေပြီးစားတတ်ဖို့ ပြောပြလိုက်တာမျိုး၊ သူတစ်ပါးပစ္စည်းကို သူတစ်ပါးမသိဘဲ တိတ်တဆိတ်ယူပြီး သုံးစွဲတာမျိုးမလုပ်ဖို့၊ စုပေါင်းသန့်ရှင်းရေးလို အလုပ်မျိုးတွေမှာ မခိုမကတ်ဘဲ အများနှင့်အတူတူ ပူးပေါင်းလုပ်ဆောင်ဖို့ ပြောပြလိုက်တာမျိုးကို ဆိုလိုခြင်းဖြစ်ပါသည်။ ကလေးသည် ငယ်ရွယ်စဉ်တွင် အဖြူရောင်စက္ကူတစ်ရွက်နှင့် အလားသဏ္ဌာန်တူ၏။ မိဘ၊ ဆရာသမားများက မိမိတို့လိုရာပုံကို ရေးဆွဲတတ်ရန်သာ အရေးကြီး၏၊ မင်းသားပုံဆွဲလျှင် မင်းသားပုံများ ထွက်လာမည်ဖြစ်သကဲ့သို့ ဘီလူးပုံများ ရေးဆွဲမိလျှင်လည်း ဘီလူးပုံများသာ ထွက်လာမည်ကို သတိချပ်ရပါမည်။ စုတ်ချက်ဆွဲသူသာ အဓိကကျပါ၏။

ကလေးများအဖို့ ညအိပ်ရာပုံပြင်များသည် သူတို့၏ညကျောင်းမှ သင်ခန်းစာများ ဖြစ်နေတတ်သည်။ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်များမှ ဘုရားလောင်းမျောက်မင်း၏ အများအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံတတ်သော စိတ်ဓာတ်သည် အာဇာနည်စိတ်ဓာတ်နှင့် ပတ်သက်၍ သူတို့အတွက် အခြေခံကျသည့် စံနမူနာကောင်းဖြစ်၏။ ကလေးများသည် တဖြည်းဖြည်းနှင့်လူငယ်အရွယ်သို့ကူးပြောင်းလာကြ၏။ မိမိတို့တိုင်းပြည်အတွက် ဗိုလ်ချုပ်အောင်ဆန်းလိုပုဂ္ဂိုလ်မျိုးသည် ရှားရှားပါးပါး အာဇာနည်စိတ်ဓာတ်မျိုးရှိသူဖြစ်ကြောင်းကို မိဘဆရာသမားများက နားလည်အောင် ဂဃနဏ ရှင်းပြပေးကြရမည်။

ကျောင်းတက်ချိန်တွင် ကျောင်းသားလူငယ်များသည် ဆရာ ဆရာမများနှင့်အတူ ရှိနေချိန်က ပို၍များ၏။ မိဘများ၏ ပြောစကားထက် ဆရာများ၏ ပြောစကားကို သူတို့ပို၍နားဝင်ကြသည်။ အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏အကြောင်းကို ပြဋ္ဌာန်းစာအုပ်များထဲတွင် အကျဉ်းမျှသာ သူတို့သင်ကြားကြရမည်။ ဆရာ ဆရာမများက ပြဋ္ဌာန်းစာအုပ်ပါအကြောင်းအရာများထက် ကျော်လွန်၍ အကျယ်တဝင့် ဆွေးနွေးနိုင်ရန် လိုပါသည်။

အခြေခံပညာကျောင်းများတွင် သက်ဆိုင်ရာ အတန်းများအလိုက် အာဇာနည်ပုဂ္ဂိုလ်ကြီးများအကြောင်း၊ အာဇာနည်စိတ်ဓာတ်အကြောင်းများနှင့် ပတ်သက်၍ ပုံပြောပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ ပုံမှန်ကျင်းပပြုလုပ်ပေးရာ၌ ကျောင်းသား ကျောင်းသူတိုင်း ပါဝင်နိုင်အောင် စီစဉ်ပေးရပါမည်။ ကျောင်းသားများ၏ ပိုင်းခြား၊ ဆင်ခြင်၊ ဆုံးဖြတ်နိုင်သော စွမ်းရည် (Critical Thinking) နှင့် ပတ်သက်၍ တိုးတက်လာစေရေးအတွက် ကျောင်းသင်ခန်းစာများတွင် အာဇာနည်စိတ်ဓာတ်နှင့်ဆိုင်သော အယူအဆများ၊ ငြင်းခုံဆွေးနွေးမှုများ၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းများကို ပြုလုပ်နိုင်သည့်ပြဿနာများ၊ ဖြစ်စဉ်အကျဉ်းများဖန်တီး၍ လက်တွေ့သင်ခန်းစာများကို ထည့်သွင်းရေးဆွဲနိုင်မည်ဆိုပါက ပိုမိုထိရောက်မှုရှိလာနိုင်သည်ဟု ထင်မြင်မိပါသည်။

ကျောင်းတွင်းစာမေးပွဲများ၌ သမားရိုးကျမေးခွန်းများမှာ IQ (အသိဉာဏ်စွမ်းရည်)ကိုသာ အဓိကထား စစ်ဆေးနေကြသဖြင့် ယနေ့လူငယ်များ၏ EQ (စိတ်ခံစားမှုစွမ်းရည်)များမှာ အားနည်းလျက်ရှိ၏။ IQ မြင့်သည့်လူငယ်များတွင် EQ ပါ မြင့်မားလာမည်ဆိုပါက အနာဂတ်နိုင်ငံ့ခေါင်းဆောင်ကောင်းများအတွက် စိတ်ပူပန်နေစရာမလိုတော့။ EQ ကို မြင့်မားအောင် လုပ်ဆောင်ခြင်းသည် တစ်နည်းအားဖြင့် အာဇာနည်စိတ်ဓာတ်ကို ပြုစုပျိုးထောင်ခြင်းလည်း မည်ပါ၏။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ဇူလိုင်လ ၁၉ ရက်နေ့ဆိုလျှင် (၇၁)နှစ် ပြည့်မြောက်တော့မည်ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်နေ့ကို ကျွန်တော်တို့ တစ်မျိုးသားလုံးက အာဇာနည်နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုတိုင်း မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းနှင့် အချုပ်အခြာအာဏာကို ကမ္ဘာ့မြေမျက်နှာပြင်ပေါ်မှ မပျောက်ပျက်သွားရအောင် ထိန်းသိမ်း စောင့်ရှောက်ကြဖို့ အဓိဋ္ဌာန်ပြုကြရပါမည်။ အာဇာနည်နေ့ရောက်တိုင်း ကျွန်တော်တို့အားလုံး ဝမ်းနည်းပူဆွေးကြရ၏။ ရင်ထဲမှာ ကြေကွဲတသသ ဖြစ်ကြရ၏။

ကျွန်တော်တို့ ကြေကွဲဝမ်းနည်းနေကြရုံနှင့် လွတ်လပ်ရေးအတွက် အသက်ပေးစွန့်လွှတ်ခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအပေါ် တာဝန်ကျေပွန်ကြပြီလား။ အာဇာနည်နေ့ တစ်ရက်တည်း ဝမ်းနည်းပူဆွေးနေပြရုံနဲ့ ကျွန်တော်တို့ တာဝန်ကျေပွန်သည်ဟု မမြင်မိပါ။ ကျန်တဲ့ ၃၆၄ ရက်မှာ ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့တဲ့မူဝါဒလမ်းစဉ်၊ တိုင်းပြည်ချစ်တတ်သည့်စိတ်၊ မိန့်ကြားခဲ့တဲ့ဩဝါဒစကားတွေကို လက်တွေ့ လိုက်နာ၊ ကျင့်သုံး၊ အကောင်အထည်ဖော်နေကြမှသာ ကျဆုံးသွားခဲ့ကြသော အာဇာနည်ကြီးများက စိတ်ကျေနပ်မှုရလိမ့်မည်ဟု ထင်မြင်မိပါသည်။

ဗိုလ်ချုပ်ကို ကျွန်တော်တို့ပြည်သူအားလုံး ချစ်ကြသည်မှာ မြေကြီးလက်ခတ်မလွဲ။ ဗိုလ်ချုပ်၏စိတ်ဓာတ်ကို ကျွန်တော်တို့ လေးစားကြသည်။ ဗိုလ်ချုပ်၏ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်သည့် စိတ်ကိုလည်း ကျွန်တော်တို့ အားကျကြသည်။ ဗိုလ်ချုပ်ကို ပါးစပ်နှင့် ချစ်ပြနေရုံ၊ စိတ်ထဲမှ လေးစားအားကျနေရုံဖြင့် မပြီးသေး။ ဗိုလ်ချုပ်ကို ချစ်လျှင် ဗိုလ်ချုပ်စိတ်ဓာတ်နှင့်တူသော လူငယ်များကို နိုင်ငံတစ်ဝန်း၌ ပေါပေါများများ မွေးထုတ်ပေးကြရန်လိုသည်။ တစ်နည်းအားဖြင့်ဆိုရသော် နိုင်ငံ့အရေးကြုံလာပါက မိမိအသက်ကို မငဲ့ကွက်ဘဲ တိုင်းပြည်အတွက် ရဲရဲဝံ့ဝံ့ပေးဆပ်ရဲသည့် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ အာဇာနည်ပုဂ္ဂိုလ်လူငယ်များကို ပြုစုပျိုးထောင်ကြရန်သာ အဓိကလိုအပ်မည်ဖြစ်ပါကြောင်း (၇၁)နှစ်မြောက်အာဇာနည်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**❖ ဗိုလ်ချုပ်ကို ကျွန်တော်တို့ပြည်သူအားလုံး ချစ်ကြသည်မှာ မြေကြီးလက်ခတ် မလွဲ။ ဗိုလ်ချုပ်၏စိတ်ဓာတ်ကို ကျွန်တော်တို့ လေးစားကြသည်။ ဗိုလ်ချုပ်၏ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်သည့်စိတ်ကိုလည်း ကျွန်တော်တို့ အားကျကြ သည်။ ဗိုလ်ချုပ်ကို ပါးစပ်နှင့် ချစ်ပြနေရုံ၊ စိတ်ထဲမှ လေးစားအားကျနေရုံဖြင့် မပြီးသေး။ ဗိုလ်ချုပ်ကိုချစ်လျှင် ဗိုလ်ချုပ်စိတ်ဓာတ်နှင့်တူသော လူငယ်များကို နိုင်ငံတစ်ဝန်း၌ ပေါပေါများများ မွေးထုတ်ပေးကြရန်လို . . .**

---

(၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ကြီးမှူးပြုလုပ်သော ရင်သွေးငယ်များ၏ ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဉာဏစွမ်းရည်၊ ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်က ဗဟန်းမြို့နယ် ကမ္ဘောဇရိပ်သာလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၁) မူလတန်းကြိုကျောင်းခန်းမဆောင်၌ ကျင်းပစဉ်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)




◆ *ကျောဖုံးမှ*

သစ္စာအားမာန်အသင်းသည် ၅၆ မိနစ်မှ အဖွင့်ဂိုးရခဲ့ပြီး ခင်မိုးဝေက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် သစ္စာအားမာန်အသင်း ပိုဖိကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၆၇ မိနစ်တွင် နော်အားလိုဝါးဖော၊ ၉၀+၂ မိနစ်တွင် ခင်မိုမိုထွန်းတို့က သွင်းယူခဲ့သည်။ သစ္စာအားမာန်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် လက်ရှိချန်ပီယံ မြဝတီအသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

ပွဲစဉ် (၁၀) ဒုတိယနေ့ကို ဇူလိုင် ၁၈ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်အသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# အာဇာနည်နေ့ အများပြည်သူလေ့လာရန် ဗဟန်းရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်

**ရန်ကုန် ဇူလိုင် ၁၇**

ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် အာဇာနည်နေ့တွင် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ သုံးရက်တိုင် အဆိုပါအခင်းအကျင်းအတိုင်း ပြသသွားမည်ဖြစ်ရာ ပြင်ဆင်မှုအပိုင်းပြီးစီးနေပြီဖြစ်၍ အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် အသင့်ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

"အားလုံးပြင်ဆင်မှုအပိုင်း ပြီးစီးနေပါပြီ။ ခင်းကျင်းမှုအပိုင်း အားလုံးပြီးစီးပြီးတော့ သန့်ရှင်းရေးအပိုင်းပဲ အနည်းငယ်ကျန်မှာပါ။ ဗိုးချဲနဲ့ကြည့်ရှုမယ့်ပြည်သူတွေ သွားလာဖို့အတွက်လည်း ပြင်ဆင်ပြီးပါပြီ။ ပြီးခဲ့တဲ့နှစ်အာဇာနည်နေ့မှာ ပြည်သူသုံးသောင်း ကျော်လာရောက်ကြည့်ရှုပြီးတော့ ၂၀ ရက်နောက်ပိုင်းမှာ တစ်နေ့ကို လေးထောင်နီးပါး လာရောက်လေ့လာကြပါတယ်။ ဝင်လမ်း၊ ထွက်လမ်းနဲ့ ပတ်လမ်းအားလုံးကို ပေါင်းမိုးတွေနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ထားပါတယ်။ အာဇာနည်နေ့မှာ စည်းကမ်းတကျနဲ့ ကြည့်ရှုအားပေးစေလိုပါတယ်" ဟု အမျိုးသားပြတိုက် (ရန်ကုန်) မှ လက်ထောက်ညွှန်ကြားရေးမှူးဦးခင်မောင်စိုးက ပြောသည်။

ဗိုလ်ချုပ်ပြတိုက်ကို တနင်္လာနေ့နှင့် အခြားပိတ်ရက်တို့မှအပ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ အခမဲ့ဖွင့်လှစ်ပြသလျက်ရှိပြီး နိုင်ငံခြားသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဝန်ဆောင်ကောက်ခံကာ ယခုနှစ်တွင် ဗိုလ်ချုပ်ပြတိုက် အပေါ်ထပ်ကို ပြသလိုသော်လည်း အဆောက်အဦ ရေရှည်ကြံ့ခိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်ရသောကြောင့် လာရောက်ကြည့်ရှုသူပြည်သူအပေါင်းနားလည်ခွင့်လွှတ်ပေးရန် ပြတိုက်တာဝန်ခံက ပန်ကြားထားကြောင်း သိရသည်။

"ဗိုလ်ချုပ်ပြတိုက် အဝင်လျှောက်လမ်းကစပြီး လျှောက်လမ်းတစ်လျှောက်မှာ ဗိုလ်ချုပ်အဆိုအမိန့်တွေကို ပြသထားပါတယ်။ အဆောက်အဦရဲ့ ကြံ့ခိုင်မှုအရ အပေါ်ထပ်ကို တက်ခွင့်မပြုပေမယ့် ခင်းကျင်းထားမှုပုံစံကို CCTV နဲ့ အောက်ထပ်မှာ ပြသထားမှာပါ၊ ဗိုလ်ချုပ်ကို အိန္ဒိယဝန်ကြီးချုပ်လက်ဆောင်ပေးခဲ့တဲ့ ကုတ်အင်္ကျီကိုတော့ အောက်ထပ်မှာ ပြသသွားမှာပါ။ ဗိုလ်ချုပ်အောင်ဆန်း နံနက်စာစားသောက်နေတဲ့ပုံကိုလည်း ပြသသွားမှာပါ၊ အောက်ထပ်ပြခန်းကို စပယ် ရှယ် လိုက်တင်တွေနဲ့တပ်ဆင်ပြီး ပြသသွားမှာပါ၊ ပြတိုက်ကို တစ်နှစ်ပတ်လုံးပြသထားတဲ့အတွက် အဆောက်အဦ ရေရှည်ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်နေပါတယ်၊ ဗိုလ်ချုပ်ကို ချစ်တဲ့စိတ်နဲ့ လာရောက်ကြည့်ရှုလေ့လာကြတဲ့ပြည်သူတွေ တစ်နှစ်ထက် တစ်နှစ်များလာပါတယ်၊ ၁၉ ရက်နေ့ကနေ ၂၁ ရက်နေ့ထိ သုံးရက်ပြသထားပြီး တော့ကျန်ရက်တွေမှာ ပုံမှန်အတိုင်းပဲ ပြသသွားမှာပါ" ဟု အမျိုးသားပြတိုက်တာဝန်ခံ ဦးစီးအရာရှိ ဦးခင်မောင်စိုးက ပြောသည်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် မိသားစုနေထိုင်ခဲ့သောအိမ်ဖြစ်ပြီး အဆိုပါနေအိမ်ကို ၁၉၂၀ ခုနှစ်တွင် ဆောက်လုပ်ခဲ့ခြင်းဖြစ်၍ နှစ်ပေါင်း ၉၇ နှစ်ကျော် ကြာမြင့်ပြီဖြစ်ရာ ရေရှည်တည်တံ့စေရန် ပြုပြင်မွမ်းမံခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း၊ အာဇာနည်နေ့တွင် လာရောက်ကြည့်ရှုသူပြည်သူတို့ အနေဖြင့် တားမြစ်ထားသော ပစ္စည်းကိုးမျိုးကို ပြတိုက်အတွင်း ယူဆောင်ခြင်းမပြုရန်နှင့် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ပြသနိုင်ရန် အဆင်သင့်ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ဖြစ်ကြောင်း သိရသည်။

**သတင်း-သန်းထိုက်**



ဗိုလ်ချုပ် အောင်ဆန်း ပြတိုက်၌ ပြသထားမည့် မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။

ဓာတ်ပုံ - သန်းစိုး

# အမြို့မြို့အနယ်နယ်၌ ပြည်သူ့စကားဝိုင်းများ ကျင်းပ

**ရပ်စောက်**

ရှမ်းပြည်နယ် တောင်ပိုင်း ရပ်စောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ကျင်းပသည့် အနာဂတ် လူငယ်များနှင့် ကျန်းမာသန်စွမ်းမှုမြှင့်တင်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်က အနာဂတ်လူငယ်များ၏ ကျန်းမာရေးကိုအသိပညာဉာဏ်ဖြင့် ထိန်းသိမ်းကာကွယ်ရေး၊ လူငယ်များ၏အခန်းကဏ္ဍဆိုင်ရာများ၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး အနာဂတ်လူငယ်များနှင့် ကျန်းမာသန်စွမ်းရေး စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီးနောက် တက်ရောက်လာသူများက မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူနှင့် ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ဆိပ်ဖြူ**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ လူငယ်နှင့်အနာဂတ် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၁၆ ရက်က အထက-ဆိပ်ဖြူ (နဝရတ်)ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းဇော်က တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးမြင့်အောင်က ပြည်သူ့စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။


ထို့နောက် လူငယ်နှင့်အနာဂတ် ပြည်သူ့စကားဝိုင်း ကို ဆက်လက်ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး (ငြိမ်း) ဦးမြင့်စိုး၊ အထက ဆိပ်ဖြူ ကျောင်းအုပ်ဆရာကြီး ဦးဌေးဝင်း၊ မြို့နယ်စာရေး ဆရာအသင်းဥက္ကဋ္ဌ ဦးစိုးတင့်တို့က ဦးဆောင်ဆွေးနွေးခဲ့ပြီး မြို့နယ်လက်ထောက် ပညာရေးမှူး ဦးသိန်းသန်းဌေးက ညှိနှိုင်းဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည့်အချက်လက်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ ဦးဆောင်ဆွေးနွေးသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဆရာကြီးများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**




## မြန်မာနိုင်ငံ ပညာရေးစီမံခန့်ခွဲမှု ဆန်းစစ်ချက်




နိုင်ငံတကာအတွေ့အကြုံရင့် ပါမောက္ခ ဒေါက်တာအေးချမ်း၊ ဒေါက်တာ ဇေယျ ဦးနှင့် တက်စိုးတို့၏ နိုင်ငံတကာအမြင်များ၊ သုံးသပ်ချက်များပါဝင်သော မြန်မာနိုင်ငံ ပညာရေးစီမံခန့်ခွဲမှုဆန်းစစ်ချက်စာအုပ်ထွက်ရှိပြီ ဖြစ်သည်။

ယခုစာအုပ်တွင် တင်ပြသည့် အကြောင်းအရာများမှာ စီမံခန့်ခွဲမှုဆိုင်ရာ သဘောတရားနှင့် လက်ရှိပြဿနာများကို အသားပေးထားသည်။ ၁၉၅၃ ခုနှစ်မှသည် ယနေ့အထိ ပညာရေးအကောင်အထည်ဖော် ဆောင်ရွက်ချက်များ မအောင်မြင် ဖြစ်ရခြင်းကို စီမံခန့်ခွဲမှု သဘောတရား ရှုထောင့်မှ ပြုစုတင်ပြခြင်း ဖြစ်သည်။

မျက်မှောက်ခေတ် ဖြစ်ပျက်နေသည့် ပညာရေးကဏ္ဍကိုလည်း မှတ်တမ်းအဖြစ်ကျန်ရှိစေရန် မျက်မြင်အခြေအနေများကို ရိုးရှင်းစွာထည့်သွင်းဖော်ပြထားသည်။ လက်ရှိပညာရေးဝန်ထမ်းများ၊ ပညာရေးဌာနမှ အငြိမ်းစားအရာရှိများ၏ အတွေ့အကြုံများ၊ လူမှုကွန်ရက်တွင် ဖော်ပြထားသည့် ကျောင်းဆရာတို့၏ ခံစားချက်တို့ကိုပါ ထည့်သွင်းဖော်ပြထားသည်။ စာအုပ်ကို ဉာဏ်အလင်း စာပေက ထုတ်ဝေထားသည်။

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ဒုတိယဆုရရှိသည့် ဝမ်းထက်မိုး(ဇီနို့-အောင်လံ)၏ "ဖူးငုံပန်းကလေးများ လန်းလန်းရွှင်ရွှင် အပြုံးဝေဝေလွှင်နှင့် အခြားကလေးဝတ္ထုတိုများ"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကလေးများကို မှန်ကန်သော အသိအမြင်၊ အတွေးအခေါ်များပေးထားသည့် ကလေးဝတ္ထုတို ၂၆ပုဒ်ပါရှိသည်။ အဆိုပါ စာအုပ်ကို ရောင်းဈေးကျပ် ၈၀၀ ဖြင့် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် တ-၅၅ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ ၈၆လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉/၅၃၁၊ ကုန်သည်လမ်းရှိစာပေဗိမာန် အရောင်းဌာန ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## ဇူလိုင်လထုတ် သုတပဒေသာစာစောင် ထွက်ပြီ

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာ စာစောင်သည် အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ် ရည်ရွယ်ထုတ်ဝေလျက်ရှိသည်။ အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင် (ဇူလိုင်လ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

ဇူလိုင်လထုတ်တွင် ဆရာဦးဟန်ညွှန့်(ဥပဒေ)၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၊ သန်းစော(စီပီအေ)၊ ဒေါက်တာကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)တို့၏ "မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ ဆက်ဆံရေး"မျက်နှာဖုံးဆောင်းပါးများ၊ အတွေးအခေါ်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံဖြင့် စီစဉ်တင်ဆက်ထားသည်။



သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း- ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

# ဂျပန်အထောက်အပံ့ဖြင့် ဆောက်လုပ်သော ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

**စစ်တွေ ဇူလိုင် ၁၇**

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အထောက်အပံ့ဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် ကျောင်းဆောင်သစ်များ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ မင်းဂံရပ်ကွက် အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ နယ်စပ်ရေးရာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro MARUYAMA၊ JICA မြန်မာရုံး မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Masayuki Karasawa၊ ရခိုင်ပြည်နယ် ပညာရေးမှူး ဦးအောင်သန်းမြင့်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို အထကမင်းဂံမှ ကျောင်းသားကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ်အတွင်း ရေကြီးမြေပြိုမှုများကြောင့် ကျောင်းများပျက်စီးခဲ့သဖြင့် ဂျပန်အစိုးရက လှူဒါန်းသည့် ဂျပန်ယန်း ၅ ဘီလီယံအနက် ဂျပန်ယန်း ၁ ဒသမ ၅ဘီလီယံ (မြန်မာငွေ ၁၅ ဘီလီယံ) အသုံးပြုပြီး စာသင်ကျောင်း ၈၂ ကျောင်းကို ဆောက်လုပ်ပေးခဲ့ရာ ရခိုင်ပြည်နယ်အတွက် ၃၉ ကျောင်း ဆောက်လုပ်ပေးခြင်းဖြစ်သည့်အတွက် ရခိုင်ပြည်နယ်ကို ဦးစားပေးဆောင်ရွက်ခဲ့သည့်အနေအထားကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယခု မင်းဂံကျောင်းဆောင်များအပါအဝင် ရခိုင်ပြည်နယ်အတွင်း ဂျပန်အစိုးရအထောက်အပံ့ဖြင့် ဆောက်လုပ်ခဲ့သည့် ကျောင်းပေါင်း ၃၃ ကျောင်းမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်သည့်အတွက် ကျောင်းသူ ကျောင်းသားများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားခွင့်များ ပိုမိုရရှိလာပြီဖြစ်ပါကြောင်း၊ ကျောင်းဆောင်သစ်များ ရေရှည်တည်တံ့ကောင်းမွန်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro MARUYAMA၊ JICA ဌာနေကိုယ်စားလှယ် Mr. Masayuki Karasawa တို့က အမှာစကားပြောကြားကြပြီး ရခိုင်ပြည်နယ် ပညာရေးမှူး ဦးအောင်သန်းမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ်များနှင့် ပတ်သက်သည့် အထောက်အထားများကို JICA မြန်မာရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Masayuki Karasawa က ရခိုင်ပြည်နယ် ပညာရေးမှူး ဦးအောင်သန်းမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဂျပန်သံအမတ်ကြီးတို့က ကျောင်းဆောင်ကမ္ပည်းမှတ်တမ်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းဆောင်သစ်များအတွင်း ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများအား အားပေးစကား ပြောကြားသည်။ (ဝဲပုံ)

ယနေ့ လွှဲပြောင်းပေးသော ကျောင်းဆောင်သစ်များကို လှိုင်မြင့်မိုရ်ထွန်း ဆောက်လုပ်ရေးကုမ္ပဏီက ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး စက်တင်ဘာလတွင် ပြီးစီးခဲ့သည်။ အဆောက်အအုံမှာ ၁၀၂ ပေ× ပေ ၃၀ RC နှစ်ထပ်ကျောင်းဆောင်နှစ်ဆောင်အပြင် လေးခန်းတွဲ သန့်စင်ခန်းနှင့် ကျောင်းသုံးပရိဘောဂများ၊ သောက်သုံးရေစနစ်များ ပါဝင်ပြီး စုစုပေါင်း ကုန်ကျငွေ ၂၇၈ ဒသမ ၂၃ သန်းဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-ဝင်းမင်းစိုး (ပြန်/ဆက်)**





# ဗဟိုဘဏ်ဥက္ကဋ္ဌ ငွေကြေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်း လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် မှာကြား

**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် ဇူလိုင် ၁၆ ရက်က ရန်ကုန်ဘဏ်ခွဲရှိ ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာနမှ ငွေစက္ကူရေတွက်စစ်ဆေးမှုလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး (**အပေါ်ပုံ**) ငွေကြေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင် သန့်ရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာနမှ အရာထမ်းများနှင့်တွေ့ဆုံ၍ စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**နေပြည်တော် ဇူလိုင် ၁၇**

ကယားပြည်နယ် ဖရူဆိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးမှ ဇူလိုင် ၁၂ ရက်က မြို့နယ်ဦးစီးမှူး (ယာယီ) လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦး၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရုံးဝန်ထမ်းများနှင့် NRC အဖွဲ့တို့ ပူးပေါင်းကာ ဖရူဆိုမြို့နယ် လောဘူးဒါး ရပ်ကွက် အ.လ.က(ခွဲ)ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၈၆ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးကာ ကျောင်းတာဝန်ခံ ဆရာမကြီး ဒေါ်နှင်းဝတ်ရည်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦးတို့က ကျောင်းသား ကျောင်းသူ တစ်ဦးချင်းအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်ခဲ့သည်။



**ကိုမျိုး(ရွှေပေါက်ကံ)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံ

**စစ်တွေ ဇူလိုင် ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင်နှင့် ပြည်နယ်၊ စစ်တွေခရိုင်၊မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (**အောက်ပုံ**)

အဆိုပါ တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင်က ရခိုင်ပြည်နယ်အတွင်း ရသေ့တောင်မြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအနေဖြင့် ရသေ့တောင် ကြားဖြတ်ရွေးကောက်ပွဲတစ်ခုအတွက် မဟုတ်ဘဲ လာမည့် ၂၀၂၀ ရွေးကောက်ပွဲအတွက်လည်း ပြင်ဆင်ထားကြရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များက အခြေခံကျကျ အဓိကအကောင်အထည်ဖော်ပေးရမည်ဖြစ်ကြောင်း၊ တရားမျှတသည့်ရွေးကောက်ပွဲ၊ လွတ်လပ်သည့်ရွေးကောက်ပွဲ၊ အများမြင်သာသည့် ရွေးကောက်ပွဲ၊ ပြည်သူများ၏ ဆန္ဒနှင့် ရလဒ်တစ်ထပ်တည်းဖြစ်အောင် ပွင့်လင်းမြင်သာစွာဖြင့် လုပ်ဆောင်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မိတ်ဆက်စကား ပြောကြားကြပြီး ကော်မရှင်အဖွဲ့ဝင်များက ရုံးလုပ်ငန်းများအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**တင်ထွန်း(ပြန်/ဆက်)**




# ကျွန်းလှမြို့နယ်၌ မိုင်းဝန်းချောင်းကူးတံတားဖွင့်

**ကျွန်းလှ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ဝေလမူကျေးရွာနှင့် သက္ကယ်ကျင်းကျေးရွာကြားရှိ မိုင်းဝန်းချောင်းကူးတံတားဖွင့်ပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၇ နာရီက အဆိုပါတံတားထိပ်၌ ကျင်းပသည်။

ယင်းမိုင်းဝန်းချောင်းကူးတံတားကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးဦးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါတံတားကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထောက်ပံ့မှု၊ ကျေးရွာအုပ်စုလေးအုပ်စုမှ ပြည်သူများ၏ လုပ်အား၊ အလှူရှင်များလှူဒါန်းမှုဖြင့် အရှည် ၄၃၇ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ၁၂ ပေ သံပေါင်၊ သစ်သားခင်းကို ငွေကျပ်သိန်း၈၀၀ခန့် ကုန်ကျခံတည်ဆောက်ခဲ့ကြောင်း၊ သဖန်းဆိပ်ဆည်အနောက်ဘက်ခြမ်း ကျေးရွာပေါင်း ၃၀ ကျော်မှ ဒေသခံပြည်သူများ ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ကျောက်တော်နှင့် မြေပုံမြို့နယ်များရှိ IDP စခန်းများ၌ နေထိုင်သူများအတွက် နေအိမ်သစ်များ ဆောက်လုပ်ပေး

**စစ်တွေ ဇူလိုင် ၁၇**
ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့သည် ယမန်နေ့ နံနက်ပိုင်းက ကျောက်တော်နှင့် မြေပုံမြို့နယ်များရှိ IDP စခန်းများသို့ သွားရောက်ကာ လူနေအိမ်များ ဆောက်လုပ်ထားမှု၊ လမ်းများဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မိသားစုများအတွက် မိသားစုသုံးပစ္စည်းပုံးများ ထောက်ပံ့ပေးအပ်သည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးများသည် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ခေါင်းတုတ်ကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြသည်။ ထို့မှတစ်ဆင့် ကျောက်တော်မြို့နယ် ဝကင်းကျေးရွာအုပ်စု နိဒင်ကျေးရွာသစ်သို့ ရောက်ရှိပြီး နေအိမ်များ ဆောက်လုပ်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသနေသူများအား လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့နှင့် စပ်လျဉ်း၍ အားပေးစကား ပြောကြားသည်။

ယင်းနောက် ကျေးရွာသစ်အတွင်း နေထိုင်လျက်ရှိသော နေအိမ်သစ် ၆၅ လုံးမှ မိသားစုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လှူဒါန်းသော မိသားစုသုံး ပစ္စည်းပုံး ၆၅ ပုံး ကို တာဝန်ရှိသူများက ပေးအပ်သည်။**(အပေါ်ယာပုံ)**




နိဒင်ကျေးရွာသစ်တွင် နေအိမ်သစ် ၆၅ လုံး၊ လူဦးရေ ၅၀၀ ကျော်နေထိုင်လျက်ရှိပြီး ရွာဟောင်းတွင် နေအိမ် ၃၁၇ လုံး၊ လူဦးရေ ၁၉၀၀ ကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။

လက်ရှိ နိဒင်ကျေးရွာသစ်တွင် နိုင်ငံတော်အစိုးရက သွပ်မိုး ထရံကာနေအိမ်များကို ကိုယ်ပိုင်ခြံဝင်းများဖြင့် စနစ်တကျ တည်ဆောက်ပေးထားသည်ကို တွေ့ရသည်။

ယင်းနောက် ဒုတိယဝန်ကြီးများသည် နိဒင်ကျေးရွာအနီး ဆေးရုံဆောက်ရန် မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးများအဖွဲ့သည် မြေပုံမြို့အနီး တောင်ပေါ် IDP စခန်းသို့ ရောက်ရှိပြီး စခန်းအတွင်းနေအိမ်များ ဆောက်လုပ်ထားမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ ဒေသခံများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေးပို့လှူဒါန်းသည့် မိသားစုသုံးပစ္စည်းပုံး ၁၀၀နှင့် ရွက်ဖျင်အမိုးအကာလိပ်များကို နေအိမ် ၁၀၀ မှ မိသားစုများအတွက် တာဝန်ရှိသူများက ပေးအပ်သည်။

"ကျွန်တော်တို့ ဒီရပ်ကွက်ကို မြေပုံမြို့ တောင်ပေါ်စခန်းရပ်ကွက်လို့ ခေါ်ပါတယ်။ ပြီးခဲ့တဲ့ နွေရာသီက နိုင်ငံတော်ကနေ နေအိမ်အလုံး ၁၀၀ ဆောက်လုပ်ပေးထားပါတယ်။ ကျွန်တော်တို့က ၂၀၁၂ ခုနှစ်မတိုင်မီက မြေပုံမြို့ မြို့ပေါ် (၅)ရပ်ကွက်က ဖြစ်ပါတယ်။ လူဦးရေ ၂၉၀၀ ကျော် နေထိုင်ပါတယ်။ ခုလို နေအိမ်တွေ ဆောက်လုပ်ပေးတဲ့အတွက် နိုင်ငံတော်ကိုကျေးဇူးတင်ပါတယ်"ဟု အဆိုပါစခန်းမှ စခန်းစီမံခန့်ခွဲရေးတာဝန်ရှိသူ ဦးတင်မောင်က ပြောသည်။

အဆိုပါ တောင်ပေါ်စခန်းရပ်ကွက်တွင်လက်ရှိ နိုင်ငံတော်အစိုးရက သွပ်မိုးထရံကာ လုံးချင်းနေအိမ်အလုံး ၁၀၀ ဆောက်လုပ်ပေးထားပြီး ထပ်မံ၍လည်း နေအိမ်သစ်များ တိုးချဲ့ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးများသည် မင်းပြားမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - မြင့်မောင်စိုး**

# ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးဆိုင်ရာလျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အထောက်အကူဆိုင်ရာပစ္စည်းများ လွှဲပြောင်းပေးအပ်

**စစ်တွေ ဇူလိုင် ၁၇**
ရခိုင်ပြည်နယ်အတွင်း သဘာဝဘေး လျော့ပါးရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေး ကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ရခိုင်ပြည်နယ်အတွင်း ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးတို့အတွက် ဖြစ်ပေါ်တိုးတက်မှုများကို လာရောက်ကြည့်ရှုခြင်း ဖြစ်ကြောင်း၊ ထို့အပြင် ပြည်နယ်အတွင်းရှိ IDP စခန်းများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ မိမိတို့တွေ့ရှိချက်များနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဆွေးနွေးချက်များကို နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနအသီးသီးနှင့် ပြည်နယ်အစိုးရတို့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် လုပ်ငန်းအခက်အခဲများရှိပါက ဆွေးနွေးပေးနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် ဆက်လက်အားဖြည့်ဆောင်ရွက်ရေး၊ NVC ကတ်လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မောင်တောဒေသအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများတွင် လက်ငင်းဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်နှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီအဖွဲ့ဝင် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့က နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာမှုအခြေအနေနှင့် စိစစ်ဆောင်ရွက်နေမှု အခြေအနေများ၊ IDP စခန်းများအတွက် လိုအပ်ချက်များ၊ လက်ခံရေးစခန်းများနှင့်ကြားစခန်းတို့ကို တာဝန်ယူကြီးကြပ်ထိန်းသိမ်းနေမှု၊ စခန်းများအတွင်း လမ်းများကောင်းမွန်ရေးနှင့် မောင်တောဒေသလမ်းများ ရာသီမရွေးသွားလာနိုင်ရန် အဆင့်မြှင့်တင်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့



ထောက်ပံ့ပေးအပ်သော ရေစုပ်စက် ၃၃ လုံး၊ Life Jacket အထည် ၁၀၀၀၊ မော်တော်ဆိုင်ကယ် ၁၀ စီး၊ Speed Boat နှစ်စင်း၊ Fiber Boat ၂၃ စင်း၊ Toyota Lancruiser သုံးစီးနှင့် Toyota Hilux Double Cab ရှစ်စီးတို့ကို ဒုတိယဝန်ကြီး ဦးစိုးအောင်က လွှဲပြောင်းပေးအပ်ရာ**(အပေါ်ပုံ)** ပြည်နယ်ဝန်ကြီးများက လက်ခံရယူကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

□ *ကျောဖုံးမှ*

**ရေကြောင်းကင်းလှည့်**

ထို့ပြင် နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မြစ်အတွင်း ရေကြောင်းကင်းလှည့်ခြင်းကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် တစ်ကြိမ်၊ ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီတွင် တစ်ကြိမ် ဆောင်ရွက်ခဲ့သည်။

**စုစုပေါင်း ၁၀ ကြိမ် ဆောင်ရွက်**

ကုန်းမြေနယ်နိမိတ်တွင် နှစ်ဖက်ညှိနှိုင်းချက်အရ Coordinated Patrol ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီတွင် ၁၄ ကြိမ်၊ မတ်လတွင် ၇ ကြိမ်၊ မေလတွင် ၁၆ ကြိမ်၊ ဇွန်လတွင် ၁၈ ကြိမ်၊ ဇူလိုင်လတွင် ရှစ်ကြိမ် စုစုပေါင်း ၆၃ ကြိမ်နှင့် ရေကြောင်းကင်းလှည့်ခြင်းကိုလည်း နတ်မြစ်ကြောင်းအတိုင်း စုစုပေါင်း ၁၀ ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့များအကြား (၅)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**ဒါကာ ဇူလိုင် ၁၇**
မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့များအကြား (၅) ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇူလိုင် ၉ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ**(ယာပုံ)** မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်က ရဲဦးစီးအရာရှိချုပ် ယာယီ ရဲမှူးချုပ် မျိုးသန်း ဦးဆောင်သော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် (BGB) ဌာနချုပ်မှ တွဲဖက်ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ် Md Anisur Rahman ဦးဆောင်သော ဝန်ကြီးချုပ်ရုံး



နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှု တားဆီးကာကွယ်ရေး၊ နယ်စပ်ဒေသအနီး ဖြစ်ပွားသော ဖြစ်စဉ်များ၊ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများ၊ နယ်နိမိတ်မျဉ်းတစ်လျှောက် ဟန်ချက်ညီကင်းလှည့်မှုများ ပြုလုပ်ရေး၊ ဒေသအဆင့်၊ တပ်ရင်းအဆင့်၊ ကင်းစခန်းအဆင့် ညှိနှိုင်းအစည်းအဝေးများပြုလုပ်ရေး၊ တပ်ရင်းအဆင့်၊ ကင်းစခန်းအဆင့် သတင်းအချက်အလက် အပြန်အလှန်ဖလှယ်ရေး၊ နယ်စပ်ဆက်ဆံရေးရုံး (BLO) ဖွင့်လှစ်ရေး၊ ဒုစရိုက်သမားများ၊ ဝရမ်းပြေးများကို ဖမ်းဆီးပေးရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ (BGP) နှင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် (BGB) တို့အကြား ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ် အပါအဝင် ယုံကြည်မှုတည်ဆောက်ရေး အစီအစဉ်များပြုလုပ်ရေး စသည့် အကြောင်းအရာများအပါအဝင် နှစ်နိုင်ငံ နယ်နိမိတ်တစ်လျှောက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ဘင်္ဂလားဒေ့ရှ်နယ်စပ်ဆက်ဆံရေးရုံး(BLO)ကို ကော့ဘဇားခရိုင် တက္ကနာ့ဖ်မြို့၌ မကြာမီကာလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ သတင်းအချက်အလက်များကို အပြန်အလှန်ဖလှယ်၍ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ပါ

◆ စုသက်မှူး (မရမ်းကုန်း) ◆

ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုများကို ကမ္ဘာ့နိုင်ငံတိုင်း ကြုံတွေ့ရင်ဆိုင်နေကြရသည်။ တစ်နှစ်ပြီးတစ်နှစ် ဆိုးရွားပြင်းထန်သည့် ရာသီဥတုအပြောင်းအလဲတွေကြားမှာ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုက အလယ်အလတ်နှင့် အဆိုးရွားဆုံးအဆင့်ကြားမှာ ရှိနေသည်ဟု မိုးလေဝသပညာရှင်များက သုံးသပ်ထားသည်။



### ရေကြီးရေလျှံမှုများ ပိုမိုများလာ

ထို့အပြင် မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံးမှာ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဒုတိယမြောက် အားနည်းချက်အရှိဆုံး နိုင်ငံဖြစ်နေသည်ဟုလည်း နိုင်ငံတကာကျွမ်းကျင်သူပညာရှင်များက သတ်မှတ်ထားကြသည်။ ရာသီဥတုပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံမှာ ထင်ထင်ရှားရှားတွေ့ရသည့် ပထမအချက်က စိုက်ပျိုးရေးလုပ်ရသည့် တောင်သူလယ်သမားများ စိုက်ပျိုးချိန်ရွေ့သွားသည့် ပြဿနာကြုံတွေ့ကြခြင်းဖြစ်သည်။ ဒုတိယတစ်ချက်က သောက်သုံးရေရှားပါးမှုပြဿနာဖြစ်ပြီး တတိယတစ်ချက်ကမိုးရွာသည့် ပုံသဏ္ဌာန်ပြောင်းလဲလာသည့်အတွက် ပုံမှန်မုတ်သုံကာလတွင်သာမက ပုံမှန်မုန်တိုင်းတစ်လုံးဖြတ်သန်းသည့် ကာလများတွင်ပင် မျှော်မှန်းတာထက် မိုးကပိုများလာသည်။ ရုတ်တရက် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်မှုပိုမိုများလာသည်။

၂၀၀၈ နောက်ပိုင်း မြန်မာနိုင်ငံမှာ ရေကြီးမှုများ ဆက်တိုက်ဖြစ်လာပြီး နေရာအတော်များများမှာ ထိခိုက်နစ်နာမှုများ ကြုံတွေ့လာရသည်။ မြစ်ဝကျွန်းပေါ်နှင့် မြစ်ဝှမ်းဒေသက ပြည်သူသန်းပေါင်းများစွာ နှစ်စဉ် ရေဘေးဒုက္ခခံစားနေရသည်။ ၂၀၀၈ ခုနှစ် မေလတွင် ဖြစ်ပွားခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူ ၁၃၈၃၇၃ ဦး သေကျေပျောက်ဆုံးပြီး ဆုံးရှုံးမှုတန်ဖိုး ၁၀ ဒသမ ၇ ထရီလီယံခန့်ရှိခဲ့ရာ မြန်မာ့သမိုင်းတွင် လူသေဆုံးမှုအများဆုံးနှင့် ဆုံးရှုံးမှုတန်ဖိုးအများဆုံးသော သဘာဝဘေးအန္တရာယ်တစ်ခုအဖြစ် မှတ်ကျောက်တင်ခဲ့သည်။

၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက မြန်မာနိုင်ငံအနှံ့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လယ်ယာမြေဧက ၁၄ သိန်းကျော်ရေနစ်မြုပ်ခဲ့ပြီး အဆိုပါရေမြုပ်ခဲ့သည့် လယ်မြေများအနက် မိုးစပါးစိုက်ဧက ၇၃၆၁၄၄ ထိခိုက်ပျက်စီးခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

နှစ်စဉ်နှစ်တိုင်း တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၂ ခု ရေဘေးကြုံတွေ့နေရဆဲဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ဇူလိုင်လနှင့် ဩဂုတ်လနှစ်လအတွင်း မကွေးတိုင်းဒေသကြီးမှာ ရေဘေးသင့်ပြည်သူ ၁၅၃၅၃၅ ဦးအထိရှိခဲ့ပြီး တစ်နိုင်ငံလုံးမှာ ရေဘေးသင့် လူဦးရေအများဆုံးဖြစ်ခဲ့သည်။ မြို့နယ် ၇၉ မြို့နယ်မှ ယာယီကယ်ဆယ်ရေးစခန်းများသို့ စုစုပေါင်းအိမ်ထောင်စုပေါင်း ၃၁၈၁၂၀ တို့ ယာယီပြောင်းရွှေ့ခိုလှုံခဲ့ကြရပြီး လူ ခုနစ်ဦးသေဆုံးခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အခုနှစ်မေ ၂၉ ရက်ကလည်း အနီရောင်အဆင့်သတ်မှတ်ထားသည့် အားကောင်းသော မုန်တိုင်းငယ်တစ်ခု ရခိုင်ပြည်နယ်ထဲကို ဝင်ရောက်ခဲ့သည်။ မုန်တိုင်းကရခိုင်ကမ်းရိုးတန်း အမ်းမြို့အနီးမှ ဖြတ်ကျော်ကာ ကုန်းတွင်းပိုင်းကို ဝင်ရောက်သွားသည်။ ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်း၊ အောက်ပိုင်းဒေသများတွင် မိုးများဆက်တိုက်ဆိုသလို ရွာသွန်းခဲ့သည့်အတွက် ရေကြီးရေလျှံမှုများ နေရာအနှံ့အပြား ဖြစ်ပွားခဲ့သည်။

### အဆောက်အအုံများပျက်စီး

ဇွန် ၁၆ ရက်တွင်လည်း မွန်ပြည်နယ်တွင် နှစ်ပေါင်း ၈၀ အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ဘုရားပုထိုးများအပါအဝင် အဆောက်အအုံများပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။ ရေကြီးရေလျှံမှုကြောင့် ရပ်ကွက်များမှာ ရေအမြင့် ငါးပေခွဲ၊ ခြောက်ပေလောက်အထိ ရုတ်တရက် ရေတက်ခဲ့သည်။ ရေဘေးကယ်ဆယ်ရေးစခန်း ၄၂ ခုအထိ ဖွင့်လှစ်ခဲ့ရပြီး လူဦးရေ ၈၂၆၃ ဦး ကယ်ဆယ်ရေးစခန်းမှာ နေခဲ့ရသည်။

ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်း ၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှာ ရေကြီးမှုများဖြစ်ပေါ်ခဲ့သလို မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့၊ ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်နှင့် ချင်းပြည်နယ်တို့မှာ မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။

ဇွန် ၂၂ ရက်တွင်လည်း ကချင်ပြည်နယ် ဖားကန့်မှာ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုခြင်းနှင့် တောင်ကျရေကျဆင်းခြင်းကြောင့် တစ်နေ့တည်းတွင် လူ ၁၀ ဦးအထိ သေဆုံးမှုဖြစ်ပွားခဲ့သည်။ လမ်းတံတားပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။

ဇွန်လအတွင်းဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် မြန်မာနိုင်ငံအတွင်း ရွှေ့ပြောင်းခံရသူ ၄၄၀၀၀ ခန့်ရေဘေးသင့်ခဲ့ရပြီး သေဆုံးသူ ၁၈ ဦးအထိရှိခဲ့သည်ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနမှ သိရသည်။

### မြန်မာနိုင်ငံလည်း ပါဝင်နေ

ကမ္ဘာတစ်ဝန်း ရေလွှမ်းမိုးမှုအများဆုံးခံရသော ၁၅ နိုင်ငံထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်နေသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ မြစ်ကမ်းပါးပြိုခြင်းစသည့် ဘေးအန္တရာယ်များ အားလုံးနီးပါး ကြုံနေရသည်။ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ဖြစ်သည့် ရေဘေးပြဿနာက အနေအထားတစ်မျိုးနှင့် မြန်မာနိုင်ငံကို ဒုက္ခတွင်းထဲ တွန်းပို့လျက်ရှိသည်။

ထိုကဲ့သို့ ရာသီပြောင်းလဲမှုတွေကြောင့် အဓိက အထိနာသူများမှာ ပြည်သူလူထုများပင်ဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်းကြောင့် ပြည်သူလူထုများ၏ ဥစ္စာနေပစ္စည်းများဆုံးရှုံးရခြင်း၊ ကျန်းမာရေးထိခိုက်ရခြင်း၊ လယ်ယာစိုက်ပျိုးမြေများ ဆုံးရှုံးရခြင်းများ ကြုံနေရသည်။ ရေဘေးကြောင့် စိတ်ဒုက္ခမျိုးစုံရောက်ကြရသည်။

ရာသီဥတုပြောင်းလဲလာသည်နှင့်အမျှ ခပ်စိပ်စိပ်ဖြစ်ပွားလာသော သဘာဝဘေးအန္တရာယ်များကို ဖြေလျှော့သက်သာစေဖို့ မြန်မာနိုင်ငံအနေနှင့် မည်ကဲ့သို့ နည်းလမ်းများနှင့် ဖြေရှင်းနိုင်ပါသနည်း။

“ဘယ်လိုမျိုးဖြေရှင်းရင်ကောင်းမလဲဆိုတော့ ကျေးလက်ရယ်၊ မြို့ပြရယ်နှစ်ခုခွဲပြီးတော့ စဉ်းစားမယ်။ ကျေးလက်မှာ လုပ်ရကိုင်ရလွယ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ ကြီးမားတဲ့ အခြေခံအဆောက်အအုံကြီးတွေ မရှိဘူး။ မရှိတဲ့အတွက်ကြောင့် ရေစီးရေလာကောင်းအောင် မြောင်းဖော်တာတို့၊ ရေနုတ်မြောင်းတူးတာတို့ လုပ်ရကိုင်ရတာ လွယ်တယ်။ အဲဒါတွေလုပ်ပေးဖို့လိုတယ်။

“မြို့ပြကျတော့ မြို့ရဲ့ ရေထုတ်တဲ့စနစ်တွေ လုပ်ပေးဖို့လိုပါတယ်။ အဲဒီဟာကို တတ်နိုင်သမျှ အဲဒီဒေသမှာရှိတဲ့၊ အဲဒီမြို့ပေါ်မှာရှိတဲ့ ပြည်သူတွေနဲ့နားလည်မှုရယူပြီးတော့ ရေနုတ်မြောင်းတွေကို မိုးကြီးတဲ့အခါမှာ လျှံမယ့်ရေကို သက်သာအောင် ရေနုတ်မြောင်းတွေကို ပြန်လုပ်ပေးဖို့လိုပါတယ်။ အဲဒါကလည်း Master Plan ပါပဲ။ နောက်တစ်ချက်က လူတွေကိုယ်တိုင်က ရာသီဥတုပြောင်းတဲ့အတွက် မိုးရွာသွန်းမှုပုံသဏ္ဌာန်ပြောင်းတယ်။ အဲဒီလိုပြောင်းတဲ့အတွက်ကြောင့် မိုးကရုတ်တရက် ပြင်းပြင်းထန်ထန် သည်းသည်းထန်ထန် မိုးရေချိန်ရှစ်လက်မ၊ ကိုးလက်မ ရွာလို့ရှိရင် ရေမြောင်းတွေထဲကိုသွားမယ်။ အဲဒါဆိုရေမြောင်းတွေ မပိတ်ဆို့ရအောင် အမှိုက်တွေကို စနစ်တကျစွန့်ရမယ်။ ရေမြောင်းကိုပိတ်ဆို့စေတဲ့ လုပ်ငန်းတွေ မလုပ်ရဘူးဆိုတဲ့ အသိတွေ ပြည်သူတွေမှာရှိဖို့လိုတယ်။ အဲဒီလိုမျိုး ပြည်သူလူထုဘက်ကပါမှ ရေစီးရေလာကောင်းမယ်။ ဒါက မြို့တွေကို လုပ်ရမယ့်ဟာ။ နောက်ဆုံးတစ်ချက်က တကယ်လို့များ နောက်တစ်ကြိမ် မြို့သစ်တွေတည်ဆောက်မယ်ဆို အဲဒီမြို့ရဲ့ မြေမျက်နှာသွင်ပြင် အနေအထားနဲ့ ရာသီဥတုကို စနစ်တကျ သေချာလေ့လာပြီးတော့မှ မြို့ရဲ့ ဒီဇိုင်းကို ဆွဲသင့်ပါတယ်လို့ ကျွန်တော်အကြံပြုချင်ပါတယ်”ဟု မိုးလေဝသပညာရှင် ဦးချစ်ကျော်က ထောက်ပြသုံးသပ်ထားသည်။

> “ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များသည် နေရာဒေသမရွေး၊ အချိန်မရွေး၊ လူတန်းစားမရွေး အရာအားလုံးအပေါ် တစ်ပြေးညီ ကျရောက်နိုင်ပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်နှေးစေမည်ဖြစ်သည့်အတွက် သဘာဝဘေးလျှော့ပါးရေး အစီအမံများကို အထူးအလေးထားဆောင်ရွက်သွားရမည်ဖြစ်”

### ရေဘာကြောင့် ကြီးရတာလဲ

ထို့အပြင် လူမှုကွန်ရက်စာမျက်နှာများတွင် ရေဘာလို့ကြီးရတာလဲဆိုတဲ့ သတင်းများ တက်လာသည်။ လူတွေနှင့် သဘာဝဘေးကြောင့် ရေကြီးကြောင်း ထောက်ပြလာကြသည်။ အဓိကထောက်ပြမှု သုံးခုကို တွေ့ရသည်။ (၁) မြို့ပြနေထိုင်မှုတိုးခြင်း၊ (၂) မှားယွင်းသောစိုက်ပျိုးခြင်း၊ (၃) သစ်တောများပြုန်းတီးခြင်းဟု ပါရှိသည်။ မြို့ပြနေထိုင်မှုတိုးခြင်းတွင် မြေပြင်၏ ရေစုပ်ယူနိုင်စွမ်းလျော့လာပြီး ရေတင်ကျန်မှုများများလာသည့်အတွက် မြေအောက်သို့ ရေထိုးဖောက်စိမ့်ဝင်မှုများ လျော့နည်းတာက အကြောင်းတစ်ခုအဖြစ် ပါလာသည်။ မှားယွင်းသောစိုက်ပျိုးခြင်းတွင် မည်သည့်အပင်မှမရှိဘဲ မြေကတုံးဖြစ်အောင် လုပ်ခြင်း၊ ကျစ်လျစ်သိပ်သည်းသည့် မြေသားကို ကျွဲ၊ နွားများအသုံးပြုပြီးဖြစ်စေ၊ စက်ယန္တရားများအသုံးပြုပြီးဖြစ်စေ အသုံးပြုသည့်အတွက် မြေသား၊ မြေဆီလွှာနှင့် ရေကို မြစ်ချောင်းများအတွင်းသို့ စီးဆင်းစေခြင်းများကြောင့် ရေကြီးခြင်းဖြစ်သည်ဟု သုံးသပ်ထားသည်။ သစ်တောများပြုန်းတီးခြင်းတွင် သဘာဝသစ်ပင်များနှင့် မြေသား၊ မြေဆီလွှာများလျော့နည်းပျက်စီးခြင်းများသည် သစ်တောပြုန်းတီးမှုများကို ဖြစ်စေပြီး ရေကြီးခြင်းဖြစ်ရသည်ဟု ရေးသားလာကြသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်ခြောက်ခုအတွင်း ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သည့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးနစ်မြုပ်မှု၊ မြေပြိုမှု၊ မိုးခေါင်ရေရှားပါးမှု ဒဏ်များကို နှစ်စဉ်ရင်ဆိုင်ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုများစွာရှိခဲ့သည်။ အထူးသဖြင့် သစ်တောသစ်ပင်နှင့် ဂေဟစနစ်များပျက်စီးလာမှုကြောင့် ရေကြီးနစ်မြုပ်မှုဒဏ်ကို နှစ်စဉ်ခံစားနေရသည်ဟု သိရသည်။

ထိုသို့ဆိုလျှင် ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်သက်ပြီး အခုကစကြိုတင်ပြင်ဆင်မှုများကို လုပ်ဖို့လိုပြီ ဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များသည် နေရာဒေသမရွေး၊ အချိန်မရွေး၊ လူတန်းစားမရွေး အရာအားလုံးအပေါ် တစ်ပြေးညီကျရောက်နိုင်ပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်နှေးစေမည်ဖြစ်သည့်အတွက် သဘာဝဘေးလျှော့ပါးရေး အစီအမံများကို အထူးအလေးထားဆောင်ရွက်သွားရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များလျှော့ပါးရေးအစီအမံများအဖြစ် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးဆိုင်ရာ အသိပညာများတိုးပွားစေရန်၊ သဘာဝဘေးအန္တရာယ်လျှော့ပါးရေးဆိုင်ရာစီမံကိန်းများလက်တွေ့အကောင်အထည်ဖော်ရာမှာ အထောက်အကူဖြစ်စေရန် လုပ်ဆောင်ရပေမည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် လူမှုအသိုက်အဝန်းတစ်ရပ် ပေါ်ထွန်းလာမည် ဖြစ်သည်။

ထိုသို့ မလုပ်ဘူးဆိုလျှင် သဘာဝဘေးအန္တရာယ်တွေကိုတိုးတိုးပြီး ခံစားရနိုင်သည့်အတွက် အပျက်အစီးအဆုံးအရှုံး၏ တန်ကြေးကပိုမြင့်လာမှာပဲ ဖြစ်သည်။ ပြည်သူများ၏ စည်းစိမ်၊ ဥစ္စာဆုံးရှုံးမှုသည် နိုင်ငံတော်၏ ဆုံးရှုံးမှုဖြစ်သည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် အသက်၊ အိုးအိမ်၊ စည်းစိမ်များထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေဖို့အတွက် ကြိုတင်ကာကွယ်မှု၊ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပြီး ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ အမြဲသတိရှိစွာနှင့် အသင့်ရှိနေဖို့ လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့်စပ်လျဉ်း၍ ဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက် အမှတ်၊ ၅ / ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်**
**( ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့် စပ်လျဉ်း၍ ဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"**သို့ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှ ဇူလိုင်လ ၁၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | မူဆယ်မြို့တွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု များစွာရှိကြောင်း သတင်းပေးပို့ခြင်း။ | ၉-၇-၂၀၁၈ ရက်နေ့တွင် မူဆယ်မြို့ တောင်ရပ်ကွက်၊ နယ်မြေ(၄)၊ ထွန်းချယ်ရီလမ်း၊ အိမ်အမှတ်(တ/၃၄၈)နေ မအေးဟွမ်(ခ) မမိုးအောင် (၃၃)နှစ်၊ (ဘ)ဦးပေဖူးနှင့် အိုက်ရီ(ခ)လှတင်(၂၈)နှစ်၊ (ဘ)ဦးထွန်းဝင်း တို့အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မူဆယ်) မယ(ပ) ၈၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ပူတာအိုမြို့နယ်၊ လမ်းတောင်ကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲသူ၊ ဖြန့်ဖြူးသူ ၂ မျိုးစလုံး ညနေပိုင်းတွင် အဖြစ်များကြောင်း သတင်းပေးပို့ခြင်း။ | ၅-၇-၂၀၁၈ ရက်နေ့တွင် ပူတာအိုမြို့ လန်းတောင်(၂)ကျေးရွာနေ ဆာမိုရီ(ခ) ဆာမောရီအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပူတာအို) မယ(ပ) ၁၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နှင့် ပိုးဇာကုန်းကျေးရွာတွင် မူးယစ်ဆေးဝါးများ ပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၇-၂၀၁၈ ရက်နေ့တွင် ပိုးစာကုန်းရွာနေ သန်းထွေး (၄၅)နှစ်၊ (ဘ)ဦးလှသိန်းအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မမစ(ဖောင်းပြင်) မယ(ပ) ၃၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၇-၇-၂၀၁၈ ရက်နေ့တွင် ပိုးစာကုန်းရွာနေ အောင်ဌေး(၃၆)နှစ်၊ (ဘ)ဦးမောင်အဲအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်) မယ(ပ) ၄၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ နိုင်ဝင်း (၃၄)နှစ်၊ (ဘ) ဦးရွှေမြားနှင့် သန်းဆောင် (၄၃)နှစ်၊ (ဘ)ဦးအုန်းမောင်တို့ (၂)ဦး အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်) မယ(ပ)၄၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း၊ ၉-၇-၂၀၁၈ ရက်နေ့တွင် တွန်းပင်ကျေးရွာနေ ဖိုးသား(ခ)အောင်စန်းမင်း(၄၈)နှစ်၊ (ဘ)ဦးအောင်ဆန်းတင်နှင့် အောင်မျိုးမင်း(၃၁)နှစ်၊(ဘ)ဦးအောင်ဆန်းတင် တို့(၂)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူဖမ်းဆီးရမိခဲ့သဖြင့်မမစ(မော်လိုက်) မယ(ပ)၁၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ-၁၆(ဂ) ဖြင့်လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မြောက်ဥက္ကလာပမြို့နယ်၊ မုဒိတာလမ်း၊ အမှတ် ၃၀၈ နေ ဦးလှစိုးသည် မူးယစ်ဆေးဝါးများရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၇-၂၀၁၈ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ ရပ်ကွက်(၂)၊ မုဒိတာလမ်းနေ လှစိုး(၅၃)နှစ်၊ (ဘ)ဦးမောင်ဟန်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြောက်ဥက္ကလာပ) မယ(ပ)၃၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၂(ခ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မိုးမခလမ်းထောင့်၊ ၉ ရပ်ကွက်၊ အပိုင်း ၃ ရှိ ရွှေကမ္ဘာသက်န်းဆိုင်အနီးတွင် ဆေးပြားများ ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၇-၂၀၁၈ ရက်နေ့တွင် ဇော်ဇော်လင်း(ခ)ဇော်လင်း(၁၆)နှစ်၊ (ဘ)ဦးကြည်ဝင်း၊ ဇင်ထွန်း(၁၇)နှစ်၊ (ဘ)ဦးလှမျိုး၊ နေလင်းကို(ခ) ကျူးလေး (၁၆)နှစ်၊ (ဘ)ဦးဇင်ကို တို့(၃)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (သောင်းကြီး)မယ(ပ)၃၆/၂၀၁၈၊ မူး/စိတ် ပုဒ်မ-၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ဦးမောင်သိန်းမှာ ငှက်ပျောတောကျေးရွာအနောက်ဘက်ရှိ ၎င်းတို့ပိုင် တောင်ယာတောတွင် မူးယစ်ဆေးဝါးလုပ်ငန်း ဆောင်ရွက်နေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၇-၂၀၁၈ ရက်နေ့တွင် ငှက်ပျောတောကျေးရွာ မြောက်ဘက်ရှိ တောင်ယာတဲတွင် မောင်သိန်း(၅၈)နှစ်၊ (ဘ)ဦးဘရှင်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဗန်းမော်) မယ(ပ) ၁၀၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ပြင်ဦးလွင်မြို့နယ်နှင့် ထိစပ်နေသည့် နောင်ချိုမြို့နယ် ဆင်စားကုန်းရွာတွင် ပြင်ဦးလွင်မြို့မှ မူးယစ်ဆေးဝါးများ လာဝယ်ကြကြောင်း သတင်းပေးပို့ခြင်း။ | ၄-၇-၂၀၁၈ ရက်နေ့တွင် နောင်ချိုမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ ဆင်စားကုန်းကျေးရွာနေ မရွှေစင်(၃၄)နှစ်၊ (ဘ) ဦးစိုင်းထို အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဒိုးပင်) မယ(ပ) ၁၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ကုသလ (၃၉)နှစ်၊ (ဘ) ဦးမောင်ရွှေနှင့် လှမ်းမိုး(၂၅) နှစ်၊ (ဘ) ဦးမောင်မောင်တို့ (၂)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဒိုးပင်) မယ(ပ)၁၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ အောင်မြ(ခ)အာသဇ(၄၃)နှစ်၊ (ဘ) ဦးမောင်ရွှေအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် နမစ(ဒိုးပင်) မယ(ပ) ၁၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွှေညောင်မြို့ မင်္ဂလာရွှေဗဟိုရပ်ကွက်၊ နယ်မြေ(၅)၊ အမှတ် (၅/၆၄)နေ တရုတ်ကြီး (ခ) ဟန်ထူးပိုင်သည် နေအိမ်တွင် ဖုန်းပြင်သည်ဟု အကြောင်းပြကာ လွန်ခဲ့သော (၆)လခန့်မှစ၍ နေ့စဉ် နေ့လည်(၂)နာရီမှ ည(၇)နာရီ ခန့်အထိ လူကြီး/လူငယ် (၁၀)ဦးခန့်နှင့် အတူ ၎င်း၏နေအိမ်တွင် မူးယစ်ဆေးဝါးများ သုံးစွဲလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၇-၂၀၁၈ ရက်နေ့တွင် ဟန်ထူးပိုင်(ခ) တရုတ်ကြီး (၂၅)နှစ်၊ (ဘ)ဦးစောလွင်၊ ကျော်ထက်အောင်(၂၁)နှစ်၊ (ဘ) ဦးအောင်နိုင်နှင့် စိုင်းသူရိန်ကို(ခ)ဖိုးညို (၁၈)နှစ်၊ (ဘ)ဦးအောင်နိုင်တို့ (၃)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ရွှေညောင်) မယ(ပ)၁၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ သင်္ကန်းကျွန်းမြို့နယ်၊ "ဂ" ရပ်ကွက်၊ ဘောဂလမ်း၊ တိုက်(၄၃)၊ (၄)လွှာ ဘယ်ဘက်အခန်း၊ ဟိန္ဒူဘုရားကျောင်းရှေ့တွင် မူးယစ်ဆေးဝါးများအား လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချနေပြီး နေ့စဉ်လာရောက် ဝယ်ယူသူများပြားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၇-၂၀၁၈ ရက်နေ့တွင် သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (ဂ)ရပ်ကွက်၊ ဘောဂလမ်း၊ တိုက်(၄၂)၊ (၄)လွှာနေ လှနိုင်(ခ)ဒင်ကြီး(ခ)ဒင်မဲ(၅၄)နှစ်၊(ဘ)ဦးမောင်မောင်အေး၊ နိုင်ဝင်းထွန်း (ခ)မူတူးနှင့် သက်ဝေထွန်း(ခ) ဖိုးသားတို့(၃)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သုဝဏ္ဏ) မယ(ပ)၃၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၂(ခ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်၊ ဆင်ဖြူဈေး၊ အခန်းအမှတ် (S-9) တွင် ချိုကြီးသည် မူးယစ်ဆေး (၁)ပြားလျှင် ၁၅၀၀ိ/- နှုန်းဖြင့် လက်လီ/လက်ကား ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၇-၂၀၁၈ ရက်နေ့တွင် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်၊ ဆင်ဖြူဈေးဝင်း တိုက်ခန်းအမှတ်(S-9)နေ ချိုကြီး (ခ) နိုင်လင်းလင်းအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မူဆယ်) မယ(ပ) ၈၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ တိုက်ခန်းအမှတ်(၁၀)နေ မတင်တင်ဌေး (ခ)ထိပ်တင်လှိုင် (၄၂) နှစ်၊ (ဘ) ဦးရဲမြင့်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မူဆယ်) မယ(ပ)၈၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ မူဆယ်မြို့ တောင်ရပ်ကွက်၊ နယ်မြေ(၄)၊ အိမ်အမှတ် (တ/၃၃၈) နေ ဒေါ်လှမ်းစိန် (၅၀)နှစ်၊ (ဘ)ဦးကျော်လှနှင့် ခင်ပွန်းဖြစ်သူ ခင်မောင်လွင် (ခ) အိုက်လွင် (၄၃)နှစ်၊ (ဘ)ဦးအုန်းငွေတို့ (၂)ဦးအား မူးယစ်ဆေးဝါးများနှင့် ဖမ်းဆီးရမိသဖြင့် မမစ(မူဆယ်) မယ(ပ)၈၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ငါးသယ်ရွာနေ ဦးတင်ငွေသည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၇-၂၀၁၈ ရက်နေ့တွင် ရေဦးမြို့နယ်၊ ငါးပယ်ရွာနေ တင်ငွေ(၆၈)နှစ်၊(ဘ)ဦးမြင့်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တင်းတိမ်ယံ) မယ(ပ) ၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၃/၁) ရပ်ကွက်တွင် နေ့စဉ် နံနက် ၀၈၀၀ နာရီခန့်မှ ည ၂၂၀၀ နာရီခန့်အထိ မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၇-၂၀၁၈ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၃/၁)ရပ်ကွက်၊ သာယာကုန်းလမ်းအတွင်း နိုင်ကိုထက်(ခ)တောကြက်(၂၆)နှစ်၊ (ဘ)ဦးတင်ထွဋ်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ) မယ(ပ)၃၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ (၇) ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၄၉၈/ခ)၊ အခန်း(၂)တွင် ဖိုးတာ(ခ)နိုင်ဝင်း(၂၂)နှစ်၊ (ဘ)ဦးမြစိန်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ) မယ(ပ)၃၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁/၂၂(ခ)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၃ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မဲတောကျေးရွာနေ ဒေါ်မူငယ်၏ ခင်ပွန်းဖြစ်သူသည် မူးယစ်ဆေးဝါး(ဆေးပြားနှင့် ဘိန်းစာမှုန့်များ)များ အရောင်းအဝယ်ပြုလုပ်နေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၇-၂၀၁၈ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ မဲတောကျေးရွာနေ ဒေါ်မူငယ်၏ နေအိမ်တွင် ခင်ပွန်းဖြစ်သူ ဦးသိန်းဇော်(၃၆)နှစ် (ဘ) ဦးသိန်းလွင်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကံမော်) မယ(ပ) ၂၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | ဟုမ္မလင်းမြို့ ပါဟုတ်ကြီးကျေးရွာနေ ဦးမောင်ဦးသည် မူးယစ်ဆေးဝါး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၇-၂၀၁၈ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ ရွှေတွင်းကျေးရွာအုပ်စု၊ ပါဟုတ်ကြီးကျေးရွာနေ မောင်ဦး (ခ)ဝင်းနိုင်ဦး (၃၆) နှစ်၊ (ဘ) ဦးတင်ထွန်းအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မိုင်းကိုင်) မယ(ပ)၃၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ခန္တီးမြို့ မြို့မရပ်ကွက်နေ မနန်းခမ်းအောင် (၄၈)နှစ်၊ (ဘ) ဦးမောင်မဲအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ခန္တီး) မယ(ပ) ၅၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် ပြည်ထဲရေးဝန်ကြီးဌာနက ၁၄-၇-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်အရ အမှုပေါင်း (၂၂) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား (၂၈) ဦး၊ မ(၆)ဦး၊ ပေါင်း(၃၄)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၉၅.၀၄) ဂရမ်၊ ဘိန်းစိမ်း(၂၆၀၀)ဂရမ်၊ အဝတ်ဘိန်း (၁၀)ဂရမ်၊ ဘိန်းစာမှုန့် (၃၀)ဂရမ်၊ စိတ်ကြွဆေးပြား(၉၃၈၁)တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့် ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန် -**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ဝ၆၇-၃၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ဝ၆၇-၃၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | | antinarcotics@presidentoffice.gov.mm |

**ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးပညာ ဦးစီးဌာန ဦးစီးမှူး ဦးသန်းညွန့်၊ မြန်မာနိုင်ငံတိုင်းရင်း ဆေးဝါး ထုတ်လုပ်ရေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦး (ဂရိတ်ဝေါတိုင်းရင်းဆေး)၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး အကြံပေးပုဂ္ဂိုလ် ဦးဝင်းမြင့်တို့ ဦးဆောင်သော တိုင်းရင်းဆေး ထုတ်လုပ်သူများ ပါဝင်သော အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၁၈ ရက်မှ ၂၁ ရက်ထိ ကျင်းပမည့် အာဆီယံ-တရုတ် နိုင်ငံများ တိုင်းရင်းဆေးပြပွဲသို့ တက်ရောက်ရန် ဇူလိုင် ၁၇ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မထွက်ခွာမီ တွေ့ရစဉ်။** မြန်မာ့အလင်း



# ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ၊ တစ်သက်တာစာပေဆုကို ဆရာကြီးဒေါက်တာသန်းဦး(ပြည်စိုးမင်း)ရရှိ

**ရန်ကုန် ဇူလိုင် ၁၇**

ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၂၀၁၇ခုနှစ်အတွက် ပခုက္ကူစာပေဆုရရှိသူများ၏ အမည်စာရင်းကို ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆုတွင် ဒုတိယဆုကို ဇာနည်ရေးဖွဲ့သည့် "အလှထနောင်းမြရိပ်ဝေကဗျာများ"၊ တတိယဆုကို ဇေယျာဘုန်းမြင့်ရေးဖွဲ့သည့် "မေတ္တာချည်မှ ခိုင်သောကြိုးနှင့် အခြားကဗျာများ"စာမူတို့ကလည်းကောင်း၊ ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို ဝနေတင့်နိုင် ရေးသားသည့် "ပင်လယ်ဝေးရာ၊ ပြေးကာရွာချ၊ ကန္တာရမိုး"စာမူ၊ တတိယဆုကို နွေကံ့ကော်(မြို့လှ)ရေးသားသည့် "ပွင့်သောပန်းတိုင်းကိုလည်း"စာမူတို့က လည်းကောင်း၊ ဝတ္ထုတို ပေါင်းချုပ်ဆုတွင် ပထမဆုကို ယိမ်းနွဲ့လျံ ရေးသားသည့် "ရွှေစင်တစ်ရစ် မြတစ်ရစ်" ဝတ္ထုတိုများ စာမူ၊ ဒုတိယဆုကို ရန်ကုန် ငွေဇော်ရေးသားသည့် "ဆယ့်တစ်မီးဝတ္ထုတိုများ" စာမူ၊ တတိယဆုကို တွင်းကြီးသား တင်ဝင်းဦးရေးသားသည့် ရွှေချိုးဖြူကူတဲ့ တောနှင့်အခြားဝတ္ထုတိုများ" စာမူတို့က လည်းကောင်း၊ ကျမ်းစာပေဆုတွင် ပထမဆုကို မင်းသျှင်အောင်(တွံတေး)ရေးသားသည့် "မြန်မာ့ဂန္ထဝင်အငြိမ့်သဘင်" စာမူ၊ ဒုတိယဆုကို မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)ရေးသားသည့် "တောမှီပျော်မွေ့ရှင်ရသေ့"စာမူ၊ တတိယဆုကို ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)ရေးသားသည့် "နယ်ချဲ့တို့ဖိမ့်ဖိမ့်တုန်ခဲ့ရသည့် ဂဠုန်ဆရာစံနှင့် သာယာဝတီဒေသမှ အထင်ကရပုဂ္ဂိုလ်များ" စာမူ တို့က လည်းကောင်း၊ သုတေသနစာပေဆုတွင် ပထမဆုကို မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)ရေးသားသည့် "ကယားတို့၏ ဘဝလေ့" စာမူ၊ ဒုတိယဆုကို မင်းသူရိန်(ထားဝယ်)ရေးသားသည့် "သာဂရဌာနီပျူတို့ပြည်"စာမူ၊ တတိယဆုကို ကိုကိုငြိမ်း (ကောလင်း)ရေးသားသည့် "ကမ္ဘာ့ရွှေမြန်မာ့ရွှေ"စာမူတို့က လည်းကောင်း အသီးသီးရရှိကြသည်။

၂၀၁၇ ခုနှစ်အတွက် "တစ်သက်တာစာပေဆု"ကို စာရေးဆရာကြီး ဒေါက်တာသန်းဦး(ပြည်စိုးမင်း)က ရရှိသည်။

ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မအိန္ဒြေဖူးငုံ၊ ဒုတိယနှစ်(ဂီတအထူးပြု)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မအိဖြူဇင်၊ ဒုတိယနှစ်(သဘင်အထူးပြု)တို့က ရရှိကြသည်။

၂၀၁၇ ခုနှစ်အတွက် စာကြည့်တိုက်စာအုပ်ကို အမျိုးသားစာပေဆုရှင် ဒေါက်တာမောင်ဖြေ(စာရေးဆရာ-ဝိသဇ္ဇက-ပဲခူး) ရေးသားသည့် "အဘိဓမ္မာဒေသနာနည်းလာ ဓာတ်ပညာအဖွင့်" (The Introductory on The Treatise Describing Method How To Concentract on Abidamma) စာအုပ်၊ အကြီးကိုကို(ကသာ)ရေးသားသည့် "သားနှင့်သမီးဖတ်ဖို့စာ"စာအုပ်နှင့် ကျော်လင်း(ဆောက်လုပ်ရေး)ရေးသားသည့် "သဘာဝဘေးဒဏ် ခံနိုင်ရည်ရှိသော အဆောက်အအုံများ"စာအုပ်တို့က ရရှိကြသည်။

ဆုနှင်းသဘင်အခမ်းအနားကျင်းပမည့် အချိန်၊ နေရာ၊ ရက်တို့ကို ထပ်မံကြေညာသွားမည် ဖြစ်ပါသည်။ ဆုရရှိသူများသည် စာတည်းမှူးချုပ်၊ စာပေဗိမာန်အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ၃၇၆၅၆၉ နှင့် စီမံရေးရာဌာန ဝ၁-၃၈၀၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီ၌ မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် မြစ်ရေကြီးနေပြီး အခြေခံပညာကျောင်း ၁၂ ကျောင်း ယာယီပိတ်ထားခဲ့ရ

**တနင်္သာရီ ဇူလိုင် ၁၇**

တနင်္သာရီမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းနေသဖြင့် ရပ်ကွက်၊ ကျေးရွာများအတွင်း မြစ်ရေကြီးပြီး ရေလွှမ်းနေသောကြောင့် ကျောင်းသူ ကျောင်းသားများ ရေဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် ရပ်ကွက်၊ ကျေးရွာအသီးသီးရှိ အခြေခံပညာကျောင်း ၁၂ ကျောင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းမှစ၍ ရေကြီးနေစဉ်ကာလအတွင်း ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။



အဆိုပါ ပိတ်ထားသောကျောင်းများမှာ ဆင်ခြေဖုန်းကျေးရွာအုပ်စု မူ(လွန်)ဘန်းသဲရွာ၊ အမက-တပ်ဦးရွာ၊ သိန္ဓောကျေးရွာအုပ်စု သူဌေးအရှေ့ရွာ၊ မော်တုန်းကျေးရွာအုပ်စု အလက(ခွဲ) မော်တုန်းအနောက်ကျေးရွာ၊ တမုတ်ချုန်းကျေးရွာအုပ်စု ကျောက်မီးကျောင်းရွာ၊ မြန်မာအင်းတော်ရွာ၊ ပဝကျေးရွာအုပ်စု သက္ကယ်ကျော်ရွာ၊ ပဝကျွန်းရှည်ရွာ၊ ပဝထိန်ရွာ၊ ပဝဝါသရွာ၊ ပဝပိန်းတောရွာတို့ဖြစ်ကြောင်း ပညာရေးဌာနမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- မန်ချက်စတာယူနိုက်တက် နောက်ခံကစားသမား ဒါလေဘလင်းသည် အသင်းဟောင်း အိုင်းယက်စ်အသင်းထံသို့ ပြောင်းရွှေ့မှု အပြီးသတ်သွားခဲ့ပြီဖြစ်ကြောင်း ဇူလိုင် ၁၇ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဘလင်း (၂၈ နှစ်)သည် ကနဦးပြောင်းရွှေ့ကြေး ပေါင် ၁၄ သန်းဖြင့် အိုင်းယက်စ်အသင်းနှင့်အတူ လေးနှစ်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ပြီး ပေါင် ၁၈ ဒသမ ၅ သန်းအထိ မြင့်တက်သွားနိုင်ကြောင်း ဖော်ပြထားသည်။ ၎င်းသည် ၂၀၁၄ ခုနှစ်တွင် အိုင်းယက်စ်အသင်းမှ မန်ယူအသင်းထံသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၃ ဒသမ ၈ သန်းဖြင့် ပြောင်းရွှေ့လာသူ ဖြစ်ကြောင်းလည်း သိရသည်။
- ချယ်လ်ဆီးအသင်းသည် ဂျူဗင်တပ်စ်အသင်းမှ အာဂျင်တီးနား တိုက်စစ်မှူး ဟီဂူအင် (၃၀ နှစ်)အား ပေါင် ၅၃ သန်းဖြင့် ခေါ်ယူနိုင်ရေး ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း ယူကေအခြေစိုက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထို့အပြင် ချယ်လ်ဆီး နည်းပြသစ် ဆာရီက ကမ္ဘာ့ဖလားတွင် ခြေစွမ်းပြသနိုင်ခဲ့ကြသည့် ဘယ်လ်ဂျီယံအသင်းမှ တိုက်စစ်မှူး ဟာဇက်၊ ဂိုးသမား-ကော့တွိုက်စ်၊ ဘရာဇီးကွင်းလယ်ကစားသမား ဝီလီယံနှင့် ပြင်သစ်ကွင်းလယ်ကစားသမား ကန်တီတို့အား အသင်းတွင် ဆက်လက်ရှိနေစေရန် ဖျောင်းဖျသွားမည်ဖြစ်ကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- အသက် ၂၉ နှစ်အရွယ် ဝေးလ်တိုက်စစ်ကစားသမား ဘေးလ်သည် ရီးရဲမက်ဒရစ်နည်းပြသစ် လိုပီတီဂွီ၏ အစီအစဉ်တွင် အဓိကကစားသမားအဖြစ် ရှိနေမည်ဖြစ်သောကြောင့် မန်ယူအသင်းအနေဖြင့် ၎င်းကို ခေါ်ယူရေးနှင့် ပတ်သက်ပြီး အဆုံးသတ်သွားခဲ့ရပြီဖြစ်ကြောင်း မက်ထရိုသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။
- ရုရှားကမ္ဘာ့ဖလားတွင် တောက်ပလာခဲ့သော အင်တာမီလန် တောင်ပံကစားသမား ပါရီဆစ် (၂၉ နှစ်)နှင့် ဖရန့်ဖတ် တောင်ပံကစားသမား အန်တီ ရီဘစ် (၂၄ နှစ်)တို့နှစ်ဦးအား ပေါင် ၉၂ သန်းဖြင့် ခေါ်ယူရန် မန်ယူအသင်းအနေဖြင့် လျာထားကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- ပရီမီယာလိဂ်ချန်ပီယံ မန်ချက်စတာစီးတီးအသင်းက ၎င်းတို့ အဓိကခေါ်ယူရန်ပစ်မှတ်ထားသော ဂျော်ဂျင်ဟိုကို ပြိုင်ဘက်ချယ်လ်ဆီးအသင်းက ခေါ်ယူစာချုပ်လိုက်ပြီးနောက်တွင် နောက်ထပ်ကွင်းလယ်ကစားသမားတစ်ဦး ခေါ်ယူရန်အတွက် အသက် ၂၄ နှစ်အရွယ် ခရိုအေးရှား ကွင်းလယ်ကစားသမား ကိုဗာဆစ်အားခေါ်ယူရန် ပစ်မှတ်ထားနေကာ ရီးရဲမက်ဒရစ်က ၎င်းအတွက် ပေါင်သန်း ၈၀ အလိုရှိနေသော်လည်း မန်စီးတီးအသင်းက ပေးချေရန် ဆန္ဒမရှိကြောင်း ယူကေအခြေစိုက် သတင်းရင်းမြစ်တစ်ခုတွင် ဖော်ပြထားသည်။
- ချယ်လ်ဆီးအသင်းထံသို့ ပေါင် ၂၂ သန်းဖြင့် ပြောင်းရွှေ့ရန် ချိတ်ဆက်ခြင်းခံထားရသော ရုရှားကွင်းလယ်ကစားသမား ဂိုလိုဗင်(၂၂ နှစ်)အား မိုနာကိုအသင်းက ကြားဖြတ်ခေါ်ယူနိုင်ရန်အတွက် စီအက်စ်ကေအေ မော်စကိုအသင်းထံသို့ ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်လိုက်ကြောင်း ရုရှားဘက်ကလာသော သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲကျန်ဖြစ်သည့် မကွေးနှင့် မြဝတီပွဲအား ယနေ့ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၇**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃) မှ ရွှေ့ဆိုင်းထားသည့် မကွေးအသင်းနှင့် မြဝတီအသင်းပွဲကို ဇူလိုင် ၁၈ ရက် **(ယနေ့)**တွင် ကျင်းပမည်ဖြစ်သည်။ ယင်းပွဲကို ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

မေလနောက်ဆုံးပတ်တွင် ကျင်းပသည့် ပွဲစဉ်(၁၃)မှ စုစုပေါင်းလေးပွဲကို မြန်မာ့လက်ရွေးစင်အသင်းနှင့် တရုတ်လက်ရွေးစင်အသင်း ခြေစမ်းပွဲကြောင့် ရွှေ့ဆိုင်းခဲ့ပြီး ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တွင် ပြန်လည်ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။ ယင်းပွဲများအနက် ဇူလိုင် ၂၂ ရက်တွင် ကျင်းပရန် စီစဉ်ထားသည့် မကွေးနှင့် မြဝတီပွဲကို မြဝတီအသင်း၏ တပ်မတော်ချစ်ကြည်ရေး အားကစားပြိုင်ပွဲကြောင့် ရှေ့တိုးကျင်းပခြင်းဖြစ်သည်။ နှစ်သင်းစလုံး ဒုတိယအကျော့တွင် ရလဒ်များ ဆိုးရွားနေပြီး နိုင်ပွဲရရှိရေး ကြိုးပမ်းရမည့်ပွဲဖြစ်သည်။

**ညီမြတ်သော်တာ**

# ဖူဆယ်လိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအောင်အသင်းများ စုံလင်စွာထွက်ပေါ်

**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၈ ရာသီ MFF Myanmar Futsal League ပြိုင်ပွဲ ခြေစစ်ပွဲနောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပရာ ခြေစစ်ပွဲအောင်အသင်းများ စုံလင်စွာထွက်ပေါ်ခဲ့သည်။

ခြေစစ်ပွဲ စတုတ္ထနေ့အပြီးတွင် ခြေစစ်ပွဲအောင်အသင်းတစ်သင်း ထွက်ပေါ်ခဲ့ပြီး လက်ကျန်နှစ်သင်းအတွက် နောက်ဆုံးပွဲအပြီးမှ အဖြေထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးနေ့တွင် GV Athletic အသင်းက RDZ အသင်းကို ငါးဂိုး-လေးဂိုး၊ Comrade အသင်းက ရွှေမြဝတီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ခြေစစ်ပွဲအပြီးတွင် GV Athletic အသင်းက ၁၂ မှတ်၊ AMM အသင်းနှင့် Comrade အသင်းက ငါးမှတ်စီရပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ၂၀၁၈ ရာသီ MFF Myanmar Futsal League ပြိုင်ပွဲကို ဩဂုတ်လတွင် စတင်ကျင်းပမည်ဖြစ်ပြီး အသင်းအရေအတွက် တိုးမြှင့်ကာ ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ MIC အသင်း ဂိုးကွာခြားချက်ဖြင့် အုပ်စုဒုတိယရရှိ

**ရန်ကုန် ဇူလိုင် ၁၇**

၂၀၁၈ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ MIC အသင်းသည် နောက်ဆုံးပွဲတွင် သရေကျသော်လည်း ဂိုးကွာခြားချက်ဖြင့် အုပ်စုဒုတိယရရှိခဲ့သည်။

MIC အသင်းသည် နောက်ဆုံးပွဲအဖြစ် ဩစတြေးလျကလပ် East Coast Heat အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး နှစ်သင်းစလုံး ဆီမီးဖိုင်နယ် တက်ရောက်ပြီးဖြစ်သောကြောင့် အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ခဲ့ရသည်။ MIC အသင်းသည် ဂိုးကွာခြားချက်တွင် နည်းသောကြောင့် အနိုင်ရမှ အုပ်စုပထမနေရာ ရရှိမည်ဖြစ်ရာ အားကုန်ထုတ်ကစားခဲ့သော်လည်း သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ MIC အသင်းသည် နှစ်ကြိမ်တိုင် နောက်မှ လိုက်ကစားခဲ့ရပြီး ချေပဂိုးများကို ပြည့်ဖြိုးမောင်(၃)နှင့် ခင်ဇော်လင်းတို့က သွင်းယူခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် East Coast Heat (ဩစတြေးလျ)က ခုနစ်မှတ်ဖြင့် ပထမ၊ MIC (မြန်မာ)က ခုနစ်မှတ်ဖြင့် ဒုတိယ၊ အုပ်စု(ခ)တွင် ဗန်ကောက် BTS (ထိုင်း) က ခုနစ်မှတ်ဖြင့် ပထမ၊ SKN (အင်ဒိုနီးရှား)က ငါးမှတ်ဖြင့် အုပ်စုဒုတိယရကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲများကို ဇူလိုင် ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး MIC (မြန်မာ) နှင့် ဗန်ကောက် BTS (ထိုင်း)၊ East Coast Heat (ဩစတြေးလျ) နှင့် SKN(အင်ဒိုနီးရှား)တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

## မြန်မာ့ရုပ်မြင်သံကြား

၁၈ -၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော် ဘုရားကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - "လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ"
- ၉း၅၀ - ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (သရုပ်ဆောင်- နှိုင်းယှဉ် မြင့်မိုရ်)
- ၁၀း၃၀ - Catch Asia News
- ၁၁း၀၅ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၁၁း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ဝိုင်းကြီးချုပ်စပွန်ဆာ" (ခန့်စည်သူ၊ ဇေရဲထက်၊ ကျော်ကျော်၊ ခင်လှိုင်၊ စိုးမြတ်သူဇာ၊ ရွှေမှုံရတီ၊ တက္ကသိုလ်ဂွမ်းပုံ) (ဒါရိုက်တာ-သြရသ)
- ၁၁း၄၀ - "ဆယ့်ကိုးဇူလိုင်" (ဦးရာဇာတ်၊ ဦးအုန်းမောင်၊ ရဲဘော်ကိုထွေး)

**ညပိုင်း**

- ၁၆း၃၅ - "အာဇာနည်ခေါင်းဆောင်ကြီးများရှိရာ အာဇာနည်ဗိမာန်ဆီ"
- ၁၇း၀၅ - အနုပညာခန်းရိပ်သာ "ဦးဖိုးသောကြာ" (တစ်သက်တာ သတင်းစာဆရာကြီးနှင့် တွေ့ဆုံခြင်း)
- ၁၇း၃၅ - MRTV Travelogue
- ၁၈း၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "တစ်ကမ္ဘာလုံးနှင့် တစ်ယောက်"
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "ဆယ့်ကိုးဇူလိုင်"
- - "စမ်းချောင်းဆစ်ကွန့်၊ ဆစ်ကွန့်စမ်းချောင်း" (အပိုင်း- ၁)(ကကြီးယပင့် ရေးချဝစ္စပေါက်)(ဇော်ဝင်းနိုင်၊ မေသဥ္ဇာဦး၊ သန်းသန်းစိုး၊ ညီနိုင်၊ မျိုးသန္တာထွန်း၊ ရွှေဖူးသစ်) (ဒါရိုက်တာ-ရှင်ဒေဝီ)
- - သုခုမရင်ခွင်အငြိမ့်သဘင် "မောင်လူချောတို့အဖွဲ့" (မင်းသမီး-ဇင်ယော်မေ၊ လူရွှင်တော်-ကံထူး၊ သာဦး၊ ပြည်ချစ်၊ အရှည်ကြီး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

# မောင်တောမြို့နယ်၌ နယ်စပ်ခြံစည်းရိုး ကျော်တက်ဝင်ရောက်လာသူ နှစ်ဦးကို ဖမ်းဆီးရမိ



**မောင်တော ဇူလိုင် ၁၇**

မောင်တောမြို့နယ် ပေါင်းဇားချောင်းဝကင်းစခန်းအနီးရှိ ဘင်္ဂလားဒေ့ရှ်-မြန်မာနှစ်နိုင်ငံ နယ်စပ်ခြံစည်းရိုး တိုင်အမှတ် ၅၂၀ ၌ ဇူလိုင် ၁၆ ရက် ညနေ ၄ နာရီခန့်တွင် ပေါင်းဇားကျေးရွာ နေထိုင်သူများဖြစ်သည့် ဒီလူး(ခ) ဒိလ်မာမတ် (၅၅ နှစ်) နှင့် မာမွတ်ဖာဒူ(ခ) မာမတ်ဖာရုလ်(၃၅ နှစ်)တို့နှစ်ဦးသည် နတ်မြစ်အား ဖြတ်ကူးပြီး နယ်စပ်ခြံစည်းရိုးကို ကျော်တက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

**စစ်ဆေးလျက်ရှိ**

ထိုသို့ ကျော်တက်ဝင်ရောက်နေသည်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတိပေးဟန့်တားခဲ့ရာ ရပ်တန့်မှုမရှိဘဲ ခြံစည်းရိုးအား ဆက်လက်ကျော်တက်သဖြင့် MA-11 မောင်းပြန်ရိုင်ဖယ် သေနတ်ဖြင့်တစ်ချက် သတိပေးပစ်ခတ်ခဲ့ရာ ဒီလူး(ခ) ဒိလ်မာမတ်၏ ကျောယာဘက်ခြမ်းမှ ဝမ်းဗိုက်ယာဘက်ခြမ်း ကျည်ထိမှန်(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် မောင်တော ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး မာမွတ်ဖာဒူ(ခ) မာမတ်ဖာရုလ်အား ပြင်ဖြူနယ်မြေရဲစခန်း၌ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့၌ အထောက်အထားမဲ့ ခိုးဝင်လာသူတစ်ဦးကို ဖမ်းဆီးရမိ

**မြဝတီ ဇူလိုင် ၁၇**

ကရင်ပြည်နယ် မြဝတီမြို့ ကျောက်လုံးကြီးလမ်းရှိ ပြန်လည်ကြိုဆိုလက်ခံရေးစခန်းအနီး၌ ဇူလိုင် ၁၅ ရက်က ခိုးဝင်လာသူတစ်ဦးကို စစ်ဆေးတွေ့ရှိ၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ မြဝတီမြို့မရဲစခန်းသို့ လာရောက်အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

ဇူလိုင် ၁၅ ရက် ည ၁၀ နာရီခန့် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ကျောက်လုံးကြီးလမ်းရှိ ပြန်လည်ကြိုဆိုလက်ခံရေးစခန်းအနီး၌ တရားမဝင်ဝင်ရောက်လာသူတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ကျော်မင်း ဦးစီးသည့်ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးရာ ကပိုင်ဒူလာ (၂၈ နှစ်) ခါးပိုင်ရွာ သဲချောင်းကျေးရွာအုပ်စု စစ်တွေမြို့နေသူဖြစ်ကြောင်း သိရပြီး တစ်ဖက်နိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ကာ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် အရေးယူပေးရန် တိုင်တန်းခဲ့မှုဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ကပိုင်ဒူလာအား မြဝတီမြို့မရဲစခန်းက ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး လတ်တလောပြဋ္ဌာန်းချက်များ အက်ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# လှိုင်သာယာတွင် ရုတ်တရက်လေပြင်းတိုက်၍ စက်ရုံဂိုဒေါင်နှင့် အိမ်အမိုးများပျက်စီးပြီး အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရ

**ရန်ကုန် ဇူလိုင် ၁၇**

မိုးမပြတ်သော ရန်ကုန်မြို့၌ ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီ မိနစ် ၂၀ က လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃)နှင့် ကျေးရွာအချို့ လေပြင်းတိုက်ခတ်မှုဒဏ်ကြောင့် အမိုးများပျက်စီးခဲ့ပြီး လမ်းသွားနေသူ အမျိုးသမီးတစ်ဦးကို လွင့်ပျံလာသော သွပ်ပြားရှမိ၍ မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ်(မစိုးရိမ်ရ) ကုသလျက်ရှိကြောင်း သိရသည်။

ရုတ်တရက်တိုက်ခတ်သော လေပြင်းကြောင့် စက်မှုဇုန်(၃)ရှိ ကင်းဝန်မင်းကြီးလမ်းနှင့် ရေညက္ကံကျေးရွာအုပ်စုရှိ နဝဒေးလမ်းနှင့် အောင်သီဟလမ်းတို့တွင် ပဲဂိုဒေါင်တစ်လုံး၊ စက်ရုံတစ်ရုံ၊ အဆောင်နှစ်ခုတို့မှာ အမိုးများလန်ခြင်း၊ လွင့်ခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး ညောင်ကျေးရွာအုပ်စု မာလာလမ်းရှိ ကျူးကျော်တဲသုံးလုံး၊ မာလာလမ်းသွယ်မှ နေအိမ်နှစ်လုံး၊ စန္ဒာလမ်းရှိ အဆောင်များ၊ ဦးထွန်းညိုလမ်းရှိ ယာယီဂိုဒေါင်တစ်လုံး၊ အမိုးများလန်၍ လွင့်ထွက်ခဲ့ကာ ဦးထွန်းညိုလမ်းရှိ ဓာတ်တိုင်တစ်တိုင် ကျိုးကျပျက်စီးခဲ့၍ လေပြင်းတိုက်ခတ်မှုကြောင့် နဝဒေးလမ်းတွင် သွားနေသော အမှတ်(၆) ရပ်ကွက် သီရိမြတ်လမ်း၌ နေထိုင်သည့် မစုစုလှိုင်(၂၀ နှစ်)၏ ခြေဖနောင့်တွင် လွင့်ပျံလာသော သွပ်ပြားထိမှန်ခဲ့သဖြင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ်(မစိုးရိမ်ရ) ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ဆောင်ရွက်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ခိုင်ကိုက "အုပ်ချုပ်ရေးပိုင်းက ဓာတ်တိုင်လဲတာတွေ၊ သွပ်ပြားလွင့်တာတွေကို ရှင်းလင်းဆောင်ရွက်ပြီးတော့ ကျန်တဲ့သက်ဆိုင်ရာအဖွဲ့နဲ့ ပူးပေါင်းလုပ်ဆောင်နေပါတယ်။ ဆုံးရှုံးမှုတန်ဖိုးကိုတော့ မသိသေးပါဘူး" ဟု ပြောကြားသည်။

**(၁၆၄)**

# ရုံးတော်သို့ ရှေ့ကောင်းထောက် ကိုသက်ဦးမောင်(ခ) ဝလုံးကို ထပ်မံစစ်ဆေးရန် ဇူလိုင် ၂၃ ရက် ချိန်းဆို

**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ) အရ စွဲချက်အမိန့်ချမှတ်ခဲ့သည့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားခွင် ၆ ခရိုင်ဒုတိယတရားသူကြီး ဦးရဲလွင်က ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်အခြေစိုက်ရိုက်တာသတင်းထောက် ကိုသက်ဦးမောင်(ခ)ဝလုံးကို ရုံးထုတ်စစ်ဆေးမှုလုပ်ခဲ့ကြောင်းနှင့် စစ်ဆေးရာတွင် နှစ်ဖက်ရှေ့နေများကလည်း အပြန်အလှန်စစ်မေးခဲ့ကြောင်း၊ ရုံးချိန်ကုန်ဆုံးသော်လည်း စစ်ဆေးမှုမှာ မပြီးဆုံးသည့်အတွက် ကိုသက်ဦးမောင်(ခ)ဝလုံးကို ထပ်မံစစ်ဆေးရန် ဇူလိုင် ၂၃ ရက်တွင် ပြန်လည်ချိန်းဆိုထားကြောင်း အဆိုပါတရားရုံးမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# တည်းခိုခန်းတွင် နေထိုင်သူတစ်ဦး သွေးအန်၍ သေဆုံး

**မိုးကောင်း ဇူလိုင် ၁၇**

မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်ရှိ မြမြင့်မိုရ်တည်းခိုခန်း အမှတ်(၂၀)၌ တည်းခိုနေထိုင်သူတစ်ဦး သွေးအန်သေဆုံးနေကြောင်း ယနေ့နံနက် ၉ နာရီခွဲခန့်က သိရသည်။

၎င်းတည်းခိုနေထိုင်သူ ထွန်းထွန်းဦး(၄၇ နှစ်)သည် ခုတင်ပေါ်တွင် ဝဲစောင်းအနေအထားဖြင့် ပါးစပ်မှ သွေးအန်သေဆုံးနေပြီးအနီးရှိ မွေ့ရာပေါ်တွင် အရက်မပါ GRANROYAL တံဆိပ်ပါ အရက်ပုလင်းတစ်ပြားနှင့် အရည်မပါ asia တံဆိပ်ပါ ရေသန့်ဘူးခွံတစ်ခုကို မိုးကောင်းမြို့မရဲစခန်းမှ ခေတ္တစခန်းမှူးရဲအုပ် သိန်းမြင့်နှင့်အဖွဲ့များ၊ သက်သေများနှင့်အတူ စစ်ဆေးတွေ့ရှိ၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် မိုးကောင်းဆေးရုံသို့ ရဲဆေးစာပေးပို့ စုံစမ်းစစ်ဆေးရန် ပေးပို့ခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး( ပြန်/ဆက်)**

# ကျောက်မဲ၌ တွဲယာဉ်တစ်စီး ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်

**သီပေါ ဇူလိုင် ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် နားခေါ်ကျေးရွာအုပ်စု ပန်တုတ်ကျေးရွာ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၁၁၁/၁-၂)ကြား၌ ဇူလိုင် ၁၆ ရက် ည ၁၀ နာရီခွဲက ယာဉ်မောင်းမင်းခန့်မောင်းနှင်လာသော ကျောက်မီးသွေးများ တင်ဆောင်လာသည့်တွဲယာဉ်အမှတ် 2E/----- ၏ ယာဉ်အင်ဂျင်ခေါင်းခန်းအတွင်း သွယ်တန်းထားသော ဝိုင်ယာကြိုးများ ဟောင်းနွမ်းဆွေးမြည့်ပြီး ပူးကပ်ရာမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ခဲ့သည်။

အခင်းဖြစ်ပွားရာသို့ ကျောက်မဲခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်မင်းဦး ကြီးကြပ်ကွပ်ကဲသော မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ မီးငြိမ်းသတ် ယာဉ်သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ ည ၁၁ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားကာ ငွေကျပ် ၉၃ သိန်းကျော် ဆုံးရှုံးသွားသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ကျောက်မဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် ကျောက်စိမ်းတုံးများဖမ်းမိ

**နေပြည်တော် ဇူလိုင် ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၇၅ စီး၊ သွင်းကုန် ၉၃၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၄၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂ ဒသမ ၀၆၄ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၇၈၉ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇ ဒသမ ၈၇၃ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၁၅ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ကင်တာယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံး ၁၀၄ တုံး ၂၀၀၇ ကီလိုဂရမ်နှင့် အဆိုပါပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇ ဒသမ ၃၅၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။





**သတင်းစဉ်**

# နေပြည်တော်၌ နှစ်လုံးထီနှင့် သုံးလုံးထီလောင်းကစားလုပ်သူအား ဖမ်းမိ

**နေပြည်တော် ဇူလိုင် ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာ၌ နှစ်လုံးထီ၊ သုံးလုံးထီ ရောင်းချသူကို သက်သေခံပစ္စည်းများနှင့်အတူ ဇူလိုင် ၁၆ ရက် နံနက် ၁၁ နာရီက ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေရဲစခန်းမှ ဒုတိယရဲအုပ် ထိုက်လွင်ကျော်နှင့်အဖွဲ့သည် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လောင်းကစားဖမ်းဆီးမိန့်ဖြင့် ရေဆင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ သတင်းအရ မြင့်မြင့်စီ(၃၉ နှစ်) ရေဆင်းကျေးရွာ နယ်မြေ(၂) နေသူ၏ အိမ်ကို ရှာဖွေရာ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ငွေကျပ် ၃၄၀၂၀၀ တို့ကို တွေ့ရှိ၍ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

## မြေပုံမြို့နယ်၌ မိုးသက်လေပြင်းများ ကျမှုကြောင့် နေအိမ် ၂၉ လုံးပျက်စီး

**မြေပုံ ဇူလိုင် ၁၇** - ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် အတွင်း c/ခူ ချောင်းကျေးရွာ၌ ဇူလိုင် ၁၇ ရက် နံနက် ၁ နာရီတွင် မိုးသက်လေပြင်းကျရောက်မှု ဖြစ်ပွားသည်။ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် သွပ်မိုး၊ ဝါးထရံကာနေအိမ်လေးလုံးနှင့် ဓနိမိုး၊ ဝါးထရံကာနေအိမ် နှစ်လုံးပျက်စီးသွားပြီး သွပ်မိုး၊ ဝါးထရံကာ နေအိမ်ခြောက်လုံးနှင့် ဓနိမိုး၊ ဝါးထရံကာနေအိမ် ၁၇ လုံး အမိုးလန်ပျက်စီးခဲ့သည်။ ပြိုကျပျက်စီးနေအိမ် ခြောက်လုံးတွင် နေထိုင်သည့် မိသားစုဝင်များအား ဆွေမျိုးများနေအိမ်၌ ယာယီ နေရာချထားပြီး အမိုးလန်နေအိမ် ၂၃ အိမ်ကို သက်ဆိုင်ရာကာယကံရှင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ကြီးကြပ်မှုဖြင့် ပြန်လည်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၁၁ ဦး သေဆုံး

**နယူးဒေလီ ဇူလိုင် ၁၇**

လွန်ခဲ့သည့် ၂၄ နာရီအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိန္ဒိယနိုင်ငံ တောင်ပိုင်း ကီရာလာပြည်နယ်၌ ၁၁ ဦး သေဆုံးခဲ့သည်ဟု သက်ဆိုင်ရာတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

လူသေဆုံးမှုများသည် အိန္ဒိယနိုင်ငံ ကီရာလာပြည်နယ် ကိုဇစ်ကိုဒီ၊ မလက်ပူရမ်နှင့် ကိုလမ်ခရိုင်များတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကိုလမ်ခရိုင်တွင် မိုးရွာသွန်းမှုနှင့် ဆက်စပ်နေသော မတော်တဆမှုများကြောင့် လူ သုံးဦး သေဆုံးခဲ့ပြီး၊ ကိုဇစ်ကိုဒီနှင့် မလက်ပူရမ်ခရိုင်များတွင် လူနှစ်ဦးစီ သေဆုံးခဲ့ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးသည်းထန်စွာရွာသွန်းမှုသည် အဆိုပါခရိုင်သုံးခရိုင်အပြင် အခြားခရိုင် ငါးခရိုင်တွင်လည်းဖြစ်ပွားခဲ့ရာ စာသင်ကျောင်းများနှင့် အခြားပညာရေးကျောင်းများကို ဇူလိုင် ၁၇ ရက်တွင် ပိတ်ခဲ့ရသည်။

မိုးရွာသွန်းမှုကြောင့် အဆိုပါခရိုင်များအတွင်းရှိ ရထားလမ်းများနှင့် ကားလမ်းများဆိုးရွားစွာ ထိခိုက်ခဲ့သည်။

လာမည့် ၄၈ နာရီအတွင်း လက်ရှိ ရာသီဉတုမှာ ပိုမိုဆိုးရွားလာနိုင်ပြီး ဇူလိုင် ၁၈ ရက်တွင် မိုးပိုမိုရွာသွန်းလာနိုင်ကြောင်း မိုးလေဝသဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်းပြည်နယ်များတွင် မုတ်သုံကာလအတွင်း ရေကြီးမှုများ မကြာခဏဖြစ်ပွားလေ့ရှိကာ ၂၀၁၈ ခုနှစ် မေလတွင်လည်း အိန္ဒိယနိုင်ငံ ပြည်နယ်ငါးခုတွင်လည်း လေပြင်းများ၊ မိုးသည်းထန်စွာရွာသွန်းမှုများနှင့် မိုးကြိုးမုန်တိုင်းများ ဖြစ်ပွားခဲ့ရာ လူ ၂၅၀ နီးပါး သေဆုံးခဲ့ပြီး အခြားလူ ၄၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**ဆင်ဟွာ**




# နိုင်ငံရေးတွင် ခလောက်ဆန်ရန်ကြိုးပမ်းသည်ဟူသည့် စွပ်စွဲမှုဖြင့် ရုရှားအမျိုးသမီးတစ်ဦးကို အမေရိကန် တရားစွဲ



**ဝါရှင်တန် ဇူလိုင် ၁၇**

အမေရိကန်နိုင်ငံ၏ နိုင်ငံရေးတွင် ဝင်ရောက်ခြေရှုပ်ရန် ကြိုးပမ်းနေသည်ဆိုသည့် စွပ်စွဲချက်ဖြင့် အမေရိကန်နိုင်ငံ တရားရေးဌာနက ရုရှားအမျိုးသမီးတစ်ဦးကို မကြာသေးမီက တရားစွဲလိုက်ကြောင်း သိရသည်။

အသက် ၂၉ နှစ်အရွယ်ရှိ မာရီယာဘူတီနာဆိုသူ အမျိုးသမီးကို ၎င်းနေထိုင်ရာ ဝါရှင်တန်ဒီစီမြို့တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံရေးတရားဌာန၏ ထုတ်ပြန်ချက်တစ်စောင်တွင် ဖော်ပြထားသည်။

ရုံးတော်က ပြောကြားရာတွင် ဘူတီနာ၏ အပြုအမူများမှာ ရုရှားသူလျှိုတစ်ယောက်ကဲ့သို့ ဖြစ်နေပြီး အမေရိကန်နိုင်ငံ၏ နိုင်ငံရေးတွင် ဝင်ရောက်လွှမ်းမိုးရန် လူပုဂ္ဂိုလ်အချို့၊ အဖွဲ့အစည်းအချို့နှင့် ဆက်ဆံရေး တည်ဆောက်နေကြောင်း ပြောကြားခဲ့သည်။

ဘူတီနာသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ရုရှားသမ္မတ ပူတင်တို့၏ ဆွေးနွေးပွဲ ပျက်ပြားအောင် ကြိုးပမ်းနေသူတစ်ဦးဖြစ်ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။

၎င်းသည် အမေရိကန်နိုင်ငံအတွင်းသို့ ကျောင်းသားဗီဇာဖြင့် ဝင်ရောက်လာခြင်းဖြစ်သိရသည်။ ဘူတီနာအား ပထမဆုံးအကြိမ်ကြားနာစစ်ဆေးခြင်းကို ဇူလိုင် ၁၈ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ အကယ်၍ ပြစ်မှုထင်ရှားပါက ၎င်းသည် ပြစ်ဒဏ်ငါးနှစ်ကျခံရမည်ဖြစ်ကြောင်း သိရ သည်။

ယခုကဲ့သို့ ရုရှားနိုင်ငံသားများ ပါဝင်ပတ်သက်သည့် အမှုသည် အမေရိကန်သမ္မတထရန့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ ဖင်လန်နိုင်ငံတွင် တွေ့ဆုံမည်ဟု ကြေညာချက်ထွက်ပေါ်လာပြီးနောက် ဖြစ်ပွားခဲ့သည့် လေးခုမြောက်အမှုဖြစ်ကြောင်း အမေရိကန်နိုင်ငံ တရားရေးဌာနက ပြောခဲ့သည်။

၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲနှင့်ဆက်စပ်ပြီး ကွန်ပျူတာစနစ်ထဲသို့ ထိုးဖောက်ဝင်ရောက်ရန် လုပ်ဆောင်ခဲ့သည့် ရုရှားလူမျိုး ၁၂ ဦးကို တရားစွဲဆိုထားကြောင်း အမေရိကန်နိုင်ငံ တရားရေးဌာနက မကြာသေးမီတွင် ပြောခဲ့သည်။

ယခုအချိန်အထိ အမေရိကန်နိုင်ငံ ရွေးကောက်ပွဲနှင့် နိုင်ငံရေးတွင် ဝင်ရောက်နှောင့်ယှက်ရန်ကြိုးပမ်းမှု စွပ်စွဲချက်ဖြင့် ရုရှားနိုင်ငံသား ၂၇ ဦးကို တရားစွဲဆိုထားသည်။

**ဆင်ဟွာ**

# ပါကစ္စတန်အလယ်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးထက်မနည်း သေဆုံးပြီး ၂၅ ဦး ဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဇူလိုင် ၁၇**

ပါကစ္စတန်နိုင်ငံ အလယ်ပိုင်း မော်လ်တန်ခရိုင်တွင် ယမန်နေ့က စားသောက်ဆိုင်တစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူသုံးဦးထက်မနည်း သေဆုံးခဲ့ပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းသတင်းများတွင် ဖော်ပြသည်။

ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းရင်းကို မသိရသေးသော်လည်း မြို့နယ်ရဲအရာရှိ မူနီယာမာဆွတ်က သေဆုံးသူဦးရေကို အတည်ပြုပေးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ ဗုံးရှင်းလင်းရေးနှင့် အခြားအထောက်အကူပြုအဖွဲ့များ စေလွှတ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပေါက်ကွဲမှုသည် စားသောက်ဆိုင်အတွင်း ဓာတ်ငွေ့အိုးပေါက်ကွဲမှုကြောင့် ဖြစ်ပွားခြင်းဖြစ်နိုင်ကြောင်း၊ ကနဦးသတင်းဖော်ပြချက်များတွင် ဖော်ပြထားသော်လည်း ယခုအခါတွင် ပေါက်ကွဲရသည့် အကြောင်းရင်းကို အသေးစိတ်စုံစမ်းနေကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် စားသောက်ဆိုင်အမိုးပြိုကျခဲ့ရာ အမျိုးသမီးများနှင့် ကလေးများပိတ်မိနေကြောင်း သိရပြီး ဒဏ်ရာရရှိသူများကို နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**




# ဂျပန်နှင့် အီးယူတို့ ကုန်သွယ်ရေးသဘောတူညီမှု လက်မှတ်ရေးထိုးရန် စီစဉ်

**တိုကျို ဇူလိုင် ၁၇**

ဥရောပသမဂ္ဂမှအရာရှိကြီးများသည် ဘုံဈေးကွက် စာချုပ်ချုပ်ဆိုနိုင်ရေး အင်္ဂါနေ့က ဂျပန်နိုင်ငံသို့ ရောက်ရှိလာကြသည်။ ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်နှင့် ကော်မရှင်အကြီးအကဲ ဂျင်ကလော့ဂျွန်ကာတို့သည် ပေကျင်း၌ တွေ့ဆုံဆွေးနွေးပြီးနောက် ဂျပန်နိုင်ငံသို့ရောက်ရှိလာခဲ့ကြသည်။ ၎င်းတို့သည် တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးကို သဘောတူခဲ့ကြပြီး ကုန်သွယ်ရေးစစ်ပွဲ၏ ဆိုးကျိုးများကို သတိပေးခဲ့ကြသည်။

ဥရောပနှင့် တရုတ်တို့သာမက အမေရိကန်နှင့် ရုရှားတို့၏ တာဝန်ပင်ဖြစ်ကြောင်း ကမ္ဘာ့စီးပွားရေးကို မဖျက်ဆီးကြရန်နှင့် တိုးတက်အောင်ပူးပေါင်းဆောင်ရွက်ကြရန် သမိုင်းတွင် ဆိုးရွားမှုများဖြစ်ပေါ်လာစေနိုင်သည့် ကုန်သွယ်ရေးစစ်ပွဲကို အစမပြုကြရန် တနင်္လာနေ့က ပေကျင်း၌ ပြုလုပ်သော အစည်းအဝေး၌ ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်က ပြောသည်။ ပဋိပက္ခများနှင့် ပျက်စီးမှုများကို ကာကွယ်ရန်အချိန်ရှိသေးကြောင်းလည်း ၎င်းကဆက်ပြောသည်။

ဥရောပသမဂ္ဂနှင့် ဂျပန်တို့ ချုပ်ဆိုသည့်စာချုပ်သည် ကြီးမားကျယ်ပြန့်သည့် စီးပွားရေးဇုန်တစ်ခု ဖန်တီးမည်ဖြစ်ပြီး အမေရိကန်သာ ပထမဟူသောမူဝါဒကို ဆန့်ကျင်မည်ဖြစ်သည်။ ဒီဇင်ဘာလကတည်းက သဘောတူခဲ့သော စာချုပ်သည် ဥရောပသမဂ္ဂအတွက် အကြီးကျယ်ဆုံး ဆွေးနွေးညှိနှိုင်းမှုပင်ဖြစ်ကြောင်း ကော်မရှင်၏ပြောရေးဆိုခွင့်ရှိသူ မာဂရက်တီက ပြောသည်။

ဥရောပမဂ္ဂသည် နိုင်ငံပေါင်း ၂၈ နိုင်ငံနှင့် ကမ္ဘာ့အကြီးဆုံးဘုံဈေးကွက်ကို ဖော်ဆောင်နေသည်။ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် လွန်ခဲ့သောသီတင်းပတ်ကတည်းက ဘရပ်ဆဲလ်သို့ သွားရောက်ပြီး သဘောတူလက်မှတ်ရေးထိုးရန် စီစဉ်ခဲ့သော်လည်း တိုင်းပြည်အတွင်း ဆိုးရွားသည့်သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရပြီးနောက် ခရီးစဉ်ဖျက်သိမ်းခဲ့ရသည်။

**အေအက်ဖ်ပီ**

## လစ်ဗျား ရေတပ်က တရားမဝင် ရွှေ့ပြောင်းဒုက္ခသည် ၁၅၈ ဦးကို ကယ်တင်

**ထရီပိုလီ ဇူလိုင် ၁၇**

လစ်ဗျားရေတပ်သည် တရားမဝင် ရွှေ့ပြောင်းဒုက္ခသည် ၁၅၈ ဦးကို နိုင်ငံ၏အနောက်ဘက် ကမ်းရိုးတန်းတွင် တနင်္လာနေ့က ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူ ၁၅၈ ဦးတွင် အမျိုးသမီးနှင့် ကလေးများပါဝင်ကြသည်။ အမျိုးသား ၁၁၅ ဦး၊ အမျိုးသမီး ၃၄ ဦး၊ နှင့်ကလေး ကိုးဦးတို့ လိုက်ပါလာသော ရော်ဘာလှေသည် ထရီပိုလီမြို့ အရှေ့ဘက်မိုင် ၁၂၀ ခန့်အကွာ ရေပြင်တွင် ရောက်ရှိနေခဲ့ရာ လှေပေါ်မှလူများကို လစ်ဗျားရေတပ်က ကယ်တင်ခဲ့ခြင်းဖြစ်ကြောင်း လစ်ဗျားရေတပ်ပြောရေးဆိုခွင့်ရှိသူ ကွစ်စမန်းက ဆင်ဟွာသို့ ပြောသည်။

အဆိုပါ ရွှေ့ပြောင်းဒုက္ခသည်များမှာ အာဖရိကမှ ဖြစ်ကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဥရောပကမ်းခြေများသို့ ရောက်ရှိရန် မြေထဲပင်လယ်ကိုဖြတ်ကျော်လာသော ဒုက္ခသည်များသည် လစ်ဗျားသို့ ဦးစွာရောက်ရှိကြသည်။

**ဆင်ဟွာ**

## အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုအောက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို အီရန်ဖိတ်ခေါ်

**တီဟီရန် ဇူလိုင် ၁၇**

အီရန်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ယုံကြည်စိတ်အချရဆုံးသော ဈေးကွက်ရှိသည့်နိုင်ငံဟု အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာအစ်ဖ်က ပြောကြားခဲ့ကြောင်း နိုင်ငံပိုင် IRAN သတင်းဌာနတွင် ဖော်ပြခဲ့သည်။

လက်ရှိတွင်အမေရိကန်က အီရန်နိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများလုပ်ရန် ဖိအားပေးလျက်ရှိရာ အီရန်ပြည်သူများသည် အခက်အခဲများစွာကို ရင်ဆိုင်ဖြတ်ကျော်ခဲ့ဖူးသောအတွေ့အကြုံရှိကြောင်း၊ ဖိအားများနှင့် ရင်ဆိုင်လာရပါကလည်း ရင်ဆိုင်ရန် တက်တက်ကြွကြွပင်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးကပြောသည်။

အီရန်အပေါ် ဖိအားများပေးခြင်းသည် ဈေးကွက်အတွင်း ဆိုးကျိုးများဖြစ်လာစေနိုင်ကြောင်း၊ သို့သော်လည်း ယင်းပြဿနာများကို ဖြေရှင်းရန် အီရန်ဘက်မှ အဆင်သင့်ရှိနေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### နာရေးကျင်းပနေစဉ် ပစ်ခတ်မှုဖြစ် ၁၇ ဦး ဒဏ်ရာရရှိပြီး ခြောက်ဦး သေဆုံး

**မက္ကဆီကိုစီးတီး ဇူလိုင် ၁၇**

မက္ကဆီကိုနိုင်ငံ ဇက်ကတ်တီကတ်ပြည်နယ်တွင် တနင်္ဂနွေနေ့ညက နာရေးအိမ်တစ်အိမ်သို့ လက်နက်များ ကိုင်ဆောင်လာသော လူတစ်စုဝင်ရောက်ပစ်ခတ်ခဲ့ရာ လူ ၁၇ ဦး ဒဏ်ရာရရှိခဲ့ပြီး ခြောက်ဦး သေဆုံးခဲ့ကြောင်း ဒေသခံအစိုးရက ပြောသည်။

ဒေသစံတော်ချိန် ည ၁၀ နာရီဝန်းကျင်ခန့်တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စနေနေ့ညက အရက်ဘားတွင် ပစ်သတ်ခံရသည့် အသက် ၁၇ နှစ်အရွယ် လူငယ်၏ အသုဘပွဲတွင် လက်နက်ကိုင် လူတစ်စုက ဝင်ရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ လူငါးဦးမှာ အခင်းဖြစ်ပွားရာနေရာတွင်ပင် သေဆုံးခဲ့ကာ ခြောက်ဦးမြောက်မှာဆေးရုံရောက်ပြီး တနင်္လာနေ့ နံနက်ပိုင်းတွင် သေဆုံးခဲ့ခြင်း ဖြစ်သည်ဟု ဇက်ကတ်တီကတ်ပြည်နယ် ပြည်သူ့လုံခြုံရေးအရာရှိက ပြောသည်။

ယခုအခါ ပစ်ခတ်မှုကျူးလွန်ခဲ့သူများကို မြို့အတွင်း ရှာဖွေနေကြဆဲဖြစ်သည်။ ကနဦးစစ်ဆေးမှုများအရ သေဆုံးသူအသက် ၁၇ နှစ်အရွယ် လူငယ်မှာ မူးယစ်ဆေးဝါးရောင်းချမှုကြောင့် တရားစွဲဆိုခံနေရသူဖြစ်ပြီး ယင်းမြို့မှ ထွက်ခွာခွင့် ပိတ်ပင်ခံထားရသူလည်း ဖြစ်သည်။ ဇက်ကတ်တီကတ် တွင် ၂၀၁၆ ခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှု၊ လူသတ်မှုများ တိုးပွားလျက်ရှိကြောင်းလည်း သိရသည်။ **ဆင်ဟွာ**

---

### အင်ဒိုနီးရှားနိုင်ငံ၌ လက်စားချေသည့် အနေဖြင့် မိကျောင်း ၂၉၂ ကောင် သတ်ဖြတ်ခံရ

**ဂျကာတာ ဇူလိုင် ၁၇**

အင်ဒိုနီးရှားနိုင်ငံရှိ ဒေသထွက်နေသော ရွာသားများသည် မိကျောင်းဘေးမဲ့တောမှ မိကျောင်းအရေအတွက် သုံးရာနီးပါးကို လက်စားချေသည့်အနေဖြင့် သတ်ဖြတ်ခဲ့ကြကြောင်း သိရသည်။ သောကြာနေ့ကအသက် ၄၈ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦး အနောက်ပါပူဝါပြည်နယ်တွင် မိကျောင်းကိုက်ခံရပြီး သေဆုံးခဲ့သည်။ အဆိုပါ အမျိုးသား၏ နာရေးကို စနေနေ့ကပြုလုပ်ခဲ့ပြီးနောက် ဒေသထွက်နေသော လူအုပ်ကြီးသည် တင်းပုတ်များ၊ ဓားများ ကိုင်ဆောင်လာပြီး မိကျောင်းဘေးမဲ့တောမှ မိကျောင်းများကို သတ်ဖြတ်ခဲ့ကြသည်ဟု ဒေသခံမီဒီယာများက ပြောသည်။

နှစ်မီတာရှည်လျားသော မိကျောင်းတစ်ကောင်အပါအဝင် မိကျောင်း ၂၉၂ ကောင်ကို သတ်ဖြတ်ခဲ့ကြသည်။ ယင်းတို့ထဲမှာ ရွာသားတစ်ဦးကမူ ၎င်းတို့၏ လုပ်ရပ်မှာ မှန်ကန်ကြောင်း၊ မိကျောင်းဘေးမဲ့တောကို လူသူဝေးသည့် အရပ်တွင်သာ ထားရှိသင့်ကြောင်း သို့မှသာ လူသားများ အန္တရာယ်ကင်းမည်ဖြစ်ကြောင်းပြောခဲ့သည်။

အင်ဒိုနီးရှား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအာဏာပိုင်များကမူ ယင်းလုပ်ရပ်ကိုရှုတ်ချခဲ့ပြီး ယင်းဘေးမဲ့တောမှာ အစိုးရလိုင်စင်ဖြင့် မိကျောင်းများကို ကာကွယ်ရန် ထားရှိသောနေရာဖြစ်ကြောင်း ပြောခဲ့သည်။ **အင်န်အိတ်ချ်ကေ**

---

# ၁၇ နှစ်ကြာ အာဖဂန်စစ်ပွဲ အဆုံးသတ်စေမယ့် လမ်းစ လေလား

**ခြူးစန္ဒီမွေး**



အာဖဂန်နစ္စတန်နိုင်ငံမှာ ပြည်တွင်းစစ်ဖြစ်ပွားနေခဲ့တာ အခုဆိုရင် ၁၇ နှစ်ကျော်လာပါပြီ။ အချိန်သာ ၁၇ နှစ်ကြာလာတယ်။ ဘာမှတိုးတက်ပြောင်းလဲလာတာ မရှိပါဘူး။ အာဖဂန်စစ်ပွဲအတွင်း ကုန်ကျခဲ့ရတဲ့ စစ်အသုံးစရိတ်တွေဟာလည်း မနည်းပါဘူး။ ဒီကာလရှည်ကြာစစ်ပွဲကြီးမှာ အမေရိကန်ကလည်း နောက်ထပ်ပါဖို့ဆိုတာ စဉ်းစားရမယ့်အချိန်ရောက်လာပါပြီ။

**တာလီဘန်နဲ့ တိုက်ရိုက်ညှိနှိုင်းမယ်**

အမေရိကန်ဟာ ၂၀၀၁ ခုနှစ်မှာ တာလီဘန်အစိုးရကို ဖြုတ်ချခဲ့တာလည်း ဖြစ်တယ်။ အာဖဂန်နိုင်ငံရဲ့ အင်အားချည့်နဲ့နေတဲ့ အစိုးရဟာ တာလီဘန်တွေကို တစ်ဦးတည်း ရင်ဆိုင်နိုင်ဖို့ဆိုတာ မလွယ်ကူပါဘူး။ ဒီတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကနေ နိုင်ငံရေးစကားဝိုင်းကိုလာဖို့ ဖိတ်ခေါ်ခဲ့ပေမယ့် တာလီဘန်တွေကတော့ လျစ်လျူရှုခဲ့ပါတယ်။

အစိုးရရဲ့ ကမ်းလှမ်းချက်ကို လက်မခံပါဘူး။ တာလီဘန်တွေရဲ့ တောင်းဆိုချက်ကတော့ အမေရိကန်အစိုးရနဲ့ တိုက်ရိုက်ညှိနှိုင်းမှုတွေ ပြုလုပ်မယ်ဆိုတာပါပဲ။ ဒီတောင်းဆိုချက်ကို အမေရိကန်တွေကလည်း မီးစိမ်းပြလိုက်ပါပြီ။ သမ္မတထရန့်ရဲ့ အစိုးရအဖွဲ့ဟာ သူ့ရဲ့အဆင့်မြင့်သံတမန်တွေကို တာလီဘန်တွေနဲ့ တိုက်ရိုက် ညှိနှိုင်းဖို့ နည်းလမ်းတွေရှာတော့ဆိုပြီး ခွင့်ပြုလိုက်ပါပြီ။ ဒါဟာ သိသာထင်ရှားတဲ့ ပြောင်းလဲမှုတစ်ခုပါ။ ၁၇ နှစ်ကြာစစ်ပွဲကို အဆုံးသတ်နိုင်တော့မယ့် မျှော်လင့်ချက်အလင်းရောင်ခြည်လည်း ဖြစ်လာနိုင်ပါတယ်။

**ကာလရှည်ကြာ စစ်ပွဲကို အဆုံးသတ်နိုင်မှာလား**

တာလီဘန်တွေဟာ အမေရိကန်နဲ့သာ ငြိမ်းချမ်းရေးဆွေးနွေးလိုတယ်လို့ တောင်းဆိုခဲ့တာ ဟိုအရင်ကတည်းကပါ။ ဒါပေမယ့်လည်း အမေရိကန်ဘက်ကတော့ ဒီငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ အာဖဂန်အစိုးရလည်း ပါဝင်ရမယ်လို့ တစိုက်မတ်မတ် ပြောဆိုခဲ့ပါတယ်။ လတ်တလောမှုဝါဒ အပြောင်းအလဲဟာ ပုံမှန်ဆွေးနွေးပွဲတစ်ခုဖြစ်လာနိုင်ပြီး အဲဒီဆွေးနွေးပွဲကနေတစ်ဆင့် နှစ်၊ လ ရှည်ကြာစစ်ပွဲတစ်ခုကို အဆုံးသတ်နိုင်လိမ့်မယ်လို့ မျှော်မှန်းထားကြပါတယ်။

တာလီဘန်တွေရဲ့ တောင်းဆိုမှုကို ဘာကြောင့် လိုက်လျောပေးဖို့ အမေရိကန်က လက်ခံခဲ့တာပါလဲ။ ဒေါ်နယ်ထရန့် သမ္မတဖြစ်လာတဲ့အခါ အမေရိကန်တပ်ဖွဲ့ဝင်တွေကို အာဖဂန်နစ္စတန်ကို ဆက်လက်စေလွှတ်ဖို့ သင့်မသင့် အတော်လေးစဉ်းစားခဲ့ရပါတယ်။ အာဖဂန်အစိုးရဟာလည်း မဟာမိတ်တွေရဲ့အကူအညီသာမရရင် တာလီဘန်တွေကို ဆက်လက် မရင်ဆိုင်နိုင်ပါဘူး။

ဒါ့ကြောင့်တပ်ဖွဲ့ဝင်တွေ ထပ်ပြီးစေလွှတ်ခဲ့ရတဲ့အတွက် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၁၅၀၀၀ ခန့် အာဖဂန်မှာ ရှိနေပါတယ်။ ဒါပေမယ့်လည်း တာလီဘန်တွေဟာ အာဖဂန်နိုင်ငံရဲ့ မြို့နယ်တွေ၊ ခရိုင်တွေကို ခြိမ်းခြောက်လျက်ရှိပြီး တိုင်းပြည်ရဲ့လုံခြုံရေးတပ်ဖွဲ့ကိုလည်း ပျက်စီးဆုံးရှုံးမှု များစေခဲ့ပါတယ်။

အာဖဂန်နိုင်ငံရဲ့မြို့နယ်ပေါင်း ၄၀၇ မြို့မှာ အစိုးရက ၂၂၉ မြို့ကိုသာ ထိန်းချုပ်ထားနိုင်ပြီး တာလီဘန်တွေ လက်ထဲမှာတော့ ၅၉ မြို့ရှိပါတယ်။ ကျန်ရှိနေတဲ့ ၁၁၉ မြို့ကိုတော့ ဟိုဘက်ဒီဘက် လုနေရဆဲပါပဲ။ ဒါတွေဟာ အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ဆောက်ရေး အထူးစုံစမ်းစစ်ဆေးရေးရုံးက အချက်အလက်တွေအရ သိရတာလည်းဖြစ်တယ်။

**ဆွေးနွေးပွဲအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းနေ**

အမေရိကန်ကတော့ အာဖဂန်စစ်ပွဲကို အမြန်ပဲအဆုံးသတ်ချင်နေပါပြီ။ ဒါကြောင့်လည်း ချဉ်းကပ်မှုပုံစံအသစ်တွေ ကြိုးစားလာတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း လွန်ခဲ့တဲ့လကစလို့ တာလီဘန်တွေနဲ့ အပစ်အခတ်ရပ်စဲရေး လုပ်နိုင်ခဲ့သလို၊ ပါကစ္စတန်နိုင်ငံကိုလည်း တာလီဘန်ခေါင်းဆောင်တွေ ပုန်းအောင်းနိုင်ခွင့်မပေးဖို့ ဖိအားပေး ပြောဆိုမှုတွေ ပြုလုပ်ထားပါတယ်။

လွန်ခဲ့တဲ့ သီတင်းပတ်အတွင်းမှာ အမေရိကန် အရာရှိတွေဟာ အာဖဂန်နစ္စတန်နဲ့ ပါကစ္စတန်နိုင်ငံတို့ကို သွားရောက်ပြီး တာလီဘန်တို့နဲ့ ဆွေးနွေးမှုပြုလုပ်နိုင်ရေး ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင်ကြပါတယ်။ လွန်ခဲ့တဲ့တစ်ပတ်ကပဲ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုဟာ အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်ကို သွားရောက်ခဲ့ပါတယ်။ နောက်ပြီး အဆင့်မြင့်သံတမန်တစ်ဦးဖြစ်တဲ့ အဲလစ်ဂျီဝဲလ်ဟာလည်း အာဖဂန်နစ္စတန်နဲ့ ပါကစ္စတန်တို့မှာ ဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့ပါတယ်။

ဒါတွေကိုကြည့်ရင် အမေရိကန်ဘက်က အာဖဂန်စစ်ပွဲကို မြန်မြန်ပဲအဆုံးသတ်ချင်နေပြီလို့ ယူဆလို့ရပါတယ်။ သမ္မတအိုဘားမား လက်ထက်တုန်းကလည်း တာလီဘန်တွေနဲ့ တိုက်ရိုက်ဆွေးနွေးမှုပြုလုပ်ဖို့ လက်မခံခဲ့ပါဘူး။ ဒါကြောင့်လည်းငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုဟာ မအောင်မြင်ခဲ့ပါဘူး။

**အဆင့်လိုက်လုပ်ဆောင်ရမှာဖြစ်**

တာလီဘန်တွေနဲ့ တိုက်ရိုက်ဆွေးနွေးပွဲပြုလုပ်မယ်ဆိုတဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီး အမေရိကန်ဘက်ကရော တာလီဘန်တွေဘက်ကပါ ဘာမှတ်ချက်မှ ပြောဆိုတာမျိုး မရှိသေးပါဘူး။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရဲ့ လုပ်ဆောင်ချက်တွေဟာ အင်မတန်မှ ရှင်းလင်းပါတယ်။ ဆွေးနွေးပွဲပြုလုပ်နိုင်ဖို့ ထောက်ခံအားပေးမှုတွေ ပြုလုပ်နေတယ်။

ဘယ်အရာကမှ တာလီဘန်တွေနဲ့ ပြုလုပ်မယ့်ဆွေးနွေးပွဲကို အဟန့်အတားဖြစ်စေမှာမဟုတ်ပါဘူးလို့ အဲလစ်ဂျီဝဲလ်က ပြောပါတယ်။ တာလီဘန်နဲ့ အာဖဂန်အစိုးရတို့ တစ်စားပွဲတည်း အတူထိုင်နိုင်ဖို့အတွက် လုပ်နိုင်တာမှန်သမျှကို လုပ်နေတာပါလို့လည်း သူကဆက်ပြောပါတယ်။ ဆွေးနွေးပွဲစတင်တဲ့အခါ နှစ်ဖက်စလုံးက လက်ခံနိုင်တဲ့အဖြေဆိုတာသုံးသပ်ဖို့ အချိန်စောလွန်းနေပါသေးတယ်လို့လည်း သူကဆက်ပြောပါတယ်။

လွန်ခဲ့တဲ့လက ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာတော့ အာဖဂန်သမ္မတ အက်ရှက်ဖ်ဂန်နီက ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ အလွန်ရှုပ်ထွေးပြီး အဆင့်လိုက်လုပ်ဆောင်ရမှာဖြစ်ကြောင်း၊ အခုအခါ ပြင်ဆင်တဲ့အဆင့်မှာသာ ရှိသေးကြောင်း ပြောခဲ့ပါတယ်။ အာဖဂန်အရာရှိတွေနဲ့ နိုင်ငံရေး ခေါင်းဆောင်တွေကတော့ တာလီဘန်နဲ့ အမေရိကန်တို့ရဲ့တိုက်ရိုက်ဆွေးနွေးပွဲကနေတစ်ဆင့် ညှိနှိုင်းလို့ရပြီး တာလီဘန်၊ အာဖဂန် အစိုးရ၊ အမေရိကန်နဲ့ ပါကစ္စတန်တို့ ပါဝင်တဲ့ ဆွေးနွေးပွဲဖြစ်လာနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။

**အာဖဂန်စစ်ပွဲ ငြီးငွေ့နေကြပြီလား**

အာဖဂန်အရာရှိတွေရော အမေရိကန်ကပါ အလိုရှိနေတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ အမေရိကန်ပြည်ထောင်စုဟာ တကယ့်ကိုအရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်လာမှာပဲ ဖြစ်တယ်။ လွန်ခဲ့တဲ့ သီတင်းပတ်က ပြုလုပ်ခဲ့တဲ့ နေတိုးထိပ်သီးအစည်းအဝေးပွဲမှာလည်း လူတွေဟာ အာဖဂန်စစ်ပွဲကို ငြီးငွေ့နေ ပြီးလားဆိုတဲ့ မေးခွန်းကို ထရန့်က ဟုတ်တယ်လို့ ဖြေခဲ့ပါတယ်။ ဒီစစ်ပွဲဟာ အလွန်ကိုကြာနေပါပြီ။

တိုးတက်မှုတွေရှိလာပေမယ့် ကာလရှည်ကြာလှတဲ့ စစ်ပွဲတစ်ခုပါလို့ ဖြေခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် အိုဘားမားအစိုးရလက်ထက် အာဖဂန်နိုင်ငံဆိုင်ရာ မူဝါဒတွေကို စတင်ပြောင်းလဲပြီး စစ်ပွဲကို အဆုံးသတ်နိုင်ရေး စီစဉ်တုန်းကဆိုရင် အမေရိကန်တပ်ဖွဲ့က ခေါင်းဆောင်ပိုင်းတွေဟာ တာလီဘန်တို့ကို သူတို့နှိမ်နင်းနိုင်လိမ့်မယ်လို့ပဲ ယုံကြည်ခဲ့ကြပါတယ်။ ဒါပေမယ့်နောက်ပိုင်းမှာတော့ ငြိမ်းချမ်းရေးဆွေးနွေးခြင်းကသာ အဖြေလို့ယူဆကြပုံပါပဲ။

**တာလီဘန်တို့ အယူအဆ**

၂၀၁၅ ခုနှစ်တုန်းကလည်း အာဖဂန်အစိုးရနဲ့ တာလီဘန်တို့ ဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြပါသေးတယ်။ ပါကစ္စတန်နိုင်ငံဘက်မှာ ပြုလုပ်ခဲ့တာဖြစ်ပြီး ငြိမ်းချမ်းရေးအတွက် အကောင်းဆုံးအခြေအနေတစ်ခုလို့ မျှော်လင့်ခဲ့ကြပါသေးတယ်။ ဒါပေမယ့်လည်း နောက်ပိုင်းမှာတော့ အစီအစဉ်တွေဟာ မအောင်မြင်နဲ့ နိဂုံးချုပ်ခဲ့ရပါတယ်။

အခုတစ်ခါ အမေရိကန်နဲ့ တာလီဘန်တို့ရဲ့ ဆွေးနွေးပွဲဟာ လွယ်ကူတဲ့ ဖြစ်စဉ်တစ်ခုတော့ ဖြစ်လာမှာမဟုတ်ဘူးလို့ လေ့လာသုံးသပ်သူတွေက ထောက်ပြကြပါတယ်။ တာလီဘန်ခေါင်းဆောင်အများစုဟာ အာဖဂန်စစ်ပွဲမှာ သူတို့သာလျှင် အနိုင်ရနေတယ်လို့ ယူဆနေကြပါတယ်။

ဒါကြောင့်လည်း နဂိုကမှ ခေါင်းမာလှတဲ့ တာလီဘန်တွေဟာ ဆွေးနွေးပွဲမှာအထက်စီးက ဆက်ဆံနိုင်ပါတယ်။ ဘာပဲပြောပြော အာဖဂန်စစ်ပွဲကို အဆုံးသတ်စေမယ့် ဆွေးနွေးပွဲ ရလဒ်ဖြစ်လာခဲ့ရင်တော့ အကောင်းဆုံးဖြစ်ပေမယ့် ဆွေးနွေးပွဲမအောင်မြင်ဘဲ တိုက်ပွဲကာလဆက်လက်ရှည်ကြာခဲ့မယ်ဆိုရင်တော့ နှစ်ဖက်စလုံးအတွက် မကောင်းလှပါဘူး။

အခုအချိန်ခါမှာတော့ ၁၇ နှစ်ကြာ စစ်ပွဲအဆုံးသတ်နိုင်တော့မယ့် မျှော်လင့်ချက် အလင်းရောင်လေး ပေါ်ထွက်လာတာကတော့ အမှန်ပါပဲ။ ။


**ကိုးကား-နယူးယောက်တိုင်းမ်စ်**

> **“အမေရိကန်ကတော့ အာဖဂန်စစ်ပွဲကို အမြန်ပဲအဆုံးသတ်ချင်နေပါပြီ။ ဒါကြောင့်လည်း ချဉ်းကပ်မှုပုံစံအသစ်တွေ၊ ကြိုးစားလာတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း လွန်ခဲ့တဲ့လကစလို့ တာလီဘန်တွေနဲ့ အပစ်အခတ်ရပ်စဲရေး လုပ်နိုင်ခဲ့သလို၊ ပါကစ္စတန်နိုင်ငံကိုလည်း တာလီဘန်ခေါင်းဆောင်တွေ ပုန်းအောင်းနိုင်ခွင့်မပေးဖို့ ဖိအားပေးပြောဆိုမှုတွေ ပြုလုပ်ထား”**

# မုတ်သုံပြောင်းလဲခြင်း၊ မြစ်ချောင်းများ တိမ်ကောလာခြင်းနှင့် ရေကြီးရေလျှံမှုပြဿနာ

■ ကျော်လင်း(ဆောက်လုပ်ရေး) ■

**မိုးရာသီရောက်သည်နှင့် ရေကြီးရေလျှံမှုပြဿနာကို မြန်မာနိုင်ငံတွင် နှစ်စဉ် ကြုံတွေ့နေရပါသည်။ ၂၀ ရာစု ကာလများက ရေကြီးရေလျှံမှုပြဿနာသည် ပုံမှန်အားဖြင့် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်သာ နှစ်စဉ်ဖြစ်လေ့ရှိပြီး ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရံဖန်ရံခါသာ ကြုံတွေ့ရသည်။ သို့သော် ၂၁ ရာစုတွင် မိုးရာသီ၌ ရေကြီးရေလျှံမှုပြဿနာသည် မြန်မာနိုင်ငံတစ်ဝန်းလုံး ကြုံတွေ့ရသည့် ပြဿနာဖြစ်လာပါသည်။ ယခင် ၂၀ ရာစုကာလများတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများသာ ရေကြီးရေလျှံတတ်သော်လည်း ယနေ့ခေတ်အချိန်ကာလတွင် ရေကြီးရေလျှံတတ်သော ဧရိယာများကို မြန်မာတစ်နိုင်ငံလုံးအနေဖြင့် မြို့ရွာများ ရေကျော်နစ်မြုပ်မှုဖြစ်ပွားခဲ့သည်ကို အောက်ပါပုံတွင် ဖော်ပြထားပါသည် -**




**လွန်ခဲ့သောနှစ် ၂၀ ကျော် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်သော်လည်း ယခုအခါ မြန်မာတစ်နိုင်ငံလုံးတွင် ဖြစ်ပွားနေသည်ကို တွေ့မြင်ရပုံ**

## ရေကျော်များ (Cause Way)

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၅၅၀ စင်းရှိ၍ ပေ ၁၈၀ အောက် တံတားငယ် ၃၆၄၅ စင်း ရှိပါသည်။ ပေ ၂၀ အောက် Culvert ပေါင်း ၄၀၀၀၀ ကျော် စင်းရှိပါသည်။ AASHTO ၏ စံသတ်မှတ်ချက်များအရ ပုံမှန် ၁၂ လရာသီလုံး ရေမစီးဘဲ မိုးတွင်းကာလတွင် ရံဖန်ရံခါ ရေစီးနေတတ်သည့် ချောင်းများအား တံတားမဆောက်နိုင်သည့်ကာလတွင် ရေကျော် (Cause Way) များ ဆောင်ရွက်ပေးထားရပါသည်။ မြန်မာနိုင်ငံတွင် တံတားမဆောက်နိုင်သေးမီ ရေကျော် (Cause Way) ပြုလုပ်ပေးထားသော ချောင်းငယ် ၆၉၅ စင်း ရှိပါသည်။ အဆိုပါ ရေကျော်အများစုမှာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တည်ရှိပြီး မိုးရွာသောအချိန်တွင် ရေစီးကြောင်းရှိ၍ မော်တော်ယာဉ်များ ရေကျော်မှ ဖြတ်သန်းမောင်းနှင်နိုင်အောင် စီစဉ်ထားပါသည်။ မိုးများပြီး ရေစီးများသောအခါ ဖြတ်သန်း၍မရပါက တစ်နာရီ နှစ်နာရီခန့်စောင့်၍ ရေကျလျှင် ဖြတ်သန်းမောင်းနှင်နိုင်ကြပါသည်။



**ရေကျော်မှ ကားဖြတ်မောင်းပုံ**

သို့သော်လည်း ၂၁ ရာစုနှစ်များ ရောက်လာသောအခါတွင် အဆိုပါ ရေကျော်တို့သည် ယခင်ကဲ့သို့ ရေလာလျှင် တစ်နာရီ၊ နှစ်နာရီခန့် စောင့်နေသည့် အခြေအနေမျိုး မဟုတ်တော့ဘဲ အချို့ရေကျော်တို့သည် ငါးနာရီ ခြောက်နာရီမှ အချို့ရေကျော်များ တစ်နေကုန် စောင့်ရသည့်အခြေအနေသို့ တွေ့ရှိရပါသည်။

## လမ်းများပေါ်ရေကျော်ခြင်း

၂၀ ရာစုနှစ်များက လမ်းပေါ်တွင် ရေကျော်ခြင်းသည် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်သာ နှစ်စဉ်တွေ့ရှိရ၍ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖြစ်ပျက်မှုနည်းပါသည်။ ပဲခူး ကင်မလင်းကျွန်းအနီး ရေကျော်ခြင်း၊ ဧရာဝတီတိုင်း ဒါးကမြို့အနီး ရေကျော်ခြင်း၊ ဂုံမင်းရွာအနီး ရေကျော်ခြင်းများသည် နှစ်စဉ်ဖြစ်ပေါ်၍ အဆိုပါနေရာများကို အမြင့် သုံးပေမှ ခြောက်ပေအထိ မြေသားတာပေါင်တင်ပြီး လမ်းသားမြှင့်တင်ခဲ့ရာ ထိုစဉ်ကာလများအတွက် ရေလွတ်အောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုနှစ်များတွင် အဆိုပါနေရာများသည် ထပ်မံ၍ ရေကျော်သောနေရာများ ဖြစ်နေခဲ့ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော် ခန့်က မိုးတွင်းကာလတွင် လမ်းပေါ်ရေကျော်သော ထူးခြားဖြစ်စဉ်မှာ မိုးအများဆုံးကာလတွင် ၁၀ နေရာ၊ ရေကျော်သော မိုင် စုစုပေါင်း နှစ်မိုင်ခန့်သာ အများဆုံးရှိခဲ့ရာမှ ပြီးခဲ့သော ၂၀၁၈ ဇွန်လအတွင်း ထူးခြားဖြစ်စဉ် ဖြစ်ပေါ်မှု၊ လမ်းပေါ် ရေကျော်မှုအခြေအနေများကို အောက်ပါဇယားတွင် တွေ့ရပါသည် -

**၂၀၁၈ ခုနှစ်၊ ဇွန်အတွင်း လမ်းများပေါ် ရေကျော်မှု**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရေကျော်သော လမ်း အရေအတွက် | နေရာ အရေ အတွက် | စုစုပေါင်း ရေကျော် နေသော လမ်းအရှည် (ပေ) | အမြင့်ဆုံး ရေအနက် (ပေ) |
|---|---|---|---|---|---|
| ၁။ | ကချင် | ၁ လမ်း | ၈ | ၁၅၀ | ၀.၆ လက်မ |
| ၂။ | ကယား | ၁လမ်း | ၁ | ၁၀၀ | ၃ ပေ |
| ၃။ | ကရင် | ၁လမ်း | ၃ | ၁၈၀၀ | ၂၁/၂ ပေ |
| ၄။ | ချင်း | ၁လမ်း | ၁ | ၅၀ | ၉ လက်မ |
| ၅။ | စစ်ကိုင်း | ၁လမ်း | ၂ | ၇၅၀ | ၁ ၁/၂ ပေ |
| ၆။ | တနင်္သာရီ | ၁လမ်း | ၂ | ၈၅ | ၂ ပေ |
| ၇။ | ပဲခူး | ၆ လမ်း | ၉ | ၄၀၀ | ၁ ၁/၂ ပေ |
| ၈။ | မကွေး | ၃၂ လမ်း | ၁၄၄ | ၁၄၇၆၅ | ၆ ပေ |
| ၉။ | မန္တလေး | ၂ လမ်း | ၂ | ၁၅၀ | ၁ ပေ |
| ၁၀။ | မွန် | ၁၄ လမ်း | ၅၂ | ၉၃၅၀ | ၁ ၁/၂ ပေ |
| ၁၁။ | ရခိုင် | ၁၁ လမ်း | ၄၉ | ၃၅၇၀၀ | ၆ ပေ |
| ၁၂။ | ရန်ကုန် | ၁ လမ်း | ၁ | ၅၀ | ၁ ပေ |
| ၁၃။ | ရှမ်း(အရှေ့) | ၂ လမ်း | ၇ | ၄၀၀ | ၆ လက်မ |
| | ရှမ်း(တောင်) | ၉ လမ်း | ၃၄ | ၂၃၀၁ | ၄ ပေ |
| | ရှမ်း(မြောက်) | ၁၄ လမ်း | ၃၄ | ၂၁၃၀ | ၆ လက်မ |
| ၁၄။ | ဧရာဝတီ | ၇ လမ်း | ၁၀ | ၂၅၀၀ | ၅ ပေ |
| | **စုစုပေါင်း** | **၁၀၄** | **၃၅၉** | **၇၀၆၈၁** | |

ဤဇယားကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံ၏ လမ်းများပေါ် ရေကျော်လာမှုအခြေအနေသည် လွန်ခဲ့သော နှစ် ၃၀ နှင့် နှိုင်းယှဉ်ကြည့်ပါက အဆပေါင်းများစွာ ပိုလာကြောင်း တွေ့ရပါသည်။ အဆိုပါ အခြေအနေတွင် မြန်မာနိုင်ငံ၏ မိုးရွာသွန်းမှုအခြေအနေကို လေ့လာကြည့်ပါက လွန်ခဲ့သော နှစ် ၃၀ ကျော်ခန့်က အခြေအနေနှင့် ယနေ့အခြေအနေကို အောက်ပါအတိုင်း တွေ့ရပါသည် -


| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့အမည် | လွန်ခဲ့သော နှစ်သုံးဆယ်ကျော်ခန့် (၁၉၈၁) ခုနှစ်က အများဆုံး မိုးရေချိန် မီလီမီတာ | | | | ၂၀၁၇ ခုနှစ်အတွင်း အများဆုံး မိုးရေချိန် မီလီမီတာ | | | | ၂၀၁၈ခုနှစ် မိုးရေချိန် မီလီမီတာ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင် | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင် | ဇွန် |
| ၁။ | ရန်ကုန် | ရန်ကုန် | ၅၆၅.၆ | ၆၀၅.၈ | ၅၇၀.၇ | ၃၉၃.၇ | ၆၅၀ | ၈၀၂ | ၃၈၂ | ၄၀၁ | ၆၂၇ |
| ၂။ | မန္တလေး | မန္တလေး | ၉၉.၅ | ၇၄.၇ | ၁၃၂.၉ | ၁၅၇.၁ | ၂၈ | ၁၂၆ | ၁၄၉ | ၂၃၃ | ၉၅ |
| ၃။ | ကချင် | မြစ်ကြီးနား | ၅၄၉.၂ | ၅၄၃.၀ | ၃၉၈.၃ | ၂၉၄.၇ | ၆၅၃ | ၄၇၆ | ၇၁၁ | ၄၂၈ | ၆၇၃ |
| ၄။ | ကယား | လွိုင်ကော် | ၁၃၅.၇ | ၁၄၆.၅ | ၂၁၀.၅ | ၁၉၄.၂ | ၂၂၆ | ၁၄၁ | ၁၇၉ | ၁၀၀ | ၂၁၂ |
| ၅။ | ကရင် | ဘားအံ | ၈၇၂.၄ | ၁၀၄၇.၂ | ၁၀၉၇.၂ | ၅၇၇.၀ | ၆၃၃ | ၁၀၉၃ | ၇၂၄ | ၄၃၉ | ၈၃၃ |
| ၆။ | စစ်ကိုင်း | မုံရွာ | ၈၈.၃ | ၅၀.၆ | ၁၀၄.၁ | ၁၆၁.၆ | ၁၂ | ၈၈ | ၁၅၂ | ၁၂၄ | ၁၉၁ |
| | စစ်ကိုင်း | ခန္တီး | ၈၆၅.၁ | ၁၂၁၇.၃ | ၈၄၉.၈ | ၄၉၀.၅ | ၆၈၁ | ၁၁၈၁ | ၁၃၅၇ | ၅၃၅ | ၁၀၃၅ |
| ၇။ | တနင်္သာရီ | ထားဝယ် | ၁၀၉၉.၄ | ၁၂၈၀.၄ | ၁၃၁၀.၄ | ၇၀၇.၃ | ၈၄၁ | ၁၃၉၀ | ၁၀၈၇ | ၄၃၉ | ၁၁၅၂ |
| ၈။ | ပဲခူး | ပဲခူး | ၆၅၄.၀ | ၇၁၆.၉ | ၆၅၃.၄ | ၄၃၆.၃ | ၅၆၈ | ၁၁၂၃ | ၆၄၅ | ၄၅၂ | ၅၆၈ |
| ၉။ | မကွေး | မကွေး | ၁၄၁.၀ | ၁၀၀.၂ | ၁၃၂.၀ | ၁၆၃.၈ | ၁၉၃ | ၁၇၄ | ၂၉၈ | ၁၃၇ | ၄၉၂ |
| ၁၀။ | မွန် | မော်လမြိုင် | ၉၈၈.၉၁ | ၁၁၈၃.၅ | ၁၂၂၇.၀ | ၆၃၂.၆ | ၆၈၆ | ၁၇၉၆ | -၃၇ | ၂၁၉ | ၁၁၇၀ |
| ၁၁။ | ချင်း | ဟားခါး | ၂၄၃.၄ | ၃၂၀.၈ | ၃၄၂.၃ | ၃၂၈.၈ | ၃၄၉ | ၃၄၈ | ၂၁၁ | ၃၇၈ | ၃၆၅ |
| ၁၂။ | ရခိုင် | စစ်တွေ | ၁၁၆၈.၁ | ၁၂၈၀.၅ | ၉၆၅.၂ | ၅၄၉.၀ | ၁၄၂၁ | ၁၃၅၃ | ၆၅၇ | ၆၂၃ | ၁၃၅၅ |
| ၁၃။ | ရှမ်း | ကျိုင်းတုံ | ၁၅၈.၀ | ၂၂၆.၅ | ၂၁၉.၆ | ၁၆၆.၂ | ၁၇၉ | ၂၃၉ | ၂၀၅ | ၁၅၉ | ၁၆၈ |
| | | တောင်ကြီး | ၁၇၈.၃ | ၂၁၃.၀ | ၂၉၀.၉ | ၂၈၀.၇ | ၁၇၇ | ၃၁၅ | ၂၀၈ | ၂၂၀ | ၂၈၁ |
| | | လားရှိုး | ၁၈၈.၇ | ၂၂၀.၁ | ၂၃၄.၆ | ၁၉၄.၀ | ၁၀၇ | ၂၅၇ | ၂၃၆ | ၁၁၃ | ၃၂၅ |
| ၁၄။ | ဧရာဝတီ | ပုသိမ် | ၆၁၅.၁ | ၆၅၂.၃ | ၆၃၃.၁ | ၃၇၉.၁ | ၅၁၈ | ၅၁၉ | ၄၅၃ | ၄၇၈ | ၁၀၆၀ |

အထက်ပါဇယားကို ကြည့်၍ မြန်မာနိုင်ငံ၏ မိုးရွာသွန်းမှု အခြေအနေသည် လွန်ခဲ့သည့် နှစ် ၃၀ နှင့်ယှဉ်လျှင် အနည်းငယ်တိုးလာသော်လည်း လမ်းများပေါ် ရေကျော်မှုအခြေအနေသည် အဆပေါင်းများစွာတိုးလာသည်ကို တွေ့ရ၍ မိုးရွာသွန်းမှုများ၍ မိုးရေချိန်ကြောင့်သာမဟုတ်ဘဲ အခြားသက်ရောက်မှုများကြောင့် လမ်းပေါ်ရေကျော်ခြင်း ပြဿနာဖြစ်ပွားရကြောင်း တွေ့ရှိရပါသည်။ မုတ်သုံပြောင်းလဲခြင်းကြောင့် အချိန်တိုအတွင်း မိုးရေချိန် လက်မများစွာ ရွာသွန်းချလိုက်၍ ရေကြီးရေလျှံမှုဖြစ်ခြင်းများလည်း ရှိပါသည်။


## တံတားများ၏ Bed Level (မြစ်ကြမ်းပြင်) မြင့်တက်လာခြင်း

ပြီးခဲ့သော နှစ် ၂၀ ကာလအတွင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တည်ဆောက်ပြီးစီးခဲ့သော တံတားကြီးများ၏ မြစ် (သို့မဟုတ်) ချောင်းများ၏ မြစ်ကြမ်းပြင် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ အချို့တံတားကြီးများ၏ မြစ်ကြမ်းပြင်သည် သိသိသာသာ မြင့်တက်လာသည်။ ဥပမာ တွင်းငယ်၊ မိုးမိတ်လမ်းပေါ်ရှိ ကင်းချောင်းတံတားသည် ၂၀၁၁ ခုနှစ်က တည်ဆောက်၍ စတင်တည်ဆောက်စဉ်က မြစ်ကြမ်းပြင်နှင့် တံတားသံပေါင်အောက်ပိုင်း အမြင့်သည် ၁၂ ပေ ၈ လက်မအကွာ ရှိခဲ့ပါသည်။ ယင်းနောက် ခုနှစ်နှစ်အတွင်း မြစ်ကြမ်းပြင် တဖြည်းဖြည်းမြင့်တက်လာရာ ယနေ့ ၂၀၁၈ ခုနှစ်တွင် အဆိုပါ ကင်းချောင်းတံတား၏ မြစ်ကြမ်းပြင်သည် ရှစ်ပေခန့် မြင့်တက်လာပြီး ယခုအခါ မြစ်ကြမ်းပြင်နှင့် တံတားသံပေါင်အောက်ခြေသည် တံတားအလယ်တွင် ခြောက်ပေခန့်သာ ကွာတော့သည်ကို တွေ့ရပါသည်။

ထို့အတူ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်အပြင် တစ်နိုင်ငံလုံးရှိသော အခြားမြစ်များ၊ ချောင်းများတွင် မြစ်ကြမ်းပြင် မြင့်တက်လာမှုမှာ အနှစ် ၂၀ အတွင်း ဆိုးရွားစွာ မြင့်တက်လာခဲ့သည်။




လွန်ခဲ့သော နှစ် (၂၀)ကျော်က မြစ်ချောင်းများအခြေအနေ




မြစ်ကြမ်းပြင်မြင့်လာမှုကြောင့် ယနေ့မြစ်ချောင်းများအခြေအနေ

ဤသို့ မြစ်ကြမ်းပြင်မြင့်တက်လာမှုကြောင့် မိုးရာသီတွင် မြစ်၏ ရေစီးနိုင်သော Volume ကို ကျော်လာသောအခါ လမ်းနှစ်ဖက်အပေါ် ကျော်လွန်၍ စီးရတော့သည်။ လပြည့်လကွယ် ဒီရေတိုးသောအချိန်နှင့်တိုက်လျှင် လမ်းများပေါ် ရေကျော်ခြင်း၊ မြို့များ၊ ရွာများ ရေမြုပ်ခြင်းတို့ ဖြစ်တော့သည်။

ဤသို့ မြစ်ကြမ်းပြင်မြင့်တက်လာမှုသည် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်နိုင်သည် -

၁။ မြစ်ကမ်း နှစ်ဖက် ရေတိုက်စား၍ နုန်းများပို့ချခြင်း

၂။ တောတောင်များမှ နုန်းများ မိုးရေနှင့်အတူ မြစ်အတွင်း ပို့ချခြင်း

၃။ ရွှေကျင်ခြင်း၊ တွင်းထွက်သယံဇာတများ တူးဖော်ခြင်းတို့အတွက် တောင်များကို ဖြိုချ၍ မြေစာများကို စည်းကမ်းမဲ့ မြစ်ချောင်းများအတွင်း စွန့်ပစ်ခြင်း

အထက်ပါ အကြောင်းရင်း သုံးရပ်အနက် အပိုဒ် ၂ နှင့် အပိုဒ် ၃ တို့ကြောင့် ဖြစ်စဉ်များသည် မြစ်ချောင်းများကို လျင်မြန်စွာ တိမ်ကောလာစေပါသည်။ စည်းကမ်းမဲ့ အပြောင်ရှင်း သစ်ခုတ်ခြင်းကြောင့် နုန်းမြေများ မိုးရေနှင့်အတူ မြစ်ချောင်းများအတွင်း စီးမျောသွားပါသည်။ ထို့ထက် ပို၍ဆိုးသည်က တောင်များကို အလုံးလိုက် Excavator ကြီးများနှင့် ဖြို၍ ရွှေ၊ ကျောက်စိမ်း၊ ပတ္တမြား တူးဖော်၍ စည်းကမ်းမဲ့ မြစ်ချောင်းများအတွင်းသို့ မြေစာများကို စွန့်ပစ်ခြင်းသည် အဆိုးရွားဆုံး မြစ်ချောင်းများ တိမ်ကောမှုဖြစ်စေပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ အချို့ မြစ်ချောင်းများ လျင်မြန်စွာ တိမ်ကောလာရခြင်းမှာ စည်းကမ်းမဲ့ သယံဇာတများ ထုတ်လုပ်မှုတို့ကြောင့် ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် မြစ်ကြမ်းပြင် မြင့်တက်လာမှုနှင့်အတူ ရေကြီးရေလျှံမှုကြောင့် တံတားများ ရေစီးနှင့် မျောပါမှုများ မဖြစ်ရန်အတွက် ယခုအခါ လက်ရှိ တံတားများ၏ အမြင့်ကို မြှင့်ပေးခြင်းများ ပြုလုပ်နေရသည်။ ထို့အတူ လမ်းများပေါ် ရေကျော်ခြင်း၊ မြို့များ၊ ရွာများ၊ ရေမြုပ်ခြင်းတို့ကိုလည်း စိတ်မချမ်းသာဖွယ် တွေ့နေရပါသည်။

သို့ဖြစ်ပါ၍ မြစ်ကြမ်းပြင်မြင့်တက်မှုများ ဆက်လက်မဖြစ်ရန်အတွက် သစ်ပင်သစ်တောများ ပြုစုပျိုးထောင်နေသလို စည်းကမ်းမဲ့ သစ်ခုတ်မှုများကိုလည်း ကာကွယ်တားဆီးရပါမည်။ အထူးသဖြင့် ရွှေတူးဖော်ခြင်း၊ ကျောက်စိမ်း၊ ပတ္တမြားတူးဖော်ခြင်းများတွင်လည်း တောင်များကို ဖြို၍ မြေစာများကို စည်းကမ်းမဲ့ မြစ်ချောင်းများအတွင်း စွန့်ပစ်ခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများသာမက အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများနှင့် ပြည်သူများကပါ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြင့် တားဆီးကာကွယ်သွားကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

# ပင်လုံအငှားအိမ်ရာတည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်နိုင်ရေး စစ်ဆေး

**မြိတ် ဇူလိုင် ၁၇**



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရေပုန်းရပ်ကွက်၌ သမ္မတ၏အထူးရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော ပင်လုံအငှားအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းအား စံချိန်စံညွှန်း ပြည့်မီစွာ တည်ဆောက်နိုင်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က သွားရောက် စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

ပင်လုံ အိမ်ရာတည်ဆောက်ရေးလုပ်ငန်းတွင် အဆောက်အအုံတစ်လုံး၌ ခြောက်ခန်းတွဲ လေးထပ်အခန်း ၂၄ ခန်းရှိ၍ အဆောက်အအုံ ခုနစ်လုံး တည်ဆောက်ပြီးစီးခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကာလတို ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပင်လုံ အိမ်ရာ ဆက်စပ်လုပ်ငန်း ၁၇ မျိုးကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက တာဝန်ယူ ဆောင်ရွက်နေမှုများကို ဝန်ကြီးချုပ်က ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလတွင် သတ်မှတ်စံချိန်စံညွှန်း အရည်အသွေး ပြည့်မီစွာဖြင့် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် ပင်လုံအငှားအိမ်ရာ ယာယီရှင်းလင်းဆောင်တွင် ပင်လုံအငှားအိမ်ရာ ဆက်စပ်လုပ်ငန်း ၁၇မျိုးကို တာဝန်ယူ တည်ဆောက်နေကြသော ကုမ္ပဏီများမှ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြိတ်ခရိုင် တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က စစ်ဆေးရေးအဖွဲ့များအနေဖြင့် သာမန်စစ်ဆေးခြင်းမျိုး မဆောင်ရွက်ရန် ညွှန်ကြားခဲ့ပြီး တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောင်းကျန်းမာရေး ပညာပေးဟောပြောပြီး ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပေး

**ကလိန်အောင် ဇူလိုင် ၁၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ကျန်းမာရေးဗဟုသုတများ ရရှိစေရန်အတွက် ကျောင်းကျန်းမာရေး အသိပညာပေးဟော ပြောခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများ ကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ဇူလိုင် ၁၆ ရက်က ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် ကျန်းမာရေးဦးစီးဌာနမှူး ဦးမြတ် မင်းအောင်က ခြင်ပေါက်ဖွားနှုန်းပိုမိုမြန်ဆန်သော မိုးရာသီဖြစ်၍ ခြင်ကြောင့်ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါမှ ကာကွယ်နိုင်စေရန်၊ ကျောင်းသား ကျောင်းသူများ တစ်ဦးချင်း တစ်ကိုယ်ရေသန့်ရှင်းမှုရှိစွာ နေထိုင်ကြရန်၊ အစာမစားမီ လက်ကိုစင်ကြယ်စွာဆေးကြောရန်စသည့် သိကောင်းစရာများကို ပညာပေးဟောပြောသည်။ ထို့နောက် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းကျန်းမာရေး စစ်ဆေးပေးခြင်း၊ သန်ချဆေးရည်တိုက်ကျွေးခြင်းနှင့် လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရေနံချောင်းမြို့တွင် သက်တမ်းလွန်စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီး

**ရေနံချောင်း ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ သိမ်းဆည်းရမိခဲ့သော သက်တမ်းလွန်စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ရေနံချောင်းမြို့ အထက(၁) ကျောင်းဝင်းအတွင်း၌ ဇူလိုင် ၁၆ ရက်က မီးရှို့ဖျက်ဆီးခဲ့သည်။

ယခုနှစ် ဧပြီ၊ မေနှင့် ဇွန် သုံးလအတွင်း မကွေးခရိုင်အတွင်းရှိမြို့နယ်များမှ သိမ်းဆည်းရမိခဲ့သော သက်တမ်းလွန်စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အမျိုးပေါင်း



၁၀၇ မျိုး(အရေအတွက် ၈၂၉ ခု)ကို မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း၊ မကွေး၊ ရေနံချောင်း၊ နတ်မောက်၊ ချောက်နှင့် တောင်တွင်းကြီးမြို့နယ်များမှ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ပြီး တန်ဖိုးမှာ ငွေကျပ် ၂၅၀၀၀ ကျော်ဖြစ်ကြောင်း မကွေးခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

"မြို့လူထုရဲ့တောင်းဆိုချက်အရ မြို့လူထုနဲ့ ကျောင်းသား ကျောင်းသူများရှေ့မှာပဲ ဖျက်ဆီးခဲ့တာပါ၊ ခရိုင်အတွင်းမှာရှိတဲ့မြို့တွေက သက်တမ်းလွန်ပစ္စည်းတွေဖြစ်တဲ့ မုန့်မျိုးစုံ၊ အချိုရည်မျိုးစုံ၊ နို့ဆီ၊ အချိုမှုန့်၊ ကြက်သားမှုန့်တွေကို မီးရှို့ဖျက်ဆီးခဲ့တာပါ" ဟု မကွေးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဒေါ်တင်တင်လှက ပြောသည်။

ရေနံချောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟောကလည်း "စားသုံးဖို့မသင့်တဲ့ သက်တမ်းလွန်စားသောက်ကုန်တွေကို အများပြည်သူစားသုံးမိရင် အန္တရာယ်ရှိနိုင်တဲ့အတွက် ပိုပြီးထိရောက်အောင် မီးရှို့ဖျက်ဆီးတာကို အများပြည်သူမြင်သာအောင် အခမ်းအနားနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ရေနံချောင်းမြို့နယ်အတွင်း၌ စားသုံးသူရေးရာဦးစီးဌာနနှင့် ဌာနဆိုင်ရာများညှိနှိုင်း၍ စာသင်ကျောင်းနှင့် ဈေးများတွင် စားသုံးရန်မသင့်သောအစားအစာများ ရောင်းချမှုမရှိစေရန် စစ်ဆေးခြင်းနှင့် ပညာပေးဟောပြောခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# လှိုင်းဘွဲ့မြို့နယ်မှ ရေဘေးသင့်ပြည်သူများ ထောက်ပံ့ပစ္စည်းများ ပေးအပ်

**လှိုင်းဘွဲ့ ဇူလိုင် ၁၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် တောင်ကျချောင်းရေ ကျဆင်းလာမှုကြောင့် လှိုင်းဘွဲ့ချောင်းရေမြင့်တက်လာသဖြင့် (က) ရပ်ကွက်ရှိ အိမ်ထောင်စုငါးစုကို ဇူလိုင် ၁၆ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ရပြီး အဆိုပါ အိမ်ထောင်စုများမှ ပြည်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များက လာရောက်တွေ့ဆုံ အားပေးစကားများပြောကြားကာ ထောက်ပံ့ပစ္စည်းများကို လာရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပစ္စည်းများအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းက ဆန်တစ်အိတ်၊ ခေါက်ဆွဲခြောက် တစ်ဖာနှင့် ကြက်ဥ တစ်ကတ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စန်းယုက ခေါက်ဆွဲခြောက် သုံးဖာ၊ ကြက်ဥ နှစ်ကတ်၊ လှိုင်းဘွဲ့စစ်ဗျူဟာမှူးက ဆန် ခြောက်ပြည်၊ ရေသန့်ဘူးကြီးသုံးဘူး၊ ခေါက်ဆွဲခြောက် တစ်ဖာ၊ ကြက်ဥ နှစ်ကတ်၊ မုန့်နှင့် အချိုရည်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူးက ဆေးခြင်ထောင် ငါးလုံးတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၇-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ယနေ့ရန်ကုန်အချပ်ပို စာမျက်နှာ ဃ တွင် ပါရှိသော ဗုဒ္ဓဟူး ဇွန် ၁၈၊ ၂၀၁၈ **(အစား)** ဗုဒ္ဓဟူး၊ ဇူလိုင် ၁၈၊ ၂၀၁၈ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(စာတည်းအဖွဲ့)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၇-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၉၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၁၀ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၅၀ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၃၄ · ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၆၅ · ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၅၄ · ၂ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၅ · ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ · ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၅၆၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ · ၀၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၈ · ၃၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ · ၄၁၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


## မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# စမ်းချောင်းမြို့နယ်ကို အခြေပြုရိုက်ကူးသည့် ရုပ်သံဇာတ်လမ်းတွဲ ဇူလိုင် ၁၈ ရက် စတင်ပြသမည်

ကမာရွတ်မီဒီယာမှ ရိုက်ကူးတင်ဆက်ထားသည့် "စမ်းချောင်းဆစ်ကွန်-ဆစ်ကွန်စမ်းချောင်း" ဟု အမည်ပေးထားသော ရုပ်သံ ဇာတ်လမ်းတွဲကို ယခုဇူလိုင်လ ၁၈ ရက်မှစတင်ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့ ည ၉ နာရီတွင် MRTV ရုပ်သံ၌ ပြသသွားမည်ဟု သိရသည်။ အဆိုပါဇာတ်လမ်းတွဲတွင် အပိုင်းစုစုပေါင်း ၂၄ ပိုင်းပါဝင်ပြီး ယင်းရုပ်သံဇာတ်လမ်းတွဲကို ဒီဇင်ဘာလအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ရုပ်သံဇာတ်လမ်းတွဲဆိုတာ မိသားစုတွေ စုစည်းပြီး ကြည့်ရှုနိုင်ကြတဲ့အတွက် တစ်ဦးနဲ့တစ်ဦး



ကြည်နူးစွာ၊ ပျော်ရွှင်စွာခံစားနိုင်မယ့် ဇာတ်လမ်းမျိုးတွေကို နိုင်ငံတကာမှာ ဦးစားပေး တင်ဆက်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့က အခုလို ဇာတ်ကားလေးကို ကြိုးစားထုတ်လုပ်ထားတာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲကို တင်ဆက်ရတဲ့ ရည်ရွယ်ချက်ကတော့ ခေတ်ကိုထင်ဟပ်စေမယ့်အရာ၊ စကားလုံးနဲ့ သရော်တာကိုလည်း ဟာသဆန်ဆန်လေး ပေါ့ပေါ့ပါးပါးလုပ်ထားပါတယ်။ အဓိကကတော့ ဇာတ်လမ်းကို သေသေချာချာ ပြင်ဆင်ရိုက်ကူးထားတာပါ"ဟု ကမာရွတ်မီဒီယာ၏ အမှုဆောင်အရာရှိ ဦးသက်မောင်က ပြောသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲသည် အမျိုးသားစာပေဆုရှင် စာရေးဆရာမ နုနုရည်(အင်းဝ) ဖန်တီးသောဇာတ်လမ်း ဖြစ်ပြီး ဇာတ်ညွှန်းကို နေသန်မောင်နှင့် နီလာတင်ဝင်းတို့က ရေးသားထားကာ ဒါရိုက်တာ ရှင်ဒေဝီ ရိုက်ကူးထားပြီး ဇော်ဝင်းနိုင်၊ အကယ်ဒမီ မေသဥ္ဇာဦး၊ အကယ်ဒမီ မျိုးသန္တာထွန်း၊ သန်းသန်းစိုးနှင့် မျိုးဆက်သစ် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ဇာတ်လမ်းတွဲကို မတ် ၄ ရက်က စတင်ရိုက်ကူးခဲ့ပြီး ဇူလိုင်လမှ ဒီဇင်ဘာလအထိ ခြောက်လကြာ ထုတ်လွှင့်သွားမည်ဖြစ်သည်။

ရွှေ့ပြောင်း အခြေချနေထိုင်ကြသော လူမှုရေစီးကြောင်းနှင့် မြို့ပြ လူမှုဒုက္ခများ၊ ခေတ်သစ်လူမှုရေးရှုထောင့် မတူကွဲပြားမှုနှင့် ဒေသအသီးသီးအမြင်၊ အတွေးအခေါ်၊ အယူအဆ မတူကြသည့် လူများ၊ အသက်အရွယ်မတူသူများ၏ ခေတ်အပေါ် အမြင်သဘောထားတို့ကို စနစ်တကျ ပေါင်းစပ်ထားသည့် ဇာတ်ကောင်စရိုက်များကို အခြေပြုထားကြောင်း သိရသည်

**ကိုလင်း**



## ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဇာတ်ကားအတွက် ဘောလုံးသမား မောင်ကျော်ကျော်မျိုး အားမလျှော့ဘဲ ဆက်လက်ကြိုးစားနေဦးမည်

၂၀၁၃ ခုနှစ်က ရိုက်ကူးရန်ပြင်ဆင်ထားခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိ အကြောင်းကို ဒုတိယအကြိမ်မြောက်အဖြစ် ထပ်မံရိုက်ကူးမည်ဖြစ်ပြီး အဆိုပါ ရိုက်ကူးမှုကို ၂၀၁၉ ခုနှစ်တွင် စတင်မည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ပြသနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားအတွက် ဗိုလ်ချုပ်အောင်ဆန်း၏ နေရာတွင် သရုပ်ဆောင်မည့် မောင်ကျော်ကျော်မျိုးက "ဘောလုံးအားကစားနဲ့ ဘောလုံးသမားဘဝ ကျွန်တော် အခြေကျနေခဲ့ပြီးမှ ဗိုလ်ချုပ်ရုပ်ရှင် ရိုက်ကူးဖို့ ရွေးချယ်ခံခဲ့ရပြီးနောက်ပိုင်း ဗိုလ်ချုပ်ရုပ်ရှင်ကို ပီပြင်အောင် သရုပ်ဆောင်နိုင်ဖို့အတွက် လေ့ကျင့်မှုတွေကို နေ့ညမပျက် ပြင်ဆင်နေခဲ့ပါတယ်။ စောင့်နေရတာ ကြာနေပေမယ့် သူတို့ဘက်က ဖျက်လိုက်ပြီလို့ မပြောမချင်း ကျွန်တော့်ဘက်ကတော့ ကျွန်တော်ရွေးချယ်ထားတဲ့အတိုင်းပါပဲ၊ ကျွန်တော် အခု အင်္ဂလိပ်စာနဲ့ ဂျပန်စာကို အဓိကထားပြီး သင်နေပါတယ်။ မြင်းစီးလည်း လေ့ကျင့်နေရတယ်။ နောက်တစ်ပတ်မှာ မြောက်ဥက္ကလာပက ဆရာဦးဇော်လင်း ဆီသွားပြီး ဗိုလ်ချုပ်ရဲ့ အသံအနိမ့်အမြင့်နဲ့ အမူအရာတွေ အလေ့အကျင့်တွေကို အနီးကပ်သင်ယူရမှာပါ။ ဒီဇာတ်ကားရိုက်ရင် ဗိုလ်ချုပ်နီးပါး သရုပ်ဆောင်နိုင်မယ်လို့လည်း အာမခံချက်ရှိပါတယ်။ အခုဆိုရင် ခါတ်ပုံတစ်ပုံကအစ ဒီခါတ်ပုံမှာ စကားပြောရင် ဘယ်လိုအနေအထား၊ လမ်းလျှောက်ရင် ဘယ်လို၊ ဆေးလိပ်သောက်ရင် ဘယ်လို၊ ဘေးတိုက်ကြည့်ရင် ဘယ်လိုဆိုတာမျိုးတွေကို အသေးစိတ်ကအစ လေ့လာနေပါတယ်။ ဒီအတွက် စောင့်နေခဲ့ရတာ အချိန်ခြောက်နှစ်တောင် ကြာခဲ့ပြီးပြီ။ ဒီရုပ်ရှင်ဖြစ်မြောက်ဖို့အတွက်ကတော့ ကျွန်တော် မန္တလေးမှာနေတုန်းက ဂျာနယ်တစ်စောင်ကို ဖြေခဲ့ဖူးသလိုပါပဲ။ သူတို့ဘက်က ဖျက်လိုက်ပြီလို့ မပြောမချင်း ကျွန်တော့်ဘက်ကတော့ ကျွန်တော်ရွေးချယ်ထားတဲ့အတိုင်းပဲ"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် မိသားစု စားဝတ်နေရေးနှင့် စီးပွားရေးသည် အခြေအနေယိမ်းယိုင်လျက်ရှိကြောင်း ယခင်က ဘောလုံးလက်ရွေးစင်အဖြစ် လုပ်ဆောင်နိုင်ခြင်းကြောင့် ကမ္ဘောဇအသင်းမှ အထောက်အပံ့ရရှိပြီး လစာလည်း မြင့်မားကြောင်း၊ ယခုအခါ ဘောလုံးအားကစားသမားဘဝကို စွန့်လွှတ်ကာ ဗိုလ်ချုပ်နေရာတွင် သရုပ်ဆောင်ခွင့်ရရှိရန် အားသွန်ကြိုးပမ်းခဲ့သော်လည်း ရပ်တန့်သွားမည်မဟုတ်ဘဲ အရှိန်တင်ဖို့ရန်အတွက်သာ အာသီသရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဇာတ်ကားအတွက် အသုံးပြုရန် ငွေကျပ် သန်းတစ်ထောင့်ငါးရာ အသုံးပြုရန် ကနဦးလျာထားကာ လိုအပ်ပါက ငွေကျပ်သန်းသုံးထောင်အထိ အသုံးပြုသွားမည်ဖြစ်ပြီး လက်ရှိတွင် ငွေကျပ် သိန်းပေါင်း တစ်သောင်းနှစ်ထောင့်နှစ်ရာ ခုနှစ်ဆယ့်ငါးသိန်းနှင့် အမေရိကန်ဒေါ်လာ လေးထောင့်ရှစ်ရာ တစ်ဆယ့်သုံးဒေါ်လာ လက်ခံရရှိထားကြောင်း သိရသည်။

**ကိုလင်း**

## အိပ်မက်ဆုံရာမှ ဟန်ထူးဈာန်က ငွေကျပ် သိန်းတစ်ထောင်နီးပါး အကုန်အကျခံကာ စီးရီးသစ်ဖန်တီး

**အိပ်မက်ဆုံရာ တေးသီချင်းဆိုပြိုင်ပွဲမှ Popular Choice ရရှိခဲ့သည့် လူငယ်အဆိုတော် ဟန်ထူးဈာန်၏ ပထမဆုံး တစ်ကိုယ်တော်ခွေ "Celebrity "ဟု အမည်ပေးထားသည့် စီးရီးကို Bo Bo Music တေးထုတ်လုပ်ရေးမှတစ်ဆင့် ယခု ဇူလိုင် ၂၂ ရက်တွင် ထွက်ရှိမည်ဖြစ်ပြီး အခွေထွက်ရှိသည့် အမှတ်တရအဖြစ် မန္တလေးမြို့ မနောရမ္မ်အားကစားကွင်းတွင် ညနေ ၄ နာရီမှ ည ၈ နာရီအထိ လည်းကောင်း၊ ဇူလိုင် ၂၉ ရက်တွင်လည်း ရန်ကုန်မြို့ ပြည်လမ်းရှိ လှည်းတန်းစင်တာတွင် ညနေ ၃ နာရီမှ ၆ နာရီအထိ လက်မှတ်ရေးထိုးပြီး တေးသီချင်းများနှင့် သီဆိုဖျော်ဖြေမည် ဖြစ်ကြောင်း သိရသည်။**

"သီချင်းခွေလေး ဖန်တီးဖြစ်တာကတော့ ကျွန်တော့်ရဲ့ ပရိသတ်တွေအတွက်ပါ၊ အခွေနာမည်လေးပေးတာကအစ သေချာရွေးချယ်ပြီး ပေးဖြစ်တာပါ၊ သီချင်းလေးတွေ ရွေးချယ်တဲ့အခါမှာလည်း ကျွန်တော် ကိုယ်ပိုင်သံစဉ်တွေပဲ လုပ်ချင်ခဲ့တာပါ၊ အဲဒါကြောင့် သီချင်းရွေးတာနဲ့တင် လေးနှစ်တောင် ကြာခဲ့ပါတယ်။ ဒီအခွေကို အိပ်မက်ဆုံရာ ပြိုင်ပြီးကတည်းက ဖန်တီးနေခဲ့တာပါ" ဟု ဆိုသည် ။

အဆိုပါစီးရီးတွင် တေးသီချင်း ၁၂ ပုဒ်ပါဝင်ပြီး အဆိုတော် စိုင်းထီးဆိုင်၏ သီချင်းတစ်ပုဒ်ကိုလည်း ပြန်လည်သီဆိုထားကာ ပြန်ဆိုတေးသီချင်းတွေ သီဆိုမှုနှင့် ပတ်သက်ပြီး တာဝန်ယူ၊ တာဝန်ခံမှုအပေါ် " ပြန်ဆိုရတဲ့ သီချင်းတွေက အမြဲတမ်းပြဿနာတစ်စုံတစ်ခု ရှိစမြဲပါ။ တာဝန်လည်း အင်မတန်ကြီးပါတယ်။ ဆိုတဲ့အခါမှာ ကိုယ်ပိုင်ဟန်လည်း မပျောက်အောင်၊ နောက်ပြီး ရှိပြီးသားဟန်လည်း ပေါ်လွင်အောင် လုပ်ရတယ်။ သီချင်းစာသားထက် တီးတဲ့ဟန် သီချင်းတစ်ပုဒ်လုံးရဲ့ဗားရှင်းကို ပရိသတ်အတွက် အသစ်တစ်မျိုးခံစားရအောင် ဖန်တီးတယ်ဆိုကြပါစို့။ ယခင် ဗားရှင်းကို ကြိုက်တဲ့သူတွေက ရှိနေတော့ ကျွန်တော့်အခွေမှာပါတဲ့ သီချင်းဟောင်းတွေကိုတော့ ဂီတကို မှုပြီး ဖန်တီးထားပါတယ်။ ကျွန်တော်က ပြိုင်ပွဲဝင်တစ်ယောက်လည်းဖြစ်ခဲ့တယ် အိပ်မက်ဆုံရာမှာ သီချင်းအစုံနဲ့ပြိုင်ပြီး ဆိုခဲ့ရတာဆိုတော့ အခုအခွေမှာလည်း သီချင်းကို အစုံသုံးရတာပေါ့နော်၊ ကိုယ်ပိုင်သံစဉ်တွေလည်းပါတယ်၊ ပြန်ဆိုသီချင်းလေးတွေလည်း ပါပါတယ် " ဟု ၎င်းက ပြောပြသည်။



ကိုယ်တိုင်ခံစား ရေးစပ်ထားသော တေးသီချင်းအချို့ပါဝင်ပြီး မိမိဘဝနှင့် သက်ဆိုင်သော တေးသီချင်း တစ်ပုဒ်ကိုလည်း ထည့်သွင်းထားမှုနှင့် ပတ်သက်ပြီး " ကျွန်တော် ကိုယ်တိုင်ရေးထားတဲ့ သီချင်းတွေ နားထောင်ကြည့်ရင် ခံစားမိမှာပါ၊ ကိုယ်တိုင်ရေးထားတဲ့ သီချင်းတွေ ဖြစ်တာမို့ ကျွန်တော့်ဘဝနဲ့ သက်ဆိုင်တယ်လို့ပဲ ယူဆလို့ရပါတယ်။ 'ငါသိလိုက်ရပါပြီ' ဆိုတဲ့ သီချင်းလေးက ကျွန်တော်ရေးထားတဲ့ ဘဝနဲ့သက်ဆိုင်တဲ့ သီချင်းလေးပါ။ လူငယ်ဆိုတော့ အသည်းကွဲ သီချင်းလေးတွေပါပဲ။ ကျွန်တော်နဲ့ရွယ်တူ ဂီတကို ကြိုက်တဲ့ ပရိသတ်တွေနဲ့ အသည်းကွဲတာချင်း ဖလှယ်ကြတဲ့သဘောပါပဲ "ဟုပြောသည်။

အဆိုပါ တေးစီးရီးတွင် တေးသီချင်း ၁၂ ပုဒ်ပါဝင်ပြီး တေးသီချင်းများကို တေးရေး- သာဒီးလူ၊ ဆလိုင်း၊ အောင်မြင့်မြတ်၊ နောင်ရိုး၊ မိုးစက်လေးနှင့် ကိုယ်တိုင်ရေးသားထားသော သီချင်းများပါ ဝင်ကြောင်း ၊ Slow Rock ၊ EDN ၊ Pop ပုံစံများ ပါဝင်ကြောင်း၊ MTV အဖြစ် သရုပ်ဆောင် အောင်မင်းခန့်၊ ဦးထွန်းထွန်းဝင်း ၊ အေးချမ်းမောင်၊ အောင်လေး ၊ သင်ဇာဝင့်ကျော်၊ ဗီယက်နမ်အလှမယ် ၎ရင့်ထရမ်ဟုယွမ်မေ၊ စသည့် အနုပညာရှင်များစွာ ပါဝင်ကြောင်း သိရသည်။

**ကိုလင်း**

## ကာဗွန်ဒိုင်အောက်ဆိုက်ဇာတ်ကားတွင် လုပ်ကွက်အနည်းငယ်သာရသည်ဟု ဖွေးဖွေးပြောကြား

ဇူလိုင် ၂၇ ရက်တွင် "ကာဗွန်ဒိုင်အောက်ဆိုက်"ဟု အမည်ရသည့် ရုပ်ရှင်ဇာတ်ကားကြီး ရုံတင်ပြသမည်ဖြစ်ပြီး အဆိုပါဇာတ်ကားသည် အောက်လမ်းပညာနှင့် ပတ်သက်၍ မှော်ဆန်ဆန်ရိုက်ကူးထားသော ဇာတ်ကားတစ်ကားဖြစ်ကြောင်း၊ ယင်းဇာတ်ကားကို ထားဝယ်ရုပ်ရှင် ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးပြီး ဒါရိုက်တာဝိုင်းက ပုံဖော်ရိုက်ကူးထားကာ သရုပ်ဆောင်များအဖြစ် ကျော်ထက်အောင်၊ အလင်းရောင်၊ ဖွေးဖွေး၊ ရတနာဗိုတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

"ကြောက်ရတာကို ကြိုက်တယ်ဆိုရင်တော့ လာကြည့်ဖို့ပြောချင်ပါတယ်။ ဒီဇာတ်ကားမှာတော့ အခြားဇာတ်လမ်းတွေထဲက ဇာတ်ကောင်တွေလို အများကြီး သရုပ်ဆောင်ရတာထက် အလင်းရောင်ကို ဒေါသထွက်နေရတဲ့ အခန်းတွေက ပိုများတယ်။ ဒီတစ်ခါမှာ ဖွေးဖွေးဆိုတာ Main Supporter လိုမျိုး ဇာတ်ကားကို ကိုယ်ကထောက်ပံ့ပေးရသူ အနေနဲ့ပါ"ဟု အကယ်ဒမီ ဖွေးဖွေးက ပြောသည်။

အဆိုပါဇာတ်ကား ရိုက်ကူးချိန်ကတည်းက အလင်းရောင်နှင့်အတူ သရုပ်ဆောင်စဉ် ကြောက်စိတ်များပေါ်ပေါက်ခဲ့ရကြောင်း၊ ပရိသတ်များ မမြင်ရဖူးသည့် ပုံစံများနှင့်လည်း အလင်းရောင်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ ရုံတင်ခါနီးတိုင်းလည်း ဇာတ်ကားတိုင်းကို ရင်ခုန်ခဲ့ရပြီး ယခုဇာတ်ကားအတွက်လည်း ရင်ခုန်စိတ်လှုပ်ရှားကြောင်း ပရိသတ်ကြီးအား ဖွေးဖွေးက ပြောသည်။

ယခုနောက်ပိုင်းတွင် ပရိသတ်မမြင်ရသေးသည့် ဇာတ်လမ်းများလည်း ထွက်ပေါ်လာရာ ယခုကဲ့သို့ မတူညီသည့် ဇာတ်ကောင်စရိုက်များကြောင့် ကြိုးစား၍လည်း သရုပ်ဆောင်ထားကြောင်း ဖွေးဖွေးက ပြောကြားပြီး "လက်ရှိမှာတော့ သူစိမ်းအိမ် ဆိုတဲ့ ဇာတ်ကားအတွက် ဝိတ်ချနေရတယ်။ ဒီဇာတ်ကားရိုက်ကူးပြီးရင် နောက်တစ်ကား ရိုက်ဖို့ ပြင်ဆင်ထားတဲ့ ဇာတ်ကလည်း ဝိတ်လျှော့မှဖြစ်မယ်ထင်လို့ ဝိတ်ချ နေရပါတယ်။ ဖွေးဖွေးရဲ့ ပရိသတ်တွေက ဘာလုပ်လုပ်၊ ဘယ်လိုဇာတ်ရုပ်ဖြစ်ဖြစ် အားပေးကြလို့ ကျေးဇူးလည်း အများကြီးတင်ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါ ဇာတ်ကားကို ပြင်ဦးလွင်မြို့နှင့် ရန်ကုန်မြို့တို့တွင် ရိုက်ကူးထားကြောင်း၊ အလင်းရောင်နှင့် ကျော်ထက်အောင်တို့၏ လုပ်ကွက်များကို ပိုမိုတွေ့ရမည်ဖြစ်ကြောင်း၊ ကျော်ထက်အောင်နှင့် လက်ထပ်ရမည့် မိန်းကလေးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်းနှင့် အနုပညာလှုပ်ရှားမှုမှာ သမ္မတကြီးထံပေးစာ ရုပ်ရှင်ဇာတ်ကားရိုက်ကူးရန်စီစဉ်ထားပြီး ဟာသဇာတ်ကားတစ်ကားကိုလည်း ရိုက်ကူးရန်အတွက် ပြင်ဆင်နေကြောင်း ဖွေးဖွေးထံမှ သိရသည်။



**ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

### အရင်နှစ်ကထက်ပိုပြီးဝင်ငွေကောင်းလာတဲ့ ဂျော့ကလူးနေး

Forbes မဂ္ဂဇင်းရဲ့ ခန့်မှန်းချက်အရ အသက် ၅၇ နှစ်အရွယ် ရုပ်ရှင်မင်းသား ဂျော့ကလူးနေးရဲ့တစ်နှစ်ဝင်ငွေဟာ ဒေါ်လာ ၂၃၉ သန်း ရှိတယ်လို့သိရပါတယ်။ ၂၀၁၇ ခုနှစ် ဇွန်လက စလို့ တွက်ချက်ခဲ့တဲ့ ငွေပမာဏလည်းဖြစ်ပါတယ်။ ဒီဝင်ငွေကြောင့်လည်း နှစ်စဉ် ထုတ်ပြန်နေကျဖြစ်တဲ့ ကမ္ဘာပေါ်မှာ ချမ်းသာအကြွယ်ဝဆုံး နာမည်ကျော်တွေ ထဲမှာသူဟာဒုတိယနေရာက ရပ်တည်နိုင်ခဲ့ပါတယ်။

အောင်မြင်ကျော်ကြားသူ နာမည်ကျော်တွေထဲမှာ အချမ်းသာဆုံးဖြစ်နေတာကတော့ လက်ဝှေ့သမားမေဝဲလ်သာပါ။ ဖေ့စ်ဘွတ်ဆယ်လီဖြစ်တဲ့ ခိုင်လီဂျန်နာကတော့ တတိယနေရာက လိုက်နေပါတယ်။ ဒ့ါအပြင် ခိုင်လီဂျန်နာဟာ အသက် အငယ်ဆုံး ကိုယ့်ထူးကိုယ်ချွန် ဘီလျံနာတစ်ဦးဖြစ်ဖို့လည်း အတော်လေးနီးကပ် နေပါပြီ။

အသက် ၂၀ သာရှိသေးတဲ့ ခိုင်လီဂျန်နာဟာ ကိုယ်ပိုင်အလှကုန်ပစ္စည်းတွေ ဖေ့စ်ဘွတ်ကနေ ရောင်းချရင်း ချမ်းသာလာသူလည်းဖြစ်တယ်။ အချမ်းသာဆုံး နာမည်ကျော် ၁၀ဦးထဲမှာ ပါလာတဲ့ သူတွေကတော့ အဆိုတော် U2၊ ကိုးပလေးနဲ့ အဆိုတော်အက်ဒ်ရှီရန်တို့ပဲ ဖြစ်တယ်။ သူတို့အပြင် ဘောလုံးစတားတွေဖြစ်တဲ့ မက်ဆီနှင့် ခရစ္စတီယာနိုရော်နယ်ဒိုတို့လည်း ပါဝင်ကြပါသေးတယ်။

အချမ်းသာဆုံး နာမည်ကျော်ဦးရေ ၁၀၀ ရဲ့ ပိုင်ဆိုင်မှုတွေကိုတော့ ၂၀၁၇ ဇွန်လကနေ ၂၀၁၈ ဇွန်လအထိကာလမှာ တွက်ချက်တာပဲဖြစ်တယ်။ ဂျော့ကလူးနေးရဲ့ ကိုယ်ပိုင်ကုမ္ပဏီ၏တန်ကြေးဟာ ဒေါ်လာ၁ဘီလီယံရှိပါတယ်။ အဲဒီကုမ္ပဏီကို ၂၀၁၃ ခုနှစ်မှာ သူငယ်ချင်းနှစ်ဦးနဲ့အတူ တည်ထောင်ခဲ့ပါတယ်။

**ဘီဘီစီ**



### အချစ်ဟောင်းရဲ့တက်တူးပုံကို အခုထိ မဖျက်ရသေးတဲ့ ဂျက်စတင်ဘီဘာ

ဂျက်စတင်ဘီဘာဟာ ဆယ်လီနာဂိုမက်ဇ်နဲ့ လမ်းခွဲလိုက်ပြီး ဟေးလီဘော့ဒွင်နဲ့ စေ့စပ်လိုက်ပေမယ့် သူ့လက်ကောက်ဝတ်နားမှာ ထိုးထားတဲ့အချစ်ဟောင်း ဆယ်လီနာရဲ့တက်တူးပုံကိုတော့ မဖျက်သေးပါဘူး။ ဒါဟာဂျက်စတင်ရဲ့ ဇနီးလောင်းဖြစ်တဲ့ ဟေးလီကို စိတ်အနှောင့်အယှက်ပေးပုံတော့ မရပါဘူး။

ဟေးလီဟာ တက်တူးကို ဂျက်စတင်မဖျက်ဘဲထားတာကို နားလည်ပေးထားပါတယ်။ ဂျက်စတင်ဘီဘာရဲ့လက်ပေါ်မှာ ဆယ်လီနာရဲ့ပုံရှိနေသေးတာ ကောင်းတဲ့ အခြေအနေတော့ မဟုတ်ဘူး။ ဒါဟာ ကိုးရိုးကားရားနိုင်တဲ့ အခြေအနေတစ်ခုပဲလို့ ဟေးလီနဲ့ရင်းနှီးတဲ့သူတွေက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။ လွန်ခဲ့တဲ့နှစ် အနည်းငယ်ကတည်းက ပုံအပေါ်မှာ အခြားပုံရိပ်တွေထိုးပြီး ဖျက်ဖို့ကြိုးစားခဲ့ပေမယ့် ဒါဟာ ဆယ်လီနာပုံပဲဆိုတာ လူတိုင်းသိနေပါတယ်။

ဒီတော့ဟေးလီလည်း ဒီပုံတစ်ခုအတွက် စိတ်ညစ်ခံမနေတော့ပါဘူး။ ဂျက်စတင်ဘီဘာ ကိုယ်တိုင်ကလည်း တက်တူးဟာ အတိတ်ကာလတုန်းက ဖြစ်ရပ်တစ်ခုသာဖြစ်ပြီး ဟေးလီကမှ သူ့အနာဂတ်အတွက် ရွေးချယ်ထားတဲ့သူပါလို့ ပြောထားတော့ ဒီတက်တူးအပေါ်မှာ ဘာမှစိတ်ခံစားချက်မထားတော့ဘူးလို့ ဆိုပါတယ်။

နောက်ပြီးဟေးလီနဲ့ ရင်းနှီးသူတွေရဲ့ ပြောပြချက်အရတော့ ဂျက်စတင်ဘီဘာဟာ သူနဲ့ဟေးလီတို့အချစ်အတွက် အမှတ်တရဖြစ်စေမယ့် တက်တူးထိုးမယ်လို့ ဇနီးလောင်းဖြစ်သူကို ကတိပေးထားတယ်လို့ ဆိုပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



**မြူး**

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၃၀)

# ဥပဒေဗဟုသုတ နိဒါန်းအစ



**ဦးဟန်ညွန့် (ဥပဒေ)**

**ဗဟုသုတ**

"ဥပဒေနယ်ပယ်က ကျယ်တယ်ဆို။ ကျဉ်းကျဉ်းကလေးပြောပြပါဆရာ။ လွယ်လွယ်ကူကူသင်ပေးပါဆရာ။ နိဒါန်းအစ လျှောက်ချင်ပါတယ်။ ပန်းတိုင်အထိ မမျှော်မှန်းရဲပါဘူး။ စာအုပ်ထူထူကြီးတွေလည်း မပြပါနဲ့ဆရာ။ စာဖတ်ပျင်းလွန်းလို့။ ဗဟုသုတ အခြေခံက စချင်ပါတယ်။ တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲဆိုသလိုပေါ့" ဟု အလုပ်သင် ရှေ့နေလူငယ်တစ်ဦးက ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောနေ၊ မေးနေလေသည်။ သြော်- ဖြတ်လမ်းလိုက်သော လူငယ်ပေလော။ ရှင်းရှင်းလင်းလင်း ပွင့်ပွင့်ရှင်းရှင်း အမှန်တကယ်သိချင်၊ လေ့လာချင်၍လော။ ဘာပဲဖြစ်ဖြစ် တတ်နိုင်သမျှ တင်ပြပါရစေ။

**ဥပဒေတွဲ့**

ဥပဒေတွဲ့ရထားသော အလုပ်သင်ရှေ့နေ တစ်ဦးအနေဖြင့် စာဖတ်ပျင်း၍မရ။ ဥပဒေစာအုပ်မှန်သမျှ ဖတ်နိုင်ရမည်။ လွယ်တာလည်းပါ၊ ခက်တာလည်းရှိ၊ ဘာမှမသိနားမလည်နိုင်သော ဥပဒေစာအုပ်မျိုးလည်း တွေ့ရမည်။ ဖတ်ရမည်။



ကျောင်းမှာ စာတွေ့ လုပ်ငန်းခွင်မှာလက်တွေ့။ အချိန်ရသမျှ အလုပ်သင်ရှေ့နေ(ချိန်ဘာ) ဆင်းရသေးသည်။ ဆရာကဆွေးနွေး၊ သင်ပေးတာတွေ၊ တရားရုံးလက်တွေ့ ကွင်းဆင်းတာတွေ အများကြီး။ ရဲစခန်း၊ အကျဉ်းစခန်း၊ ဆေးရုံ ဌာနစုံ ပတ်သက်သမျှ တွေ့ရ၊ ကြုံရ၊ လေ့လာရသည်။ စွပ်စွဲခံရသူ၏ မှုခင်းအခြေအနေ၊ ပုဒ်မ၊ အင်္ဂါရပ်၊ မှတ်စုပြုစုရတော့မည်။

ထိုအခါ ဘာဥပဒေလဲ။ ဘာပုဒ်မလဲ။ ဘာအင်္ဂါရပ်လဲ။ အာမခံရသလား။ အာမခံမရဘူးလား။ ဘယ်မြို့နယ်လဲ။ ဘယ်အဆင့် တရားသူကြီးလဲ။ စီရင်ပိုင်ခွင့်အာဏာဘာလဲ။ သိသင့်သမျှ၊ လက်တွေ့ဘဝနှင့် စာတွေ့ စာအုပ်တွေ ပြန်လည်ရည်ညွှန်းကြသည်လေ။

**တတ်ယောင်ကား**

တတ်ယောင်ကား မလုပ်သင့်။ အခြေခံမှစ၍ နိဒါန်းပျိုးကြစို့။

**အဘိဓာန်**

ဥပမာ၊ အဘိဓာန် ဆိုကြပါစို့။ ဥပဒေသမားတိုင်း လက်စွဲပြုမည့် စာအုပ်တစ်အုပ် (ဥပဒေဝေါဟာရ အဘိဓာန်) ကိုတင်ပြပါရစေ။

ရှေ့နေချုပ်ရုံးက ထုတ်ဝေခဲ့သည်ပါ။ အသုံးပြုသူများ၏ အကြိမ်ကြိမ် ပုံနှိပ်၊ ထုတ်ဝေရသော စာအုပ်ပါ။ စာအုပ်အမည် အပြည့်အစုံမှာ (အင်္ဂလိပ်+ မြန်မာ ဥပဒေဝေါဟာရအဘိဓာန်) ဖြစ်ပါသည်။ [English- Myanmar Law Dictionary] ၁၉၉၀ ပြည့်နှစ်မှစ၍ ပထမအကြိမ် ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။ A to Z ဖော်ပြထားပါသည်။

> **"ဥပဒေတွဲ့ရထားသော အလုပ်သင်ရှေ့နေ တစ်ဦးအနေဖြင့် စာဖတ်ပျင်း၍မရ၊ ဥပဒေစာအုပ်မှန်သမျှ ဖတ်နိုင်ရမည်၊ လွယ်တာလည်းပါ၊ ခက်တာလည်းရှိ၊ ဘာမှမသိ နားမလည်နိုင်သော ဥပဒေစာအုပ်မျိုးလည်း တွေ့ရမည်၊ ဖတ်ရမည်။"**

**L အပိုင်း**

အင်္ဂလိပ်အက္ခရာ L အပိုင်းကို ရွေးနုတ်တင်ပြလိုပါသည်။ LAW (ဥပဒေ) အကြောင်းကို အထူးပြုလို၍ ဖြစ်ပါသည်။

Law - ဥပဒေ
Law - abiding - ဥပဒေကို လေးစားလိုက်နာသော
Law Commission - ဥပဒေကော်မရှင်
Law in force - တည်ဆဲဥပဒေ
Law Journal - ဥပဒေပညာဂျာနယ်
Law Less - ဥပဒေမဲ့သော၊ ဥပဒေကို လေးစားလိုက်နာခြင်းမရှိသော
Law- making treaties - ဥပဒေပြု အပြည်ပြည်ဆိုင်ရာ စာချုပ်များ
Law merchant - ကူးသန်းရောင်းဝယ်မှု ဓလေ့ထုံးတမ်း
Law of flag - သင်္ဘောတွင် လွှင့်ထူသည့် အလံဆိုင်ရာ နိုင်ငံဥပဒေ
Law of Nations - အပြည်ပြည်ဆိုင်ရာ ဥပဒေ
Law Office - ဥပဒေရုံး
Law Officer - ဥပဒေအရာရှိ
Law of Performance - အကောင်အထည်ဖော်ရန် ဥပဒေ (စာချုပ်) သို့မဟုတ် စာချုပ်ပါ စည်းကမ်းများကို အကောင်အထည်ဖော်ခြင်းအတွက် သက်ဆိုင်ရာ ဥပဒေ

**ကြည့်သောသူမြင်**

ဘာကြောင့် L အပိုင်းကို ကောက်နုတ်ဖော်ပြရသလဲ။ ဘာ့ကြောင့် Law အပိုင်းကို ရွေးနုတ်ဥပဒေ ပေးရပါသလဲ။

စာရေးသူ (ဆောင်းပါးရှင်)၏ ဥပဒေကျောင်းသား ဘဝကပင် ဝါသနာအရ လေ့ကျင့်ပျိုးထောင်ခဲ့သော လေ့လာမှု အတွေ့အကြုံဖြစ်ပါသည်။ စာရေးသူ၏ အတွေ့အကြုံကို မျှဝေနေခြင်းပါ။ ယူသင့်လျှင်ယူပါ။ ဝေသင့်လျှင်ဝေပါ။

**ငါဘာသိချင်တာလဲ။** ဥပဒေဖြစ်သည်။ ဥပဒေကို အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲ။ Law ဟုခေါ်သည်။ ထို့ကြောင့် ဝေါဟာရ အဘိဓာန်မှာ LAW ကို အရင်ဆုံး၊ ဦးစွာ ရှာမည်။ တွေ့ပြီလား။ တွေ့ပြီ။ Law ၏ အဆက်ကဘာလဲ။ ဘယ်လိုစကားလုံး၊ ဝေါဟာရတွေ ဆက်နွှယ်သလဲ။ ပွားများသလဲ။ စာလုံးရေ တိုးပွားလာသလဲ။ L နှင့် ပတ်သက်သမျှ၊ ဆက်စပ်သမျှ (LAW)နှင့် ဆက်စပ်ပြီး သိစရာတွေ၊ ရေးစရာတွေ၊ စာလုံးတွေ၊ ဝေါဟာရတွေ ဆက်လက်တိုး၍၊ တိုး၍ လေ့လာရပြီ။ သိခွင့်ရပြီ။ မှတ်သားပေရော့။

**Law-Less**

**ဥပဒေမဲ့ခြင်း**ကို ပြောချင်လိုက်တာ။ ရေးချင်လိုက်တာ။ သိသလိုလိုနှင့် မသိတာပါ။ ရေးချင်ပေမယ့် မရေးတတ်ခဲ့ခြင်းမျှသာပါ။ ငါက ဗိုလ်ကျောင်းထွက်မဟုတ်။ တောသား။ ဘုန်းကြီးကျောင်းထွက်။ ငါ့တစ်သက်မှာ ဒီအင်္ဂလိပ်စာ အလွတ်ကျက်၍ ဖြေဦးမည်ဗျာ။ ယခုတော့ အဘိဓာန်ကျေးဇူးကြောင့် ဆင့်ပွားဝေါဟာရတွေ လေ့လာနိုင်ပြီလေဟု ဘဝအတွေ့အကြုံ ကြုံခဲ့လေသည်။

**ဆင့်ပွားဝေါဟာရများ**

Law of War - စစ်မက်ဆိုင်ရာ ဥပဒေများ
Law of the Sea - ပင်လယ်ပြင်ဆိုင်ရာ ဥပဒေ
Law Reports - စီရင်ထုံးများ
Law Ful - ၁။ တရားဝင်သော
၂။ ဥပဒေအရဖြစ်သော
၃။ ဥပဒေနှင့်အညီဖြစ်သော
Lawful authority - ဥပဒေအရ အခွင့်အာဏာရှိသော၊ အာဏာပိုင်
Lawful Consideration - ဥပဒေနှင့်ညီသော အဖိုးစားနား
Lawful Custody - ဥပဒေနှင့်အညီ ချုပ်နှောင်ထားခြင်း
Lawful object - ဥပဒေနှင့်ညီသော ရည်ရွယ်ချက်
Lawful sentence - ဥပဒေနှင့်အညီ ချမှတ်သော ပြစ်ဒဏ်
Law suit - တရားမမှု
Lawyer - ရှေ့နေ
Lawyerly - ရှေ့နေဂုဏ်အင်္ဂါနှင့် ပြည့်စုံသော

အထက်ပါ Law နှင့် စပ်ဆိုင်သော ဆင့်ပွားဝေါဟာရများကို ဆက်၍၊ ဆက်၍ တွေ့နေ၊ မြင်နေ၊ ဖတ်နေရပေသည်။

မသိတာတွေသိ။ နားမလည်တာတွေ နားလည်လာ။ ဆက်လက်ရှာဖွေစရာတွေ တွေ့နေလေတော့သည်။ ကိုယ်သိချင်တာက LAW ဝေါဟာရတစ်လုံးတည်းဟု ထင်ခဲ့မိသည်။ ရှာလေ၊ တွေ့လေ။

**နယ်ပယ်ကျယ်**

ဥပဒေနယ်ပယ်က ကျယ်သည်ဟု ပြောစဉ်က သိပ်မယုံ။ ယခုတော့ တွေ့ပြီ။ မြင်ပြီ။ မှတ်၍ မကုန်။ ဖတ်၍ မကုန်။ ကူးခပ်၍ မလွယ်။

Law of War (စစ်မက်ဆိုင်ရာဥပဒေ)တွေ ဆက်ပြီး ရှာရမည်။ ကမ္ဘာ့မြေပုံပြန်ကြည့်။ ပထဝီဝင်စာအုပ် ပြန်လေ့လာ။ စစ်ပွဲတွေအကြောင်း။ စစ်ဗိုလ်ချုပ်ကြီးတွေအကြောင်း။ စစ်ပွဲစည်းကမ်းများ၊ စစ်ရေးကြွယ်ဝပုံ ဥပဒေအမိန့်များ၊ ကြေညာချက်များ၊ စာချုပ်များလေ့လာစရာများ ဆက်စပ်မှုများ။

Law of the Sea က ပို၍ ကျယ်ပြန့်သေးသည်။ ပင်လယ်ပြင်တွေ ရှိသရွေ့ ဥပဒေတွေ၊ အပြည်ပြည်ဆိုင်ရာရေကြောင်းဥပဒေများ။ Law Reports စီရင်ထုံးများက စုံသည်။ ပြည်တွင်းသာမက ပြည်ပကမ္ဘာ။ မှတ်၍ မကုန်။ လေ့လာစရာအစုံစုံ။

**စေတနာ**

ဥပဒေဗဟုသုတနိဒါန်းအစကို သိလိုသော အလုပ်သင်ရှေ့နေကလေး၏ မေးခွန်းကြောင့် တွေးခေါ်စဉ်းစားမိသော ကျွန်တော်၏ စေတနာဥပဒေ အတွေးမျှသာပါ...။ ။

# ရေစီးရေလာကောင်းအောင် ဆောင်ရွက်ထားနိုင်မှုကြောင့် သုဝဏ္ဏဝတီမြို့၌ ရေကြီးမှုများကင်းဝေး

**သုဝဏ္ဏဝတီမြို့ ဇူလိုင် ၁၇**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်သည် နှစ်စဉ် မိုးများသည့်အချိန်ရောက်တိုင်း တောင်ပေါ်ရေ ကျဆင်းမှုကြောင့်လည်းကောင်း၊ ကျိုက္ကော်ချောင်း တိမ်ကောနေခြင်းကြောင့်လည်းကောင်း ရေကြီးနစ်မြုပ်မှုများ မကြာခဏဖြစ်ပွားခဲ့သော်လည်း ယခုနှစ်တွင်မူ ပြည်နယ်အစိုးရက ရေထုတ်မြောင်းများ၊ ရေနုတ်မြောင်းများ တူးဖော်ပေးခဲ့မှုကြောင့် ရေစီးရေလာကောင်းမွန်ပြီး ရေကြီးနစ်မြုပ်မှုများ ကင်းဝေးလျက်ရှိကြောင်း သိရသည်။

"၂၀၁၃ ခုနှစ်နောက်ပိုင်း မိုးရာသီအတွင်းမှာ တစ်နှစ်ကို လေးငါးခြောက်ကြိမ်လောက် ဒီကျိုက္ကော်ပိုင်းနဲ့ အနိမ့်ပိုင်းတွေ ရေကြီးတယ်၊ အခုလိုမိုးရွာပုံနဲ့ဆို ကျိုက္ကော်အုပ်ချုပ်ရေးမှူးရုံးရှေ့က အဝေးပြေးကားလမ်းမကြီးကို ရေကျော်တယ်၊ အဓိကကတော့ ကျိုက္ကော်ချောင်းက ရေဆွဲအားမကောင်းဘဲ ရေနုတ်မြောင်းတွေမှာလည်း အမှိုက်တွေနဲ့ ပိတ်ဆို့နေတာကြောင့်၊ ရေစီးရေလာမကောင်းတာကြောင့် ရေကြီးမှုတွေ ဖြစ်ပေါ်ရတာပါ" ဟု ကျိုက္ကော်ရပ်ကွက်သားတစ်ဦးက ပြောသည်။

ရေကြီးရေလျှံမှုများ ကင်းဝေးရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးအောင်ကျော်သူ၊ ဒေါ်ခိုင်ခိုင်လဲ့၊ သုဝဏ္ဏဝတီမြို့အုပ်ချုပ်ရေးမှူး ဦးစိုးသူရ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး သထုံမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကြီးကြပ်၍ လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း၊ မေ ၅ ရက်မှစတင်ကာ ကျိုက္ကော်ရပ်ကွက် သရက်တောပိုင်းရှိ အင်းထွက်ချောင်း အရှည် ပေ ၃၀၀၀ ကျော်တွင် အနက်လေးပေ၊ အောက်ခြေအကျယ် ခြောက်ပေအထိရအောင် စက်ယန္တရားများဖြင့် တူးဖော်ခဲ့ပြီး ဇွန်လအတွင်းကလည်း ကျိုက္ကော်ချောင်းအတွင်း မြေသားမြောင်း (ရေထုတ်မြောင်း) အရှည် ပေ ၁၆၀၀ ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍လည်း ကျိုက္ကော်ရပ်ကွက် အောက်ကျင်းပိုင်း၌ ကွန်ကရစ်အုတ်စီရေနုတ်မြောင်း အရှည် ပေ ၂၂၀၀ ကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်အတူ ပြည်သူများအနေဖြင့် အမှိုက်များ စည်းကမ်းမဲ့မစွန့်ပစ်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်နေကြောင်း၊ သုဝဏ္ဏဝတီမြို့၏ အဓိကရေထွက်ပေါက်များ၊ ရေနုတ်မြောင်းများကို ပြည်နယ်အစိုးရ၏ ကူညီပံ့ပိုးမှုများဖြင့် ဆောင်ရွက်ခဲ့သည့်အတွက် ယခုနှစ်တွင် ယခုအချိန်အထိ မြို့အတွင်း ရေကြီး၊ ရေကျော်၊ ရေလွှမ်းမိုးမှုများ မဖြစ်သေးကြောင်း သိမ်ဆိပ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးစိုးက ပြောသည်။

ယခုကဲ့သို့ ရေကြီးမှုများမဖြစ်တော့ခြင်းမှာ ရေထုတ်မြောင်း ၊ ရေနုတ်မြောင်းများပြုလုပ်ပေးခြင်းဖြင့် ရေစီးရေလာကောင်းမွန်ပြီး ရေများလျင်မြန်စွာစီးဆင်းသွားနိုင်မှုကြောင့်ဟု ဆိုနိုင်သော်လည်း အဓိကရေစီးဆင်းရာ ကျိုက္ကော်ချောင်းတစ်လျှောက်တွင် ချောင်းမြေအတွင်း ကျူးကျော်တည်ဆောက်ထားသော လူနေအိမ်များ၊ ကျူးကျော်စိုက်ပျိုးထားသော စိုက်ခင်းများရှိနေသေးသည့်အတွက်လည်းကောင်း၊ ကျဉ်းမြောင်း၍ ကောက်ကွေ့သောချောင်းဖြစ်သောကြောင့်လည်းကောင်း ရေစီးဆင်းမှု အမြဲကောင်းနေစေရန် ချောင်းအတွင်းကျူးကျော်မှုများကို ဥပဒေအရတားမြစ်ပေးရန် လိုအပ်နေသေးကြောင်းလည်း ဒေသခံများထံမှ သိရသည်။ **ခွန်(ဝင်းပ)**

# မြိတ်မြို့နယ်၌ အထူးကုဆရာဝန်ကြီးများက အခမဲ့ကွင်းဆင်းဆေးကုသပေး

**မြိတ် ဇူလိုင် ၁၇**

တနင်္သာရီတိုင်းဒေသကြီးအစိုးရ၏ ဦးဆောင်မှုဖြင့် မြိတ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပူးပေါင်းကာ မြိတ်တောင်ကျေးရွာ၌ ဒေသခံပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသပေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၆ ရက်က ပြုလုပ်ခဲ့သည်။



မြိတ်တောင်ကျေးရွာ အောင်မင်္ဂလာစာသင်တိုက်၌ ပြုလုပ်သည့် ဟောပြောပွဲတွင် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက ကျန်းမာရေးနှင့် ရောဂါ ကာကွယ်ရေးလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြိတ်ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်အထူးကုဆရာဝန် (ဆေးပညာ) ဒေါက်တာမေဇင်ဖွေးက သွေးလွန်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း၊ အမှတ်(၃၅) မူးယစ်တပ်ဖွဲ့စု (မြိတ်)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးမျိုးသန့်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် အထူးကုဆရာဝန်ကြီးများက မြိတ်တောင်ကျေးရွာရှိ ဒေသခံများအား သားဖွားမီးယပ်၊ သွား၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရေပြား၊ အရိုးအကြော၊ စိတ်ရောဂါနှင့် ကလေးရောဂါများကို အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

**မြင့်ဦး(မြိတ်)**

# ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်း သန့်ရှင်းသာယာလှပရန် လိုအပ်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၇**

ဗုဒ္ဓဆံတော်တစ်ဆူ ကိန်းဝပ်စံပယ်တော်မူရာ ရန်ကုန်မြို့ရှိ ဗိုလ်တထောင်စေတီတော်မြတ်သို့ နေ့စဉ် ပြည်တွင်းပြည်ပမှ ဘုရားဖူးများဝင်ရောက်လျက်ရှိပြီး ဘုရားဖူးပြီးပါက ဗိုလ်တထောင်ဆိပ်ကမ်းသို့ ကြည့်ရှုလည်ပတ်လေ့ရှိရာ ဆိပ်ကမ်းဇောတံတား အမှတ်(၃)၊ (၄)နှင့် (၅) အနီးတွင် စွန့်ပစ်ဖော့ဘူးများနှင့် အမှိုက်သရိုက်များဖြင့် ပြန့်ကျဲနေသည့်အတွက် ဆိပ်ကမ်းသာယာသန့်ရှင်းသာယာလှပရေးအတွက် အထူးလိုအပ်လျက်ရှိကြောင်း သိရသည်။

"ရန်ကုန်ဆိပ်ကမ်းမှာ ဗိုလ်တထောင်ဆိပ်ကမ်းက အကျယ်ဆုံးပဲ။ ပြီးတော့ ပြည်တွင်းပြည်ပခရီးသွား အများဆုံးလာတဲ့နေရာလည်းဖြစ်တယ်။ ဆိပ်ကမ်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပဖို့ လိုပါတယ်။ နိုင်ငံခြားခရီးသွားဆိုတာ အာရှနိုင်ငံတွေကိုခြေဆန့်နေတဲ့ ဧည့်သည်တွေဖြစ်တဲ့အတွက် ဘယ်နိုင်ငံက အသာယာဆုံးနဲ့ အသန့်ရှင်းဆုံးဆိုတာ သူတို့က သတိပြုမိကြတယ်။ ရန်ကုန်ဆိပ်ကမ်းကို ပြုပြင်မွမ်းမံနိုင်မယ်ဆိုရင် အာရှမှာ ဝင်ငွေကောင်းတဲ့ အပန်းဖြေဆိပ်ကမ်းတစ်ခုဖြစ်နိုင်တယ်လို့ သူတို့ချင်းပြောဆိုတာကို ကြားရဖူးတယ်။ အထူးသဖြင့် ဗိုလ်တထောင်ဆိပ်ကမ်းကို ပြုပြင်မွမ်းမံသင့်ပါတယ်" ဟု ဗိုလ်တထောင်စေတီတော်သို့ နိုင်ငံခြားသားများကို လိုက်ပါပို့ဆောင်သည့် ဧည့်လမ်းညွှန် ဦးသီဟဇော်က ပြောကြားသည်။



မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာကျရာ ပင်လယ်ထွက်ပေါက်မြို့တစ်မြို့ဖြစ်သော ရန်ကုန်မြို့တွင် ဗိုလ်တထောင်ဆိပ်ကမ်းသည် အကျယ်ဆုံးနှင့် ရန်ကုန်မြစ်ဝအလှကို အနီးဆုံးတွေ့မြင်ရသော နေရာတစ်ခုဖြစ်ပြီး နိုင်ငံခြားသားများနှင့် ပြည်တွင်းဘုရားဖူးများ သဘောကျနှစ်ခြိုက်သော နေရာဖြစ်သောကြောင့် ဆိပ်ကမ်းတွင် လမ်းပေါ်ဈေးသည်များ၊ ဇောတံတားပေါ်တွင် ဈေးသည်များနှင့် ညပိုင်းရောင်းချသော ဈေးသည်များရှိသည်။

လက်ရှိအချိန်တွင် ဆိပ်ခံဇောတံတားများကြားတွင်လည်းကောင်း၊ ဆိပ်ကမ်းပတ်ဝန်းကျင်တွင်လည်းကောင်း အမှိုက်များ ပြန့်ကျဲနေသောကြောင့် စွန့်ပစ်အမှိုက်ကင်းစင်သောနေရာတစ်ခုအဖြစ် ရှင်းလင်းဆောင်ရွက်နိုင်ပါက ဗိုလ်တထောင်ဆိပ်ကမ်းသည် ပြည်တွင်းပြည်ပ ခရီးသွားများ အပန်းဖြေနိုင်သည့် နေရာကောင်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်းလည်း ဆိပ်ကမ်းတွင် လစဉ်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေသော အဖြူရောင်လူငယ်များအဖွဲ့ထံမှ သိရသည်။

**၁၆၄ ၊ ဓာတ်ပုံ - သစ္စာ**

# မူဆယ်မြို့အတွင်း လမ်းမကြီးများတွင် ရပ်ထားသည့်ယာဉ်များကို ဖယ်ရှားရှင်းလင်း

**မူဆယ် ဇူလိုင် ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်ကြောကျပ်တည်းမှုလျော့နည်းစေရန် အကောင်အထည်ဖော်မှုအဖြစ် ခရီးသည်တင်မော်တော်ယာဉ်လိုင်းများမှ ဂိတ်မှူးများ၊ ခရီးသည်တင်ယာဉ်မောင်းများအနေဖြင့် စည်းကမ်းလိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် မြို့တွင်းလမ်းမကြီးများ၏ ဘေးတစ်လျှောက်တွင် ရပ်နားထားသည့်ယာဉ်များ ရှင်းလင်းဖယ်ရှားခြင်းကို တာဝန်ရှိသူများအဖွဲ့က ဇူလိုင် ၁၆ ရက်တွင် ဆောင်ရွက်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြခြင်းဖြစ်ပြီး မူဆယ်မြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်ကြောကျပ်တည်းမှု လျော့နည်းစေရန်အတွက် အဝေးပြေးယာဉ်လိုင်းများ၊ ခရီးသည်တင် မော်တော်ယာဉ်များအားလုံးသည် သတ်မှတ်နေရာကားကွင်းတွင်သာ ရပ်နားကြရမည်ဖြစ်သလို မြို့တွင်း ပြည်ထောင်စုလမ်းမကြီး၊ ကမ္ဘောဇဘဏ်(၁)အရှေ့မှ အထက(၃) အထက်တန်းကျောင်းရှေ့အထိတွင် ပြေးဆွဲခြင်း၊ ခရီးသည်တင်ဆောင်ခြင်း၊ ကုန်တင်ကုန်ချခြင်းများ မပြုလုပ်ရန်လည်း အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ စည်းကမ်းချက်များကို ချိုးဖောက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အရေးယူသွားမည်ဖြစ်ကြောင်းလည်း ယာဉ်မောင်းများ၊ ဂိတ်မှူးများအား အသိပေးထားပြီးဖြစ်ကာ လူစည်ကားရာနာရီစင်အနီး နိုင်ငံခြားငွေ(တရုတ်ယွမ်)နှင့် မြန်မာငွေများ လဲလှယ်ပြီး အသက်မွေးဝမ်းကျောင်းပြုသူများအနေဖြင့်လည်း သတ်မှတ်နေရာ ဈေးအတွင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ကြရန် စစ်ဆေးရေးအဖွဲ့က မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နေပြည်တော် ရိတ်သိမ်းချိန်လွန်နည်းပညာဌာနသို့ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ လာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၁၇**

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ ပိုမိုတိုးမြှင့်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပြီး အာဆီယံ ပိုးမွှားရောဂါကင်းစင်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များလုပ်ငန်းအဖွဲ့၏ (၂၀)ကြိမ်မြောက် အစည်းအဝေးနှင့် အာဆီယံ သီးနှံကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့၏ (၂၅)ကြိမ်မြောက် အစည်းအဝေးများကိုလည်း ဇူလိုင်လ ဒုတိယပတ်အတွင်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီးဖြစ်သည်။

အဆိုပါအစည်းအဝေးများသို့ တက်ရောက်ရန် ရောက်ရှိနေကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များပါဝင်သော လေ့လာရေးအဖွဲ့သည် ဇူလိုင် ၁၆ ရက်က နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးဦးစီးဌာန ရိတ်သိမ်းချိန်လွန် နည်းပညာဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်များသို့ သွားရောက်လေ့လာခဲ့ကြသည်။

လေ့လာရေးအဖွဲ့အား ရိတ်သိမ်းချိန်လွန်နည်းပညာဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး သုတေသနဓာတ်ခွဲခန်းများ၊ သင်တန်းခန်းမများနှင့် သီးနှံအရည်အသွေးထိန်းသိမ်းခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းစသည့် ရိတ်သိမ်းချိန်လွန်ကာလများတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များကို နိုင်ငံတကာစံချိန်စံညွှန်းမီ နည်းစနစ်များနှင့် လက်တွေ့ဆောင်ရွက်နေမှု အဆင့်ဆင့်ကို ပြသရှင်းလင်းခဲ့သည်။

လေ့လာရေးအဖွဲ့သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်တွင်လည်း သီးနှံမျိုးအုပ်စုအလိုက်၊ သီးနှံဗီဇအလိုက် မျိုးစေ့များ ထိန်းသိမ်းထားရှိမှုများကိုလည်းကောင်း၊ ဒေသမျိုးများ စုဆောင်းထိန်းသိမ်းထားရှိမှုနှင့် အအေးခန်းစနစ်ဖြင့် စနစ်တကျသိုလှောင်ထိန်းသိမ်းထားမှုများကိုလည်းကောင်း ကြည့်ရှုလေ့လာကြပြီး လေ့လာရေးအဖွဲ့ဝင်များက စိတ်ပါဝင်စားစွာ မေးမြန်းဆွေးနွေးမှုအပေါ် သုတေသနပညာရှင်များနှင့် မျိုးစေ့ကျွမ်းကျင်သူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**



# သံတောင်ကြီးမြို့နယ်၌ စွန့်လွှတ်မြေ ငါးဧကကို မူလပိုင်ရှင်ထံ ပြန်လည်လွှဲပြောင်းပေးအပ်

**သံတောင်ကြီး ဇူလိုင် ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ်၌ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)မှ သိမ်းဆည်းထားခဲ့ပြီး ပြန်လည်စွန့်လွှတ်သည့် အမှတ်(၅) ရပ်ကွက်ရှိ မြေငါးဧကကို မူလပိုင်ရှင် တောင်သူထံသို့ ဇူလိုင် ၁၆ ရက်က ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သည့် မြေလွှဲပြောင်းပေးအပ်ပွဲတွင် မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူရထွန်းလင်းက သိမ်းဆည်းမြေဆိုင်ရာကိစ္စရပ်များတွင် လုပ်ထုံးလုပ်နည်း မူဝါဒညွှန်ကြားချက်များနှင့်အညီ စိစစ်ဆောင်ရွက်နေပုံများကို ရှင်းလင်းပြောကြားကာ စွန့်လွှတ်မြေ ငါးဧက၏ ပုံစံ(၃)ကို မူလပိုင်ရှင်ထံသို့ ကော်မတီအတွင်းရေးမှူးက လွှဲပြောင်းပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# အာဇာနည်နေ့အထိမ်းအမှတ် ပြိုင်ပွဲများနှင့် အကြိုအခမ်းအနားများ မြို့နယ်များ၌ ကျင်းပ

**ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများ၏ ပန်းချီ၊ စာစီစာကုံးပြိုင်ပွဲများအပါအဝင် ပြိုင်ပွဲများနှင့် အာဇာနည်နေ့ အကြိုအခမ်းအနားများကို မြို့နယ်အသီးသီးတွင် ဇူလိုင် ၁၆ ရက်နှင့် ၁၇ ရက်က ကျင်းပခဲ့သည်။**

**တကောင်း**

တကောင်းမြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အာဇာနည်နေ့အထိမ်းအမှတ် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်က ကျင်းပခဲ့ရာ တကောင်းမြို့ အထက၊ မြို့မ အလကနှင့် ညောင်ကုန်းကျေးရွာ အမှတ်(၁၆) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၁ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၆၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား အာဇာနည်နေ့တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မကွေး**

မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်က မကွေးမြို့ရှိ လူထုအခြေပြုဗဟိုဌာန၌ကျင်းပခဲ့ရာ ပြိုင်ပွဲသို့ ကိုယ်ပိုင်အထက်တန်းကျောင်းများနှင့် အစိုးရအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ပြီး အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ပြတိုက်ငယ်ကိုလည်း ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

**ကျောက်တန်း**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့အီလက်ထရွန်နစ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ အာဇာနည်နေ့အထိမ်းအမှတ် ဓာတ်ပုံ၊ ရုပ်သံပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဇူလိုင် ၁၇ ရက်က ကျောက်တန်းမြို့အီလက်ထရွန်နစ်စာကြည့်တိုက်၌ ကျင်းပခဲ့ပြီး ပြခန်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်နန်းအေးခိုင်နှင့် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်ငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါပြခန်းကို မြို့ပေါ်ကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန်အတွက် ဇူလိုင် ၁၇ ရက်မှ ၁၉ ရက် ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ကြောင်း သိရသည်။ **စိုးဝင်း(ကျောက်တန်း)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ အာဇာနည်နေ့အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇူလိုင် ၁၆ ရက်က ရွှေပြည်သာမြို့နယ် အမက (၁၅)ကျောင်း၌ ကျင်းပခဲ့ရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးမိုးက စာဖတ်ခြင်း၏အကျိုးကျေးဇူးများကိုလည်းကောင်း၊ စာရေးဆရာစိုးမြင့်ရွှေ(ရွှေဘို)နှင့် စာရေးဆရာ မြတ်မင်းမောင်တို့က အာဇာနည်စိတ်ဓာတ်နှင့် အာဇာနည်နေ့အကြောင်းအရာများကို ဟောပြောခဲ့သည်။ ထို့နောက် မြို့နယ်ပြန်/ဆက်ဦးစီးဌာနက ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်များနှင့် အာဇာနည်နေ့အကြောင်း နံရံကပ်စာစောင်၊ ဓာတ်ပုံများကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။ **နေမျိုးထွန်း(ပြန်/ဆက်)**

**ဖာပွန်**

ဖာပွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အာဇာနည်နေ့ အထိမ်းအမှတ် ပန်းချီ၊ ကျပန်းစကားပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်က ဖာပွန်မြို့ရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့ရာ ပန်းချီပြိုင်ပွဲတွင် ဖာပွန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ ကျပန်းစကားပြောပြိုင်ပွဲတွင် အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ ၁၉ ဦး၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအေးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ **မျိုးဆက်သစ်(ဘားအံ)**

**လားရှိုး**

လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အာဇာနည်နေ့အထိမ်းအမှတ် မူလတန်းအဆင့် ကျောင်းပေါင်းစုံကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပခဲ့ရာ လားရှိုးမြို့ရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့်ကျောင်းသား ကျောင်းသူ ၁၄ ဦးက အာဇာနည်နေ့ တို့မမေ့၊ အလေးပြုပါသည်၊ အောင်ဆန်းဇာနည်၊ ကိုးဦးဇာနည် ဘာမထီ၊ အာဇာနည်ကိုအလေးပြု၊ ၁၉ ဇူလိုင် မမေ့နိုင်၊ ဦးညွှတ်ပါသည် အစရှိသောကဗျာများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအပြီးတွင် ဆုရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ **ဟန်ငွေး(လားရှိုး)**

**ခနောင်ဖြူ**

ခနောင်ဖြူမြို့နယ်၌ အာဇာနည်နေ့အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ကျင်းပခဲ့ရာ ခနောင်ဖြူမြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ တတိယတန်းနှင့် စတုတ္ထတန်း ကျောင်းသား ကျောင်းသူ ၁၆ ဦးက အာဇာနည်နေ့ကဗျာများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။ ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဘဝသမိုင်း၊ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းကြပုံမှတ်တမ်းများနှင့် အာဇာနည်နေ့ကဗျာများ၊ နံရံကပ်ဓာတ်ပုံနှင့် စာစောင်များကိုလည်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အာဇာနည်နေ့အခမ်းအနားကျင်းပစဉ် မုံရွာမြို့မှ လမ်းနှစ်လမ်းကို ခေတ္တပိတ်ထားမည်

**မုံရွာ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌ (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကာ အဆိုပါအခမ်းအနားတွင် အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုခြင်းနှင့် လွမ်းသူ့ပန်းခွေချခြင်း အစီအစဉ်များဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အာဇာနည်နေ့အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခမ်းအနားကျင်းပမည့် ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင် တောင်-မြောက်သွယ်တန်းလျက်ရှိသော ဗိုလ်ချုပ်လမ်းမကြီး၏ နာရီစင်လမ်းဆုံမှ တမာတန်းလမ်းဆုံအထိကိုလည်းကောင်း၊ အရှေ့-အနောက်သွယ်တန်းလျက်ရှိသော ဘူတာလမ်းမကြီး၏ မုံရွာဘူတာကြီးလမ်းဆုံမှ မြစန္ဒာရုပ်ရှင်ရုံလမ်းဆုံအထိကိုလည်းကောင်း ဇူလိုင် ၁၉ ရက် နံနက် ၆ နာရီမှ မွန်းလွဲ ၂ နာရီအထိ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် အစိုးရရုံးဌာနများနှင့် အဖွဲ့အစည်းများ၏ရုံးများတွင် နိုင်ငံတော်အလံကို တိုင်တစ်ဝက် လွှင့်ထူကြရန်၊ အာဇာနည်နေ့ အခမ်းအနားတွင် လုံခြုံရေးအရ ဒရုန်းများဖြင့် မှတ်တမ်းတင်ရိုက်ကူးခြင်း မပြုကြရန်တို့ကိုလည်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက နှိုးဆော်ထားကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

# နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုရှင်းလင်းပွဲ တောင်ကြီးမြို့၌ပြုလုပ်

**တောင်ကြီး ဇူလိုင် ၁၇**

ရှမ်းပြည်နယ်အစိုးရနှင့် ရှမ်းပြည်နယ်တရားလွှတ်တော်တို့ ပူးပေါင်းကျင်းပသော နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်(National Case Management Program-NCMP)နှင့်ပတ်သက်၍ ရှင်းလင်းပွဲကို ဇူလိုင် ၁၆ ရက်က တောင်ကြီးမြို့သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကားပြောကြားပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်နှင့် ရှမ်းပြည်နယ်ဥပဒေချုပ် ဦးတင်ဦးတို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်စန္ဒာအောင်က နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ချက်များအကြောင်းကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် တရားရုံးအသုံးပြုသူများ၏ စိတ်ကျေနပ်မှုစစ်တမ်းများကောက်ယူရာတွင် ပါဝင်ကူညီပေးခဲ့သည့် နှလုံးလှလက်များ သွေးလှူရှင်လူမှုပရဟိတအသင်းနှင့် IDEA အဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က ပေးအပ်ခဲ့သည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

# ကန့်ဘလူမြို့နယ် သိန်ရင်ဆည်နှင့် လင်ပန်းဆည်တို့တွင် ငါးမျိုးစိုက်ထည့်

**ကန့်ဘလူ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ငါးသယံဇာတ ပေါများလာစေရန်ရည်ရွယ်၍ မြို့နယ်အတွင်းရှိ သိန်ရင်ဆည်နှင့် လင်ပန်းဆည်တို့တွင် ငါးမျိုးစိုက်ထည့်ပွဲကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏စီစဉ်မှုဖြင့် ဇူလိုင် ၁၇ ရက်က ပြုလုပ်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ကန့်ဘလူခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်း၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ငါးမြစ်ချင်းနှင့် ထိုင်းငါးခုံးမ ငါးမျိုးများကို မျိုးစိုက်ထည့်ပေးကြသည်။ သိန်ရင်ဆည်တွင် ငါးမြစ်ချင်းနှင့် ထိုင်းငါးခုံးမသားပေါက် အကောင်ရေ ၅၀၀၀၀ စီနှင့် လင်ပန်းဆည်တွင်း ငါးသားပေါက်အကောင်ရေ ၅၀၀၀၀ စီတို့ကို မျိုးစိုက်ထည့်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ငါးသားပေါက်များ မျိုးစိုက်ထည့်ခြင်းအားဖြင့် ငါးသယံဇာတများ ပေါများလာပြီး ဒေသ၏ငါးထွက်နှုန်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဌာနက ငါးမျိုးများစိုက်ထည့်ပေးသကဲ့သို့ ဒေသခံပြည်သူများကလည်း ငါးလုပ်ငန်းဦးစီးဌာနမှ တားမြစ်ထားသည့် ငါးမဖမ်းဆီးရသည့်အချိန်ကာလတွင် ငါးဖမ်းဆီးခြင်း၊ တားမြစ်ငါးဖမ်းနည်းဖြစ်သည့် ဘက်ထရီရှော့ခ်တိုက်ခြင်းများကို မပြုလုပ်ကြရန်လိုအပ်ကြောင်းနှင့် ဆည်ပတ်ဝန်းကျင်တွင် သတိပေးဆိုင်းဘုတ်များလည်း စိုက်ထူထားကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးငွေမင်းက ပြောသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဒသမအကြိမ် အသေးစားအရင်းအနှီးချေးငွေ ပေးအပ်ပြီး ဥပဒေဆိုင်ရာများ ပညာပေးဆွေးနွေး

**ဝါးခယ်မ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ဒသမအကြိမ်မြောက် အသေးစားအရင်းအနှီးချေးငွေပေးအပ်ခြင်းနှင့် ဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်ဇေယျခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်နိုင်နှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးသီတာတို့က အသေးစားအရင်းအနှီးချေးငွေဆိုင်ရာဥပဒေများနှင့် အခြားသောဥပဒေဆိုင်ရာသိကောင်းစရာများကို ဟောပြောကြပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးသက်နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်ဝင်းတို့က သမဝါယမလုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက နယ်မြေအလိုက် သမဝါယမအသင်းများထံသို့ ချေးငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဝါးခယ်မမြို့နယ်တွင် အခြေခံသမဝါယမအသင်း ၂၅၉ သင်းရှိပြီး အသင်းသားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းအပါအဝင် အခြားသောစီးပွားရေးလုပ်ငန်းများအတွက် အသေးစားအရင်းအနှီးချေးငွေအဖြစ် ကျပ် ၄၅၆၇၆ ဒသမ ၁၈၄ သိန်းကို မြို့နယ်သမဝါယမအသင်းစုလီမိတက်က ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **လွှမ်းသီဟ(ပြန်/ဆက်)**

# ကနီမြို့၌ ကျောင်းအခြေပြု မီးဘေးလုံခြုံရေးဟောပြောပြီး လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြ

**ကနီ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ မြို့နယ်မီးသတ်ဦးစီးဌာန၏ စီစဉ်မှုဖြင့် ကျောင်းအခြေပြု မီးဘေးလုံခြုံရေး ပညာပေးဟောပြောခြင်းနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြခြင်းကို ဇူလိုင် ၁၆ ရက်က အဆိုပါ အခြေခံပညာကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြသရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထိန်လင်းထွန်းက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မီးသတ်ဆေးဘူးအသုံးပြုပုံနည်းစနစ်များကို ရှင်းလင်းပြသပြီးနောက် ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက မီးသတ်ဆေးဘူးနှင့် ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့လေ့ကျင့်ပြုလုပ်ခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် မီးဘေးအန္တရာယ်ကျရောက်လာလျှင် လုပ်ဆောင်ရမည့်အကြောင်းများကို ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။ **သန်းဌေးအောင်(ကနီ)**

# တောင်သာ-နွားထိုးကြီးလမ်းပိုင်း ကတ္တရာခင်းခြင်းကို စက်တင်ဘာတွင် အပြီးဆောင်ရွက်မည်

**တောင်သာ ဇူလိုင် ၁၇**

မြင်းခြံခရိုင်အတွင်းရှိ တောင်သာ-နွားထိုးကြီးလမ်း၏ တောင်သာမြို့နယ်အတွင်းလမ်းပိုင်း အရှည်တစ်မိုင်၌ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဧပြီလအတွင်းက စတင်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလအထိ ကာလတိုအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

တောင်သာ-နွားထိုးကြီးလမ်းကို ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် နွားထိုးကြီးမြို့နယ်ဘက်တွင် ကိုးမိုင်နှင့် တောင်သာမြို့နယ်ဘက်တွင် တစ်မိုင်ကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် တောင်သာမြို့နယ်ဘက်တွင် တစ်မိုင်ကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ကျန်ရှိနေသည့် လမ်းပိုင်း လေးမိုင်ခန့်တွင်လည်း ဆက်လက်၍ ကတ္တရာခင်းနိုင်ရေးအတွက် တင်ပြထားကြောင်း တောင်သာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **လင်းလက်ကြယ်(တောင်သာ)**

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၇-၆-၂၀၁၈ရက်မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၂၆-၇-၂၀၁၈** ရက်တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများ အနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာ ထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး ဖုန်းနံပါတ်-၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**ဖခင်အမည်မှန်**

ရေစကြိုမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (D)မှ မောင်မျိုးမြင့်ဌေး၏ ဖခင်အမည်မှန်မှာ ဦးဌေး ၉/ညဥန(နိုင်)၀၅၅၆၁၅ ဖြစ်ပါကြောင်း။ **ဦးဌေး**

**ဖခင်အမည်မှန်**

တောင်သာမြို့၊ ရုံးစည်ကြီး အထက အဋ္ဌမတန်း(A)မှ မောင်ဖြိုးဝေစိုး၏ ဖခင်အမည်မှန်မှာ ဦးသန်းစိုးထွန်း ၉/တသန(နိုင်)၁၁၇၂၇၃ ဖြစ်ပါကြောင်း။ **ဦးသန်းစိုးထွန်း**

**ဖခင်အမည်မှန်**

တောင်သာမြို့၊ ဆည်ကုန်း အထက အဋ္ဌမတန်းမှ မောင်မင်းအောင်ဇော်၏ ဖခင်အမည်မှန်မှာ ဦးလေးသန်း၉/တသန(နိုင်)၁၂၉၄၇၁ ဖြစ်ပါကြောင်း။ **ဦးလေးသန်း**

**ဖခင်အမည်မှန်**

တောင်သာမြို့၊ တလိုင်းရပ် ရွာသစ် အထက၊ နဝမတန်းမှ မောင်သန်းမင်းဇော်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးဇော်မျိုးသန်း ၉/တသန(နိုင်)၀၉၆၉၈၇ ဖြစ်ပါကြောင်း။ **ဦးဇော်မျိုးသန်း**

**ဖခင်အမည်မှန်**

တောင်သာမြို့၊ တလိုင်းရပ် ရွာသစ် အထက နဝမတန်းမှ မောင်ဝင်းဗိုလ်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးတင်မြင့် ၉/တသန(နိုင်)၁၇၁၀၅၆ ဖြစ်ပါကြောင်း။ **ဦးတင်မြင့်**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ စိတ်ပါဝင်စားမှုဖော်ပြလွှာဖိတ်ခေါ်ခြင်း(REOI) (Request for Expression of Interest)

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ အောက်ပါတည်ဆောက်ခြင်းလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ တိုင်းဒေသကြီးတင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့တွင် မှတ်ပုံတင်ပြီးဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား စိတ်ပါဝင်စားမှုဖော်ပြလွှာ (EOI)များ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**လုပ်ငန်းအကြောင်းအရာ**

တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ ကျိုက္ကဆံလမ်းပေါ်၊ တာမွေယာယီဈေး၊ မြေဧရိယာ(၃ဒသမ၇၉၂)ဧကတွင် အဆင့်မြင့်ဈေးအဆောက်အအုံ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း

၂။ EOI စာရွက်စာတမ်းများကို ၁၁-၇-၂၀၁၈ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ၊ ဒုတိယထပ်၊ ဈေးများဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ EOI အဆိုပြုလွှာ စာရွက်စာတမ်းအပြည့်အစုံကို အထက်ဖော်ပြပါဌာနသို့ ၁၀-၈-၂၀၁၈ရက် ညနေ၃နာရီတွင် နောက်ဆုံးထား၍တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော EOI အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၄။ EOI နှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန ဖုန်း-၀၁-၃၇၆၇၀၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပညာရေးဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) ဘဏ္ဍာရေးနှစ်အတွင်း အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ရုံးဟောင်း သုံးထပ်ဆောင်(A,B,C,D) လေးဆောင်မွမ်းမံခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၂-၇-၂၀၁၈ရက် ၉း၃၀နာရီ
**တင်ဒါပုံစံနောက်ဆုံး တင်သွင်းရမည့်ရက်** - ၂၆-၇-၂၀၁၈ရက် ၁၆း၀၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊

အမှတ်(၆)၊ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

၃။ အသေးစိတ်သိရှိလိုပါက သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ (ဖုန်း-၀၁-၆၆၃၂၅၈၊ ၀၁-၆၆၅၂၉၂၊ ၀၁-၆၆၃၀၂၆)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

**တစ်ဦးတည်းဖြစ်ကြောင်း**

ရမည်းသင်းမြို့၊ မြို့လှအထက(၆)၊ နဝမတန်း(C)မှ မအိမ်ပို၏ ဖခင် ဦးလူငယ်(ခ) ဦးအောင်ဇော်လွင် ၉/ရမသ(နိုင်)၁၂၃၁၆၆မှာ တစ်ဦးတည်း ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ကြောင်း**

ရမည်းသင်းမြို့၊ မြို့လှအထက(၆)၊ နဝမတန်း(C) မှ မစုစုလှိုင်၏ ဖခင်မှာ ဦးကျော်ဆန်းဦး(ခ) ဦးကျော်ဆန်း ၉/ရမသ(နိုင်)၁၁၆၇၄၇မှာ တစ်ဦးတည်း ဖြစ်ပါသည်။

**အမည်ပြောင်း**

ဦးအောင်စိုးနိုင်၏သား ပြည်ကြီးတံခွန်မြို့နယ် အထက(၂၇)သတ္တမတန်း (H)မှ မောင်ဘုန်းမြတ်သူအား မောင်ဘုန်းမြတ်အောင်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုန်းမြတ်အောင်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4F/8939 ၏ ဖောင်းကြွနံပတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကနည၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1K/5294၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကနည၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

**အမည်မှန်နှင့် မိဘအမည်မှန်**

တောင်သာမြို့၊ ဆည်ကုန်း အထက၊ အဋ္ဌမတန်းမှ မစန်းလှ၏ အမည်မှန်မှာ မစန်းစန်းလှဖြစ်ပြီး ၎င်း၏မိဘအမည်မှန်မှာ ဦးဌေးလွင် ၉/တသန(နိုင်) ၀၃၃၈၁၇နှင့် ဒေါ်သီတာမိုး ၉/တသန(နိုင်) ၁၀၂၇၇၅ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လင်းကတောရွာ အထက နဝမတန်း(C)မှ မယုမွန်၏ ဖခင်အမည်မှန်မှာ ဦးမြင့်သိန်း ၈/ရစက(နိုင်) ၁၀၆၂၂၃ ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မော်လိုက်မြို့ အထက၊ တက္ကသိုလ်ဝင်တန်း(C)မှ မြို့မ(၁)ရပ်ကွက်၊ ရွှေပြည်သာရပ်နေ မနှင်းနုနုဝေ၏ဖခင် ဦးစောလင်းနှင့် ဦးသိန်းဝင်း ၅/မလန(နိုင်)၀၀၁၇၂၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**သား/သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ မကျီးတောကျေးရွာနေ ဦးအေးသောင် YEU-၀၅၆၀၅၉၏သားသမီးများဖြစ်သော ဒေါ်ခင်စောဦး ၅/ရဥန(နိုင်)၀၁၄၄၁၆၊ ဦးဝင်းဗိုလ် ၅/ရဥန(နိုင်)၀၁၄၄၁၅နှင့် ဦးဇော်ဝင်းအေး YEU-၀၉၇၃၃၁ တို့သည် မိဘ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိသားစုနှင့်ဆွေမျိုးများအပေါ် ဂုဏ်သိက္ခာ ကျဆင်းစေမည့်ကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သား/သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ ၎င်းတို့နှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဖခင်-ဦးအေးသောင်**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြောက်ပိုင်းမြို့နယ်၊ ၄၈/U9ရပ်ကွက်၊ အပန်းဖြေရိပ်သာလမ်း၊ မြေကွက်အမှတ်(၄၁၂/၄၁၃) တစ်ကွက်လျှင် အကျယ်အဝန်း ပေ၆၀×ပေ၈၀ (၀ဒသမ ၁၁၀ဧက) နှစ်၆၀ဂရန်မြေ၊ နှစ်ကွက်တွဲအား အမှတ်(၉၀) A1၊ ကမာရွတ်မြို့နယ်နေသူ ဂရန်အမည်ပေါက် ဒေါ်မြင့်မြင့်ဦး ၉/မရမ(နိုင်)၀၄၅၄၅၅မှ ရောင်းချလာသဖြင့် ဝယ်ယူသူ ဦးဝင်းနိုင် ၁၂/လကန(နိုင်)၀၆၇၅၂၆မှဝယ်ယူပြီး စရန်တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှစ်ကွက်တွဲအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများ ယူဆောင်၍ ရောင်းချသူ ဒေါ်မြင့်မြင့်ဦးနှင့် ဝယ်ယူသူ ဦးဝင်းနိုင်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ**
**ဦးဝင်းနိုင်**
**ဖုန်း-၀၉-၄၃၀၃၀၂၂၁**

## လျှပ်စစ်ဓာတ်အားပေးတည်ဆောက်ရေးလုပ်ငန်းအတွက် ဝန်ထမ်းခေါ်ယူခြင်း

**PowerGen Kyaukse Co.,Ltd.** မှ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် (ဘဲလင်း)၌ တည်ဆောက်မည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ခန့်ထားရန် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိပါသည်။ တာဝန်ထမ်းဆောင်လိုသူများသည် CV တို့နှင့် အတွေ့သက်ဆိုင်ရာ ထောက်ခံချက် အထောက်အထားများပူးတွဲလျှက် ၂၅. ၇. ၂၀၁၈ (ဗုဒ္ဓဟူးနေ့) ထက်နောက်မကျစေဘဲ ပေးပို့ နိုင်ပါသည်။

ဆက်သွယ်ရန်
**PowerGen Kyaukse Co., Ltd.**
အမှတ် (၃၆/၄၄)၊ သိမ်ဖြူလမ်း၊ (ဗိုလ်ချုပ်လမ်းထောင့်)၊ (၉) ရက်ကွက်၊ ပုစွန်တောင် မြို့နယ်၊ ရန်ကုန်။
**Email Address - nhwhr2015@gmail.com**
**Phone No-** ၀၁-၈၆၁၀၆၅၄, ၀၁-၈၆၁၀၆၅၆, ၀၁-၈၆၁၀၆၅၇, ၀၁-၈၆၁၀၆၅၈။

| Sr. | Title | Qty | Qualification | Language skill (Read/write/Speak) | Experience |
|---|---|---|---|---|---|
| 1 | Project Manager | 1 | B.E (Mechanical) | English Myanmar | 15 years experience in managing the project especially for power plant construction |
| 2 | Mechanical Engineer | 3 | B.E (Mechanical) | English Myanmar | 10 years experience in installation of Reciprocating Gas Engine |
| 3 | Electrical Engineer | 2 | B.E (Electrical) | English Myanmar | 10 years experience in installation of power plant, switch yard |
| 4 | Instrumentation and control Engr. | 1 | B.E (Electronic/IT) | English Myanmar | 10 years experience in installation of control system in power plant |
| 5 | Civil Engineer | 1 | B.E (Civil) | English Myanmar | 10 years experience in construction of Power shed, foundation, etc |
| 6 | HSE Coordinator | 1 | Any Graduate | English Myanmar | 10 years experience in HSE construction project |
| 7 | Project Secretary | 2 | Any Graduate | English Myanmar | Female 5 years secretary experience |
| 8 | Document Controller | 1 | Any B.E or any Graduate | English Myanmar | 5 years experience in controlling of project drawings and document |
| 9 | Project Coordinator | 1 | B.E or AGTI | English Myanmar Chinese | 5 years experience of coordinating in construction project |
| 10 | Project Accountant | 1 | B.Act | English Myanmar | 10 years experience |
| 11 | Driver | 3 | Minimum $8^{th}$ std | Myanmar English-understandable | 5 years experience |
| 12 | Interpreter | 2 | Any Graduate | Chinese Myanmar English | 5 years experience |
| 13 | Administration support | 2 | Any Graduate | Myanmar English | 5 years experience |
| 14 | Logistics | 2 | Any Graduate | Myanmar English | 5 years experience in logistic and store |
| 15 | House keeping | 2 | Minimum | Myanmar | 3 years |
| | Total | 25 | | | |

## မိဘအမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက(မောင်းဒီး)ကျောင်း တက္ကသိုလ်ဝင်တန်း(C)မှ မောင်နေမျိုးဇော်၏ မိဘအမည်မှန်မှာ ဦးအုန်းကျော်မြင့် ၁၄/ဝခမ(နိုင်)၂၁၃၆၃၉၊ ဒေါ်ဝေဝေဇင် ၁၄/ဝခမ(နိုင်)၂၃၉၆၈၇ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ရမည်းသင်းမြို့၊ မြို့လှ အထက(၆)၊ တက္ကသိုလ်ဝင်တန်း (B)မှ မောင်စိုင်းရာဇာ၏ဖခင်မှာ ဦးအုန်းမြင့်(ခ)ဦးအုံးမြင့် ၉/တကန(နိုင်)၁၀၂၉၂၈သည် တစ်ဦးတည်းဖြစ်ပါသည်။

## ဖခင်အမည်မှန်

မိုင်းဖြတ်မြို့နယ်၊ အထက(မိုင်းဖြတ်)ကျောင်း ဆဋ္ဌမတန်း(B)မှ မနန်းဦးခမ်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်ယီ ၁၃/မဖန(နိုင်)၀၁၄၀၈၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဆားလင်းကြီးမြို့နယ်၊ အမှတ်(၁)ကြေးနီ အထက တက္ကသိုလ်ဝင်တန်း (B)မှ မောင်တိုးတက်ဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးနိုင်နိုင် ၅/ဆလက(နိုင်)၀၀၀၉၅၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၉၆၁၃၇ Honda Dream 125, ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းရှဲနှံ ၁၃/တခလ(နိုင်)၀၂၆၈၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 1K/9241 Toyota Wish ZNE 10, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမြအေး ၁၃/ကတန(နိုင်)၀၇၆၃၇၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MGY/၆၃၅၇ wanjia 110, ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးလှမောင် ၈/ပခက(နိုင်)၂၅၂၄၄၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၈၆၃၁၂ Dayang 125, ဆိုင်ကယ် လက်ဝယ်ရှိသူ ဒေါ်ငြိမ်းစုဖြိုး ၈/ပခက(နိုင်)၂၈၉၆၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၄/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၁၀)၊ မြေယာအမှတ် (210)၊ မြေဧရိယာ ၀ ဒသမ ၁၄၇ ဧကရှိ မြေကွက်အား မြေငှားဂရန် အမည်ပြောင်းလျှောက်ထားနိုင်ရေး ဒေါ်အေးအေးရှင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**




## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အမှတ် (၅၈)နေ ဒေါ်နန်းအေးလင်း၁၃/သပန(နိုင်)၀၂၃၃၀၆၏ ပိုင်ဆိုင်သော ဖုန်းနံပါတ် (၀၂-၆၉၀၁၀၊ ၀၂-၆၉၀၁၂၊ ၀၂-၆၉၀၁၃၊ ၀၂-၆၉၀၁၄)တို့၏ စာချုပ်စာတမ်းများမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၄၄၄၃၅၅၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉/အဘိရာဇာ)၊ ဦးပိုင်အမှတ်(၆၁)၊ ဧရိယာ ၀ဒသမ၀၄၈ ဧကရှိမြေကွက်ကို ဒေါ်ခင်ကြည်ဝင်း(ဘ)ဦးရွှင် ၉/တကန(နိုင်)၀၁၂၂၁၀ မှ အရောင်းအဝယ်စာချုပ်၊ တပ်ကုန်းမြို့နယ်တရားရုံး၏ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုလွှာမှတ်ပုံတင်အမှတ်-၁၂၁/၂၀၁၈၊ ဘုရင့်နောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ အကွက်အမှတ်(၂၅/လုံလော့ရပ်)၊ ဦးပိုင်(၇၅)၊ ဧရိယာ(၀ဒသမ ၀၉၂)ဧကရှိမြေအား အမှုတွဲအမှတ်၊ ၆၆၁-၅/၁၉၉၉-၂၀၀၀(စီ)ဖြင့် မောင်အားမင် အမည်ပေါက်ပိုင်ဆိုင်ပြီး ၁၈-၂-၂၀၀၄ရက်တွင် အရောင်းအဝယ်စာချုပ်အမှတ် ၇၀I/၂၀၀၄ဖြင့် ဒေါ်အားချိုမှ ချုပ်ဆိုပိုင်ဆိုင်ထားပြီး ဒေါ်အားချိုထံမှ ၁၅-၉-၂၀၁၄ရက်တွင် အရောင်းအဝယ်စာချုပ်အမှတ် ၃၂၀I/ ၂၀၁၄ဖြင့် ဒေါ်စီယောင်းက ထပ်မံဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်၍ ဒေါ်စီယောင်း ၁၃/တယန(နိုင်)၀၁၈၁၆၃မှ မြေငှားဂရန်အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း၂၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမည်ပြောင်းထပ်မံအသစ် လျှောက်မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အများသိစေရန်ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ်(၃၃/ရှမ်းဈေးတန်း)၊ ဦးပိုင်(၅/စ)၊ ဧရိယာ (၀ဒသမ၁၆၄) ဧကရှိမြေအား အမှုတွဲအမှတ် ၆၀၃-၅/၂၀၁၃-၂၀၁၄(အေ)ဖြင့် ဦးရန်စီချန်း အမည်ပေါက်ပိုင်ဆိုင်ပြီး ၄င်းမှ ၁၄-၂-၂၀၁၆ရက်တွင် ဒေါ်နန်းဝင့်ဝါအေးအား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆VI/၂၀၁၆)ဖြင့်လွှဲအပ်ထားသဖြင့် ဒေါ်နန်းဝင့်ဝါအေး ၁၃/လရန (နိုင်)၁၀၂၇၀၂မှ ဦးရန်စီချန်း(ကိုယ်စား) မြေဂရန်မူရင်း ပျောက်ဆုံးသွား၍ မိတ္တူမှန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း၂၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးရန်စီချန်း ၁၃/ကလတ(နိုင်)၀၁၁၉၂၅ အမည်ဖြင့် မိတ္တူမှန်မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်းအမှတ်(၂၀)၊ ဦးပိုင်အမှတ်(၁၃၂) ဧရိယာ(၀ဒသမ၁၀၈)ဧကရှိမြေကွက်အား ဦးတန်ဘော်နော်ထွဲ ၁/မကန(နိုင်)၀၁၇၁၅၇အမည်ဖြင့် အမှုတွဲအမှတ်-၂၇၉/V၂၀၁၃-၂၀၁၄ အရ ၅-၅-၂၀၁၄ရက်မှ ၄-၅-၂၀၄၄ရက်အထိနှစ် (၃၀)မြေငှားဂရန်ရရှိခဲ့ရာ ဦးတန်ဘော်နော်ထွဲ ကွယ်လွန်သွားသဖြင့် ၄င်း၏သား/သမီး အရင်းများဖြစ်ကြသော ဒေါ်နန်တောင် ၁/မကန(နိုင်)၁၃၅၀၆၇၊ ဒေါ်နန်အောင် ၁/မကန(နိုင်)၀၁၇၁၄၈၊ ဒေါ်ရွှယ်ဂရောင် ၁/မကန(နိုင်)၀၀၀၈၆၈၊ ဒေါ်ထုရော် ၁/မကန(နိုင်)၀၀၀၈၈၄၊ ဦးဇော်ဒန် ၁/မကန(နိုင်)၁၀၀၉၁၉တို့မှ အမွေဆက်ခံကြောင်းကြေညာစာချုပ်ချုပ်ဆို၍ ဦးအောင်မင်းဇော် ၁/မကန(နိုင်)၁၀၁၇၅၁၊ ဦးလင်းထက်မောင် ၁/မကန(နိုင်)၁၁၆၄၇၅တို့နှစ်ဦးထံသို့ ရောင်းချခဲ့ပါသည်။ ယခုအခါ ဦးအောင်မင်းဇော် ၁/မကန(နိုင်)၁၀၁၇၅၁၊ ဦးလင်းထက်မောင် ၁/မကန(နိုင်)၁၁၆၄၇၅တို့နှစ်ဦးအမည်ဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုနှင့်ပက်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(အမည်)ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လီတွေ့ဘ်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1B/7768 ယာဉ်လက်ဝယ်ရှိသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၂၆၆၀၂ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွေးနွေး ၉/တသန(နိုင်)၁၁၁၄၉၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၆)၊ ဦးပိုင်အမှတ်(၁၃·က)၊ ၅၇×၅၈လမ်းကြား၊ အနော်ရထာ×အောင်ဇေယျလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းလွင် ၁၃/တယန(နိုင်)၀၂၈၉၄မှ ဂရန်စာချုပ်မူရင်း မီးလောင်ကျွမ်းပျက်စီးသွားပါသဖြင့် ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၇)၊ ဦးပိုင်အမှတ်(၈၁)၊ မနော်ဟရီ×ခိုင်ရွှေဝါလမ်းကြား၊ ၅၁×၅၂လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒုတပ်ကြပ်အောင်မြတ် ၉/မကန(နိုင်)၀၃၉၂၇၀ မှတောဂရန်မူရင်း၊ မြေချထားမိန့်မူရင်း၊ မြေဖိုး၊ လမ်းဖိုးငွေသွင်းပြေစာမူရင်းများ အသိမ်းလွန်ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ရေငယ်ရပ်ကွက်၊ ကွင်းအမှတ်(၆၈၀)၊ ဦးပိုင်အမှတ်(၃/၃)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေအား ဒေါ်စန်းစန်းထွေး ၉/မကန(နိုင်)၀၄၆၇၄၅ မှ လူနေအိမ်ပြုလုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ(၃၀)အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါလယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကန့်ကွက်ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**
**ပြင်ဦးလွင်မြို့**

## ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း

တောင်သာမြို့၊ အမှတ်(၄)၊ ဈေးရပ်ကွက်နေ ဒေါ်အိအိချော(ဘ)ဦးဖိုးညို ၉/တသန(နိုင်)၀၀၀၆၄၅ ၏ ခင်ပွန်း ဦးမျိုးမင်းခန့်(ဘ)ဦးကိုကိုလေး ၉/တသန(နိုင်)၁၁၆၀၂၆သည် ၂၈-၁၀-၂၀၁၇ရက်တွင် နေအိမ်မှဆင်းသွားခဲ့ရာ ယနေ့အချိန်ထိ ကျွေးမွေးထောက်ပံ့ခြင်း၊ ပတ်သက်ခြင်းမရှိဘဲ ခင်ပွန်းဝတ္တရားများ ပျက်ကွက်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိချော**
**အမှတ်(၄)၊ ဈေးရပ်ကွက်၊ တောင်သာမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၂၉၈၈၃ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်နိုင် ၉/ခမစ(နိုင်)၀၁၈၄၅၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၂၅)နေ (၁)ဦးကိုလေး (ဘ)ဦးတင်စိုး ၁၂/မဂတ(နိုင်)၀၆၁၀၉၈၊ (၂)ဒေါ်မေသက်ဦး (ဘ)ဦးသောင်းရွှေ ၁၂/မဂတ(နိုင်)၀၆၁၀၉၆ တို့မှ အမှတ်(၁၁၂၅)၊ မိုးမခလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးအောင်ဇော်ဦး (ဘ)ဦးအောင်မြင့် ၁၂/မဂတ(နိုင်)၀၇၄၀၅၂ အား ၁၂-၁၁-၁၅ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၇၀၄)ကို လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ ၄င်းအထွေထွေကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **(၁) ဦးကိုလေး ၁၂/မဂတ(နိုင်)၀၆၁၀၉၈** | **ဦးလင်းသန့်ဇင် LL.B,D.B.L,D.I.L** |
| **(၂) ဒေါ်မေသက်ဦး ၁၂/မဂတ(နိုင်)၀၆၁၀၉၆** | **အထက်တန်းရှေ့နေ** |
| | **ရုံးခန်းအမှတ်(၃)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်** |
| | **မြောက်ဥက္ကလာပတရားရုံးအနီး၊** |
| | **ဖုန်း-၀၉-၂၅၀၀၀၈၈၆၇** |

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃တိုးချဲ့) မြေကွက်အမှတ်(၉၇၇)၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧက၊ မြေကွက်အမှတ်(၉၇၈)၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧက၊ မြေကွက်အမှတ်(၉၇၉)၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧကစီရှိ နှစ်(၆၀)ဂရန်မြေကွက်(၃)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ဦးဝင်းမောင် ၁၂/လမတ(နိုင်)၀၃၀၃၁၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း (LL.B) (စဉ်-၂၇၀၇၅)**
**အကျိုးဆောင် အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၂၇၈၃၃၆**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ မြေကွက်အမှတ်(၁၀၃၆)၊ နှစ်(၆၀)မြေငှားဂရန်အမျိုးအစား၊ (၄၀'×၆၀')အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဂရန်အမည်ပေါက် ဒေါ်အေးနွယ်နွယ်ဝင်း၁၂/ဗဟန(နိုင်)၀၀၃၇၀၀ အမည်ပေါက်သော မြေကွက်ဖြစ်၍ ယင်းမြေကွက်နှင့်တကွ အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့ကို ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်နန်းဝိုးလျိုး(ခ) ဒေါ်ဖြူဖြူဝင်း၉/မရမ(နိုင်)၀၇၄၆၁၄က လွှဲပြောင်းလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့်နေအိမ်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသော်ဇင်** | **ဦးစွမ်းထက်ပိုင်** |
| **LL.B (၃၁၈၅၄)** | **LL.B (၄၀၇၉၅)** |
| **ဖုန်း-၀၉-၄၃၀၆၄၂၈၁** | **ဖုန်း-၀၉-၄၃၀၉၄၆၇၂** |

**အထက်တန်းရှေ့နေများ**
**တိုက်(၁၄)၊ အခန်း (B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ် ကြေညာချက်

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ဟိန္ဒူဘုရားကျောင်းများ၊ ဟိန္ဒူဘာသာရေးအဖွဲ့အစည်းများအားလုံး လိုက်နာဆောင်ရွက်နိုင်ရန်အတွက် အောက်ပါစည်းကမ်းချက်များကို အများသိစေရန် ကြေညာအပ်ပါသည်။

(၁) ဟိန္ဒူဘုရားကျောင်းသာသနိကအဆောက်အအုံ၊ ဝတ္တကမြေနှင့် ဘာသာရေးအဖွဲ့အစည်းများသည် ခေတ်နှင့်မညီတော့သောစည်းမျဉ်း (သို့မဟုတ်) စည်းမျဉ်းပြဋ္ဌာန်းထားမှုမရှိခြင်းတို့အတွက် စည်းမျဉ်းပြင်ဆင်/အသစ် ရေးဆွဲရာတွင်-

(က) ဂေါပကသက်တမ်းကို(၃)နှစ်ထက်မပိုသောသက်တမ်းသတ်မှတ်ရန်၊

(ခ) ဂေါပကအဖြစ်ဆောင်ရွက်မည့်သူသည် ကျင့်ဝတ်သိက္ခာဖောက်ပြားမှုနှင့်သက်ဆိုင်သောပြစ်မှုကျူးလွန်ပြီး တရားရုံးတော်မှပြစ်ဒဏ်ချမှတ်ခြင်းခံရသူ မဖြစ်စေရ၊

(ဂ) စိတ်ပေါ့သွပ်သူ သို့မဟုတ် လူမွဲအဖြစ်ကြေညာပေးရန်လျှောက်ထားသူ သို့မဟုတ် လူမွဲအဖြစ်ကြေညာခြင်းခံထားရသူ မဖြစ်စေရ၊

(ဃ) ဟိန္ဒူဘာသာသာသနာ၏ငွေကြေးအလွဲသုံးစားမှု၊ သိက္ခာပိုင်းဆိုင်ရာငြိစွန်းမှုရှိသူ မဖြစ်စေရ၊

စသည့်အချက်အလက်များထည့်သွင်းရေးဆွဲ၍ သက်ဆိုင်ရာဘုရားကျောင်း ဝတ်ပြုကိုးကွယ်သူအများစု၏ဆန္ဒဖြင့်ဖြစ်စေ ဟိန္ဒူဗဟိုကောင်စီသင်းလုံးကျွတ် အထွေထွေညီလာခံ (သို့မဟုတ်) အထွေထွေကောင်စီအစည်းအဝေးသို့ဖြစ်စေ စည်းမျဉ်းအသစ်ကို တင်သွင်းအတည်ပြုချက်ရယူရမည်။

(၂) ဟိန္ဒူဘုရားကျောင်းပိုင်မြေ၊ သာသနာ့မြေပေါ်တွင် အဆောက်အဦဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းတို့ကို ဂေါပကအဖွဲ့က မိမိသဘောတစ်ခုတည်းဖြင့် ဆောင်ရွက်ခွင့်မရှိစေရ။

(၃) တစ်ချိန်က မိသားစုဘုရားကျောင်းအဖြစ်တည်ထားခဲ့သော်လည်း ယခုအခါ အများပြည်သူဝတ်ပြုကိုးကွယ်သူများ၏အလှူငွေဖြင့် ဘုရားကျောင်း တည်ဆောက်မွမ်းမံပြုပြင်ခြင်း၊ ဘုရားပွဲများကျင်းပခြင်းများရှိပါက အများရွေးချယ်ပေးထားသောဂေါပကနှင့် အများပိုင်ဘုရားကျောင်းအဖြစ်တည်ရှိစေရမည်။ ဘုရားကျောင်းပရိဝုဏ်အတွင်း ဟိန္ဒူဘာသာဝင်တို့၏ကိုးကွယ်ရာဘုရားများမှလွဲ၍ အများပြည်သူထင်ယောင်ထင်မှားဖြစ်စေသောကိုးကွယ်မှုပုံစံများ၊ အခြားဘာသာအယူဝါဒများ၏ ရုပ်တုများ၊ အမှတ်အသားများ တည်ထားခြင်းမရှိစေရ။

ဦးမောင်ရွှေ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဗဟိုကောင်စီရွေးချယ်ပွဲကော်မရှင်

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1k/5306 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/1907 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/3999 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/6072 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/7291 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/3420 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူအောင် ၇/ပခန(နိုင်)၂၁၁၉၅က (ကမ-၃)ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/6888 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉C/၁၄၃၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/3534 Mitsubishi Canter L/T(4 ×2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိန် ၁၄/ပသန(နိုင်)၁၄၇၆၃၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/4071၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/6467 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8M/7274 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/9027 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/7486 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၅)၊ ကွင်းအမည်-သဲဖြူချောင်း၊ ဦးပိုင်အမှတ်(N-၆၁/က)၊ မြေဧရိယာ ၄ ဒသမ ၃၀ ဧကရှိ မြေနှင့်မြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်များကို တရားဝင်လက်ရှိပိုင်ဆိုင်သော ဒေါ်ဆုပြည့်သာမှ မြေငှားဂရန်သစ်ထုတ်ပေးပါရန် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဒေါ်ဆုပြည့်သာမှ ဂရန်သစ်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းအမိန့်ဒီကရီမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဂရန်သစ်လျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၅၀)**
**အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၇၉၂၀၄၅၈၇၅**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၅)၊ ကွင်းအမည်-သဲဖြူချောင်း၊ ဦးပိုင်အမှတ်(N-၅၈)၊ မြေဧရိယာ ၅ ဧကရှိ မြေနှင့်မြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်များကို တရားဝင်လက်ရှိ ပိုင်ဆိုင်သော ဒေါ်သန်းသန်းနွဲ့မှ မြေငှားဂရန်သစ်ထုတ်ပေးပါရန် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဒေါ်သန်းသန်းနွဲ့မှ ဂရန်သစ်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းအမိန့်ဒီကရီမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဂရန်သစ်လျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၅၀)**
**အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၇၉၂၀၄၅၈၇၅**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၅)၊ ကွင်းအမည်-သဲဖြူချောင်း၊ ဦးပိုင်အမှတ်(N-၅၇)၊ မြေဧရိယာ ၅ဧကရှိ မြေနှင့် မြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်များကို တရားဝင်လက်ရှိ ပိုင်ဆိုင်သော ဒေါ်သန်းသန်းနွဲ့မှ မြေငှားဂရန်သစ်ထုတ်ပေးပါရန် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီး ဖြစ်ပါသည်။ ဒေါ်သန်းသန်းနွဲ့မှ ဂရန်သစ်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းအမိန့်ဒီကရီမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဂရန်သစ်လျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၅၀)**
**အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၇၉၂၀၄၅၈၇၅**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၅)၊ ကွင်းအမည်-သဲဖြူချောင်း၊ ဦးပိုင်အမှတ်(N-၅၉)၊ မြေဧရိယာ ၅ဧကရှိ မြေနှင့်မြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်များကို တရားဝင်လက်ရှိပိုင်ဆိုင်သော ဦးမိုးမြင့်သာမှ မြေငှားဂရန်သစ်ထုတ်ပေးပါရန် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဦးမိုးမြင့်သာမှ ဂရန်သစ်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းအမိန့်ဒီကရီမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက ဂရန်သစ်လျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၅၀)**
**အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၇၉၂၀၄၅၈၇၅**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၃၃၃၂ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်းဦး ၉/ပသတ(နိုင်)၀၇၃၇၁၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6L/6603ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်လတ်၉/မမန(နိုင်)၀၁၆၅၅၁ မှယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြောငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြင်ဦးလွင်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1M/8416 Suzuki Carry DA 63T P/U (4×4)(R) ယာဉ်လက်ဝယ်ရှိသူ ဦးအရာတွဲလဲ(ခ)ဇော်ဝင်း ၁၄/သဃက(နိုင်)၂၀၃၃၄၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 8J/7217 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/5552 Toyota Corolla NZE 120 S/L (၄×၂)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်သူ ၁၂/သကတ (နိုင်)၀၀၂၃၇၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပင်လုံထိပ်ထားစံအိမ်၊ ဦးဝိစာရလမ်းနှင့်ချင်းတွင်းလမ်းထောင့်၊ တိုက်အမှတ်(၇၂)၊ အခန်းအမှတ်(၆၀၅)၊ အကျယ်အဝန်း(၁၆၅၀) စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့်ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်ခင်မာစိန် ၁၂/ဗတထ(နိုင်)၀၀၈၀၄၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း (စဉ်-၆၀၈၂)**
**B.A,H.G.P,C.B.L,D.B.L,D.M.L**
**အထက်တန်းရှေ့နေ**
**တိုက်အမှတ်-၃(အေ)၊ ၃-လွှာ(ခေါင်းရင်းခန်း)၊**
**သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ လူနေရပ်ကွက်အမှတ်(နွယ်အေး)၊ အောင်ချမ်းသာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(ဃ/၃၉)၊ မြေအကျယ်အဝန်း (၂၅ပေ×ပေ၅၀)ရှိ နှစ်(၆၀)ဂရန် မြေကွက်သည် မြို့မြေစာရင်းတွင် ဦးစိန်ဝင်း ၁၂/ဒပန(နိုင်)၀၂၉၅၆၉ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက စရန်ငွေကျပ်တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေအိမ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်လာ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှခိုင် (စဉ်-၂၃၃၈၀)**
**အထက်တန်းရှေ့နေ**
**အမှတ်(၃၉)၊ (၃၅) လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၉၇၆၃**

### ပျောက်ဆုံးကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေးကြီးသည် ၉-၁-၂၀၁၆ ရက် နံနက်ပိုင်းတွင် မီးသင့် လောင်ကျွမ်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ မင်္ဂလာဈေးတတိယထပ်၊ ဆိုင်အမှတ်(၆၃၄) အမည်ပေါက် ဒေါ်ခင်စောရီ ၁၁/မအန(နိုင်)၀၀၁၇၁၇၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ် (S-14273)မှာ မီးလောင်ပျက်စီးသွားပါ၍ အသစ်ပြန်လည်လျှောက်ထားထုတ်ယူနိုင်ရေးအတွက် ကန့်ကွက်မှုရှိ/မရှိ အသိပေး အကြောင်းကြားအပ်ပါသည်။ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ခင်စောရီဖုန်း-၀၉-၅၁၉၀၇၅၀**

### အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ဆတ်ခြိ ကျေးရွာအုပ်စု၊ တောင်ဦးကျေးရွာနေ မောင်မြင့်ကြည် ၁၃/ရငန(နိုင်)၀၆၇၇၃၃ ၏ဇနီး မတင်ဝင်း ၁၃/ရငန(နိုင်)၀၅၁၄၁၇ သည် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ မတင်ဝင်း၏ အရှုပ်အရှင်းတစ်စုံတစ်ရာကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ဇနီးအဖြစ်မှမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**မောင်မြင့်ကြည်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးကို (အထက်တန်းရှေ့နေ) စဉ်-၁၁၅၀၆**
**အရှေ့မြင်စိုင်း၊ အုန်းခြံ၊ ပတ္တာကျေးရွာအုပ်စု၊**
**ကျောက်ဆည်မြို့နယ်၊ ဖုန်း-၀၉-၃၃၀၂၅၇၁၆**

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၃)၊ နယ်မြေ(၈)၊ အကွက်အမှတ်(၅၁/ကုလားတန်)၊ ဦးပိုင်အမှတ်(၂၁၁)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၅၇ ဧက၊ မြေဂရန်အမှုတွဲအမှတ် ၂၇၆-၅/၂၀၁၃-၂၀၁၄(အေ) မြေကွက်မှာ ဒေါ်ဟွေမိန်း ၁၃/လရန(နိုင်)၀၆၁၈၈၉ အမည်ပေါက် ပိုင်ဆိုင်ပြီး ဒေါ်ဟွေမိန်းမှ အိမ်မြေကွက်မေတ္တာဖြင့် ပေးကမ်းခြင်း၊ စာချုပ်အမှတ် (၁၁၇I/၂၀၁၈)ဖြင့် ၎င်း၏သားဖြစ်သော ဦးသိန်းဝင်း ၁၃/လရန(နိုင်)၁၁၆၈၄၇အား မေတ္တာဖြင့်ပေးကမ်းပြီးဖြစ်၍ ဦးသိန်းဝင်းမှ မြေငှားဂရန်အမည်ပြောင်း လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း(၂၀)အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း မြေငှားဂရန်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းများဆောင်ရွက်

**မောင်တော ဇူလိုင် ၁၇**

မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်း အတိုင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခြင်းနှင့် နတ်မြစ် အတွင်း ရေကြောင်းကင်းလှည့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**မြေပြင်လှည့်ကင်းဆောင်ရွက်**

နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁ ရက် နံနက် ၈ နာရီ မှ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်အထိ နယ်ခြားမှတ်တိုင် ၅၄ မှ ၅၅ အထိလည်းကောင်း၊ ဇူလိုင် ၈ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ နယ်ခြားမှတ်တိုင် ၄၂ မှ ၄၃ အထိ လည်းကောင်း၊ ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်မှ ၁၁ နာရီ မိနစ် ၃၀ အထိ နယ်ခြားမှတ်တိုင် ၄၃ မှ ၄၄ အထိလည်းကောင်း၊ ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီ ၁၀ မိနစ်မှ ၁၀ နာရီ ၃၅ မိနစ်အထိ နယ်ခြားမှတ်တိုင် ၄၆ မှ ၄၇ အထိလည်းကောင်း၊ နံနက် ၉ နာရီခွဲမှ ၁၀ နာရီ ၁၀ မိနစ်အထိ နယ်ခြားမှတ်တိုင် ၃၁ မှ ၃၄ အထိ လည်းကောင်း၊ ဇူလိုင် ၁၅ ရက် နံနက် ၁၁ နာရီ မှ ၁၁ နာရီ ၁၀ မိနစ်အထိ နယ်ခြား မှတ်တိုင် ၃၄ မှ ၃၆ အထိ လည်းကောင်း၊ နံနက် ၁၀ နာရီ ၁၅ မိနစ် မှ ၁၁ နာရီခွဲအထိ နယ်ခြားမှတ်တိုင် ၄၇ မှ ၄၈ အထိလည်းကောင်း၊ ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီ မိနစ် ၂၀ မှ ၁၁ နာရီအထိ နယ်ခြားမှတ်တိုင် ၄၈ မှ ၄၉ အထိလည်းကောင်း မြေပြင် လှည့်ကင်းဆောင်ရွက်ခဲ့ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❑



**ဇူလိုင် ၁၆ ရက်က မောင်တောမြို့နယ်မြေ (၁) နှင့် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် ၄၈ မှ ၄၉ အထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်ကင်းလှည့်ဆောင်ရွက်မှုကို တွေ့ရစဉ်။**
သတင်းစဉ်

# KBZ Bank Women's League ပြိုင်ပွဲ သစ္စာအားမာန်အသင်း ဂိုးပြတ်အနိုင်ရ



**သစ္စာအားမာန်အသင်း ဇွဲကပင်အသင်းဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။** ဓာတ်ပုံ-စိုးညွန့်

**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ ပံ့ပိုးကူညီမှုဖြင့်ကျင်းပမည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၀) ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ သစ္စာ အားမာန်အသင်းက ဇွဲကပင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ခဲ့သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီး၏ ၂၀၁၈ အာဆီယံအမျိုး သမီးပြိုင်ပွဲအပြီး ရက်ပိုင်းအကြာတွင် ကျင်းပခြင်းဖြစ်ပြီး လက်ရွေးစင်ကစားသမားအများစုပါဝင်သည့် သစ္စာအားမာန် အသင်းသည် ပွဲပန်းနေသောကြောင့် ပုံစံကောင်းပြသနိုင်ခြင်း မရှိခဲ့ပေ။ ထို့ပြင် ဒုတိယအကျော့တွင် ခြေစွမ်းရော ရလဒ်ပါ သိသိသာသာတိုးတက်လာသည့် ဇွဲကပင်အသင်း ကစားပုံ ကြောင့် သစ္စာအားမာန်အသင်း ခက်ခက်ခဲခဲကစားခဲ့ရပြီး ဒုတိယပိုင်းသွင်းဂိုးများဖြင့်သာ အနိုင်ရခဲ့ခြင်း ဖြစ်သည်။

*စာမျက်နှာ ၆ ကော်လံ ၅* ◆

# (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၁၈ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၇ နာရီ ၁၅ မိနစ်မှ စတင်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ မြန်မာ့ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း၊ မြဝတီ (MWD)၊ မြန်မာ့အသံရေဒီယို အစီအစဉ်၊ MRTV Webportal Facebook Page မှလည်း တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





**ကမ္ဘာပေါ်မှာ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုနဲ့ ဆေးလိပ်ငွေ့တစ်ဆင့်ခံ ရှူရှိုက်ခံစားရမှုတွေကြောင့် တစ်နှစ်၊ တစ်နှစ် သေဆုံးသူဦးရေနဲ့ ရောဂါဖြစ်ပွားသူဦးရေဟာလည်း တစ်နေ့တခြား လျော့မသွားဘဲ တိုးတက်များပြားနေပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့မြို့ကြီးတွေအပြင် ကျေးလက်ဒေသတွေထိ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုလျော့နည်းကျဆင်းအောင်နဲ့ ကင်းစင်အောင် အစိုးရရော၊ လူမှုအဖွဲ့အစည်းတွေကပါ ကြိုးစားဆောင်ရွက်နေတာတွေ့ရပါတယ်။ ရန်ကုန်မြို့မှာလည်း အခု ၂၀၁၈ ခုနှစ် ဇွန်လကစတင်ပြီး ကျောက်တံတားမြို့နယ်မှာ ဆေးလိပ်ငွေ့ကင်းစင်ရေးအတွက် ကြိုးစားဆောင်ရွက်နေပါတယ်။**

"ကျောက်တံတားမြို့နယ်မှာ ဆေးလိပ်ငွေ့ကင်းစင်ရေး ဆောင်ရွက်မယ်"လို့ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာ သန်းစိန်က ပြောကြားထားပြီး ဆက်စပ်ဌာနတွေနဲ့၊ လူမှုအဖွဲ့အစည်းတွေနဲ့ ပူးတွဲဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီလိုဆေးလိပ်ငွေ့ကင်းစင်ရေးနယ်မြေအဖြစ် ဖော်ဆောင်ရာမှာ ဇွန်လကနေပြီး ခြောက်လအတွင်း အချိန်ကာလသတ်မှတ်ကာ ဆောင်ရွက်မယ်လို့ ဆိုပါတယ်။

ရန်ကုန်မြို့ရဲ့ ကျောက်တံတားမြို့နယ်ကို ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ် သတ်မှတ်အကောင်အထည်ဖော်ရာမှာ မြို့တွင်းအဓိကအချက်အချာကျတဲ့ မြို့နယ်တစ်ခုလည်း ဖြစ်တာမို့ လူသွားလူလာများပြားတဲ့ အနေအထားရှိပါတယ်။ ဒါကြောင့် ကျောက်တံတားမြို့နယ်အတွင်းမှာ ရှိတဲ့ နေရာပေါင်း ၁၂၄ နေရာကို သတ်မှတ်ထားတဲ့ ခြောက်လအတွင်းမှာ ဆေးလိပ်ငွေ့ကင်းစင်အောင် ဖော်ဆောင်သွားဖို့ စီစဉ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ကျောက်တံတားမြို့နယ်အတွင်းမှာ ဆေးလိပ်ငွေ့ကင်းစင်ဖို့ သတ်မှတ်ထားတဲ့နေရာတွေကတော့ အစိုးရရုံး ၄၀၊ စာသင်ကျောင်းခုနစ်ကျောင်း၊ ရုပ်ရှင်ရုံနဲ့ ဘာသာရေး ပေးတာတွေ၊ ဟောပြောဆွေးနွေးတာတွေကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီလို ကျောက်တံတားမြို့နယ်ကို ဆေးလိပ်ငွေ့ကင်းစင်နယ်မြေဖော်ဆောင်ရာမှာ ပြည်သူတွေကလည်း တတ်အားသရွေ့ ပါဝင်ပူးပေါင်းဖို့လိုသလို ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးသူတွေ၊ ရောင်းချသူတွေကလည်း ကျန်းမာရေး အသိရှိရှိနဲ့ လိုက်နာကျင့်ကြံနေထိုင်ဖို့လည်း လိုအပ်နေတာတော့ အမှန်ပါပဲ။ ဆေးလိပ်၊ ဆေးရွက်ကြီး ရောင်းချသူတွေအနေနဲ့ ကိုယ်တိုင်ဆေးလိပ်မသောက်သုံးပေမယ့် ဆေးလိပ်ဝယ်ယူ မီးညှိဖွာရှိုက်မှုတွေက ထွက်ပေါ်လာတဲ့ ဆေးလိပ်ငွေ့ကို တစ်ဆင့်ခံရှူရှိုက်ခံရတာကိုလည်း သတိရှိရှိ၊ အသိတရားရှိရှိ ဆင်ခြင်တုံတရားရှိဖို့လည်း လိုအပ်နေပါတယ်။

မြန်မာနိုင်ငံမှာ ဆေးလိပ်သောက်သုံးသူဦးရေဟာ အမျိုးသားများအနေနဲ့ ၄၃ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးဦးရေကတော့ ၈ ဒသမ ၄ ရာခိုင်နှုန်းရှိနေတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ ကွမ်းစားတဲ့အမျိုးသားဦးရေက ၆၂ ဒသမ ၂ ရာခိုင်နှုန်းရှိနေသလို အမျိုးသမီးကွမ်းစားသူဦးရေကလည်း ၂၄ ဒသမ ၁ ရာခိုင်နှုန်းရှိနေတယ်လို့ ပြည်သူ့ကျန်းမာ

# ရန်ကုန်မြို့တစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ရေး
# ကျောက်တံတားမြို့နယ်မှ စတင်နေ

● ဝေယံဦး

အဆောက်အအုံ ၃၀၊ ဆေးရုံတစ်ရုံအပါအဝင် နေရာစုစုပေါင်း ၁၂၄ နေရာမှာ ဆေးလိပ်ငွေ့ကင်းစင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဲဒီနေရာတွေမှာ ဆေးလိပ်ငွေ့ကင်းစင်ဖို့ အကောင်အထည်ဖော်ရာမှာ ဆေးလိပ်မသောက်ရ အသိပညာပေးဆိုင်းဘုတ်တွေ၊ ပိုစတာတွေချိတ်ဆွဲခြင်း၊ ကပ်ထားခြင်းတွေ ပြုလုပ်ထားတာတွေ၊ ကင်းထောက်လူငယ်တွေကတစ်ဆင့် ပြည်သူလူထုကို အသိပညာ ရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာ သန်းစိန်က ပြောထားပါတယ်။

ဒါကြောင့်မို့ ကျောက်တံတားမြို့နယ်ကို ဆေးလိပ်ငွေ့ကင်းစင်ရေးဆောင်ရွက်တဲ့အခါ "ဆေးလိပ်မသောက်ရ" ဆိုင်းဘုတ်တွေ၊ ပိုစတာတွေအပြင် အသိပညာပေးစည်းရုံးဆွေးနွေးမှုတွေကို ထိထိရောက်ရောက်ဆောင်ရွက်သွားဖို့ လိုအပ်နေပါတယ်။ ဆေးလိပ်သောက်သုံးသူတွေအနေနဲ့လည်း

**အချပ်ပို(ခ)သို့**



# သမိုင်းကြောင်းတို့ ပြည့်နှက်နေသော ရန်ကုန်မြို့လယ်က ဝန်ကြီးများရုံး(အတွင်းဝန်များရုံးဟောင်း)

သတင်း-ထင်ပေါ်ဝင်း၊ ဓာတ်ပုံ-ထိန်လင်း



မြန်မာလရာသီက ဝါဆိုလဖြစ်သည့်အတွက် ဝါဆိုမိုးတို့က ရန်ကုန်မြို့အနှံ့ သည်းတစ်လှည့် စဲတစ်လှည့်နှင့်။ ဝါဆိုလ၏ မိုးစက်ရေတို့က ရန်ကုန်သူ ရန်ကုန်သားတို့ကိုသာမက မြန်မာတစ်နိုင်ငံလုံး၏အသည်းနှလုံးကို အရင်အတိတ်က စိုးထိတ်စေခဲ့ဖူးသည်။ လွန်ခဲ့သောနှစ်ပေါင်း ၇၁ နှစ်ကျော်ကာလက ဝါဆိုမိုးနှင့်အတူ နိုင်ငံအနှံ့ရှိ ပြည်သူတို့၏ မျက်ရည်စက်များ တပေါင်းတစည်းတည်း ကြွေလွင့်ခဲ့ဖူးသည်။ ထိုသို့ နိုင်ငံအနှံ့ ငိုကြွေးခဲ့ရဖူးသော အတိတ်သမိုင်းကြောင်းတို့သည် ရန်ကုန်မြို့ရှိ အတွင်းဝန်များရုံးဟူသော ထိုအချိန်က အစိုးရရုံးစိုက်ရာနေရာမှ စတင်ခဲ့သည်။

အာဇာနည်နေ့တည်းဟူသော ဝမ်းနည်းဖွယ် နေ့ရက်ဆိုးကြီး တစ်ရက်သည် ထိုအတွင်းဝန်များရုံးမှပင် စတင်ဖြစ်ပေါ်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ပေါ်ပေါက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများလုပ်ကြံခံရသည့် နိုင်ငံတော်လုပ်ကြံမှုကြီးသည် အစိုးရအဖွဲ့ရုံးစိုက်ရာ အတွင်းဝန်ရုံးအတွင်း၌ပင် ဖြစ်ပေါ်ခဲ့သည်မဟုတ်ပါလား။ အာဇာနည်နေ့တည်းဟူသော ဝမ်းနည်းဖွယ်အထိမ်းအမှတ်နေ့တစ်နေ့တည်းသာမက မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကြောင်းတို့သည်လည်း ယင်းအတွင်းဝန်ရုံးကြီးအတွင်း၌ပင် ဖြစ်တည်ခဲ့သည်။

နှစ်ပေါင်းများစွာ ကြာမြင့်၍ ပျက်ယွင်းစပြုနေသော ဝန်ကြီးများရုံး(အတွင်းဝန်များရုံးဟောင်း)ကို သမိုင်းပညာရှင်များနှင့် တတ်သိနားလည်သူတို့က ပြန်လည်ပြုပြင်လျက်ရှိသည်။ အတိတ်သမိုင်းကြောင်းတို့နှင့် ပြည့်နှက်နေသောအဆိုပါရုံးကြီးကို ပြန်လည်ပြုပြင်နေသူတစ်ဦးဖြစ်သည့် ဒေါက်တာမောင်မောင်သိမ်းက "ဒီအတွင်းဝန်များရုံးကြီးက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ အထင်ကရ မှတ်တိုင်ကြီးပဲ။ သမိုင်းမှာ အရေးအကြီးဆုံးနဲ့ ကြွင်းကျန်ပြီး ပျောက်ပျက်မသွားသေးတဲ့ မျက်မြင်တွေ့ရတဲ့သမိုင်းပေါ့လေ။ ဒီအဆောက်အအုံကြီးရဲ့သက်တမ်းဟာလည်း နှစ်ပေါင်း ၁၅၀ ကျော်သွားပြီ။ ဒီအတွင်းဝန်များရုံးကို စဆောက်တာ ၁၈၈၉ ခုနှစ်မှာ တည်ဆောက်တယ်။ ရှစ်နှစ်အကြာ ၁၈၉၇ ခုနှစ်မှာ ပြီးတယ်" ဟု အစချီကာ အတွင်းဝန်များရုံးသမိုင်းကြောင်းကို ရှင်းပြသည်။

တစ်ချိန်က မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့သော အင်္ဂလိပ်တို့က ရန်ကုန်မြို့လယ်ကောင်တွင် မြေ ၁၆ ဧက အကျယ်ရှိသော ယင်းနေရာတွင် နိုင်ငံကိုစီမံအုပ်ချုပ်ရန် အတွင်းဝန်များရုံး အဆောက်အအုံကြီးကို အိန္ဒိယရူပီးငွေ နှစ်သန်းခွဲ အကုန်အကျခံကာ ဆောက်လုပ်ခဲ့သည်။ ထိုအဆောက်အအုံမှာပင် အင်္ဂလိပ်များရုံးထိုင်ကာ မြန်မာပြည်ကို အုပ်ချုပ်ခဲ့သည်။ အင်္ဂလိပ်အာခီတက်ပညာရှင်တစ်ဦးက ရေးဆွဲခဲ့သော အဆိုပါအဆောက်အအုံဒီဇိုင်းကို မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် တစ်လုံးစီ တည်ဆောက်ခဲ့သည်ဟု ဆိုသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရခါနီးတွင် ကျင်းပခဲ့သော ပါလီမန်ခေါ် ဥပဒေပြုကောင်စီအစည်းအဝေးများကိုလည်း အဆိုပါရုံး၌ပင် ပြုလုပ်ခဲ့သည်။ "ဥပဒေပြုကောင်စီဆိုတာ အင်္ဂလိပ်ကိုလိုနီခေတ်မှာဖွဲ့ပေးတာ။ အဲဒီမှာ ဗမာတွေ ပါဝင်ခွင့်ရလာတယ်ပေါ့။ အဲဒီတော့ ဥပဒေပြုကောင်စီရှိခဲ့တဲ့နေရာကလည်း အခုရှိနေသေးတယ်။ ဒါက သမိုင်းဆိုပေမယ့် မပျောက်ပျက်ဘဲနဲ့ မျက်မြင်ရှိနေတဲ့သမိုင်းဖြစ်တဲ့အတွက် အလွန်ကို အဖိုးတန်တယ်လို့ ပြောတာ။ လွတ်လပ်ရေးရတဲ့အချိန်မှာလည်း ဥပဒေပြုကောင်စီလုပ်ခဲ့တဲ့နေရာမှာ တိုင်းပြုပြည်ပြုလွှတ်တော်ဆိုပြီးဆက်လုပ်တယ်။ ဒါက လွှတ်တော်ရဲ့သမိုင်းမှာ ပထမဆုံး လွှတ်တော်တွေပဲ။ ဒီအဆောက်အအုံတွေပဲလေ။ ဗိုလ်ချုပ်တို့လုပ်ကြံခံရတာ ၁၉၄၇ ခုနှစ်။ အဲဒီအခန်းကလည်း ဒီမှာရှိနေတယ်။ လွတ်လပ်ရေးရတဲ့အခါမှာ အင်္ဂလိပ်ယူနီယံဂျက်အလံကိုဖြုတ်ချပြီး လွတ်လပ်တဲ့မြန်မာပြည်ရဲ့ ပထမဆုံးအလံလွှင့်တင်တဲ့ အလံတိုင်ကြီးကလည်း ခုထိရှိသေးတယ်။ ဗိုလ်ချုပ်တို့လုပ်ကြံခံရပြီး ပထမဆုံးလုပ်တဲ့ အာဇာနည်အထိမ်းအမှတ်ကျောက်တိုင်ကလည်း ဒီမှာရှိတယ်။ အဲဒီကျောက်တိုင်မှာ ထူးခြားချက်က အာဇာနည်ခုနစ်ယောက်ပဲပါတယ်။ နောက်မှ အာဇာနည်ကိုးယောက် သတ်မှတ်တာ၊ ဒါတွေက သမိုင်းနဲ့ပတ်သက်တဲ့ အထင်ကရအချက်တွေပဲ"ဟု အတွင်းဝန်များရုံး ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်းက အတိတ်သမိုင်းကြောင်းနှင့်ပတ်သက်၍ ရှင်းပြသည်။

နောက်ပိုင်းတွင် ဝန်ကြီးများရုံးဟု အမည်ပြောင်းလဲသမုတ်ခြင်းခံရသော အဆိုပါ အဆောက်အအုံသည် လွတ်လပ်ရေးရပြီး နောက်ပိုင်းမှသည် အစိုးရအဖွဲ့ရုံးစိုက်ရာကို နေပြည်တော်သို့ ပြောင်းလဲအုပ်ချုပ်သည့်ကာလတိုင်အောင် မြန်မာနိုင်ငံကို အစဉ်အဆက် အုပ်ချုပ်ခဲ့ရာနေရာဖြစ်သည်။ လွတ်လပ်ရေးမရခင်ကတည်းက နိုင်ငံ၏ အဓိကအုပ်ချုပ်ရေးနေရာဖြစ်သည့်အတွက် ပြည်သူတို့၏ လိုအပ်ချက်၊ လိုလားချက်များကို တောင်းဆိုရာတွင် ယင်းနေရာသို့သာ ဦးတည်စုဝေးကြလေ့ရှိသည်။ ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်ကျဆုံးခြင်းက ယင်းဖြစ်ရပ်တို့ကို သာဓကပြုလျက်ရှိသည်။ ကိုအောင်ကျော်ကို ဂုဏ်ပြုသောအားဖြင့် ယနေ့တိုင် ဗိုလ်အောင်ကျော်လမ်းဟု သတ်မှတ်ခေါ်တွင်နေဆဲဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစ ဝန်ကြီးများသည် အတွင်းဝန်ရုံး၌ပင် ရုံးထိုင်ခဲ့ကြသည်။ ထို့ကြောင့် ဝန်ကြီးချုပ် ဦးနုကို သံဃာတော်များဆန္ဒပြရာတွင် အဆိုပါရုံးကို ဝိုင်းခဲ့ကြသည်။

"အဲဒီလို မြန်မာ့လွတ်လပ်ရေးသမိုင်းမှာ သိပ်အရေးပါပြီးတော့ လက်ရှိ ရှိနေသေးတယ်လေ။ အပျက်အစီးအဆင့်မရောက်သေးတော့ ပိုအဖိုးတန်တယ်လေ။ ဒါပေမယ့် နှစ်ပေါင်း ၁၅၀ ကျော်လာတဲ့အခါမှာ ထိန်းသိမ်းမှုမရှိဘူးဆိုရင် တဖြည်းဖြည်းယိုယွင်းပြိုပျက်သွားမှာလေ။ အဲဒါကြောင့် ကိုယ်တို့အဖွဲ့က ဒါကို ပြုပြင်ပေးတယ်။ စောင့်ရှောက်ပေးတယ်။ နောက်တစ်ခါ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းရဲ့ လက်ရှိ အကောင်းပကတိကျန်ခဲ့တဲ့ဟာကို ဆက်ပြီးတော့ အကောင်းပကတိရှိစေချင်တယ်လေ။ လူငယ်တွေဆိုရင်လည်း ဒါကို သိပ်မမီတော့ဘူး။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို သိပ်မသိကြတော့ဘူး။ အဲဒါတွေကိုလည်း လူသိစေချင်လို့ ပြတိုက်တွေလုပ်မယ်။ အခုပြုပြင်နေတာတွေ ပြီးသွားတဲ့အခါကျရင် ပြတိုက်နှစ်ခု ဆောက်မယ်။ တစ်ခုကတော့ အာဇာနည်ပြတိုက်ပေါ့။ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရတဲ့ အနေအထားအခန်းကို ပြထားမယ်။ နောက်တစ်ခုက လွှတ်တော်ပြတိုက်ပါ။ ဥပဒေပြုကောင်စီဆိုပြီး နောက်ပိုင်းမှာ တိုင်းပြုပြည်ပြုလွှတ်တော်လုပ်ခဲ့တဲ့နေရာမှာ လွှတ်တော်ပြတိုက်ဆိုပြီး ပြတိုက်နှစ်ခုပါမယ်။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပစ္စည်းတွေပါမယ်။ ခန်းမတွေပါမယ်ပေါ့။ ပန်းချီပန်းပုပြပွဲတွေ၊ ဟောပြောပွဲတွေ၊ မင်္ဂလာဆောင်ချင်တာတွေ အဲဒါတွေအတွက် နေရာပေးမယ်ပေါ့နော်။ ဒီပတ်ဝန်းကျင် ၁၆ ဧကမှာ ကျန်တဲ့နေရာတွေမှာတော့ ကိုယ်တို့က ဥယျာဉ်လုပ်ထားပြီးတော့ အပန်းဖြေလို့ရအောင် လုပ်ထားပေးမယ်"ဟု အတွင်းဝန်များရုံးဟောင်းကို ဆက်လက်အသုံးပြုမည့် အကျိုးအကြောင်းကို ဒေါက်တာမောင်မောင်သိမ်းက ရှင်းပြသည်။

ယခင်အာဇာနည်နေ့တွေက ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရသည့်အပေါ်ထပ်အခန်းအထိ တက်ခွင့်ပြုခဲ့သည်။ ၂၀၁၇ ခုနှစ် နှစ် (၇၀) မြောက် အာဇာနည်နေ့တွင် ထူးခြားချက်အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရစဉ်က ကျန်ရစ်သော ကိုယ်ရေးကိုယ်တာအသုံးအဆောင်ပစ္စည်းများကို အမျိုးသားပြတိုက်တွင် ထိန်းသိမ်းရာမှ ခေတ္တယူကာ ပထမဆုံးအကြိမ်အဖြစ် အတွင်းဝန်များရုံးတွင် ခင်းကျင်းပြသခဲ့သည်။ ယင်းသို့ ခင်းကျင်းပြသမှုကြောင့် ပြည်သူအများ ကြိတ်ကြိတ်တိုး စည်ကားခဲ့သည်။ ထိုသို့ကြိတ်ကြိတ်တိုးစည်ကားမှုကြောင့် ဩစတြေးလျအင်ဂျင်နီယာများကိုယ်တိုင် ကြံ့ခိုင်အောင် လုပ်ထားသော နှစ် ၁၅၀ ကျော်သက်တမ်းရှိ လှေကားမှာ အနည်းငယ်ဟသွားသည်။ ထို့ကြောင့် အင်ဂျင်နီယာနှင့် ပညာရှင်များက ယခုနှစ်တွင် ကြံ့ခိုင်မှုအားနည်းနေသော လှေကားကို ထပ်မံသုံးစွဲခွင့်မပြုတော့ချေ။ ဘုရားခန်းအဖြစ် အသုံးပြုထားသော အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရရာနေရာကိုလည်း မူလသုတ်ဆေးများခွာပြီး သုတေသနလုပ်ကာ ဆေးပြန်လည်သုတ်မည့်အတွက် အခန်းကိုရှင်းလင်းထားသည်။ ပရိဘောဂအစစ်များကိုလည်း အမျိုးသားပြတိုက်သို့ ပြန်လည်ပေးပို့ထားသည့်အတွက် အခန်းလွတ်ကြီးတစ်ခုအဖြစ်သာ မြင်ရနိုင်မည်ဖြစ်သည်။ သို့သော်လည်း အာဇာနည်နေ့တွင် လာရောက်ဂါရဝပြုသူများ စိတ်ကျေနပ်မှုရစေရန် အဆိုပါအခန်းကို စီစီတီဗွီဖြင့် ပြသထားမည်ဟု ပြုပြင်ထိန်းသိမ်းနေသည့် အနော်မာအက်ဂရုက ဆိုသည်။

ထို့ကြောင့်ပင် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့၌ ကျရောက်သော (၇၁) နှစ်မြောက်အာဇာနည်နေ့တွင် သွားရောက်ဂါရဝပြုကြမည့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အနေဖြင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု အတိတ်သမိုင်းကြောင်းများ ရောထွေးဆက်နွှယ်နေသော ရန်ကုန်မြို့ရှိ ဝန်ကြီးများရုံး (အတွင်းဝန်များရုံးဟောင်း)သို့ အရောက်လှမ်းစဉ် အတိတ်သမိုင်းကို နှိုင်းယှဉ်စဉ်းစားနိုင်ရန်အလို့ငှာ ယခုကဲ့သို့ တင်ပြလိုက်ရပါသည်။

## ရန်ကုန်မြို့ခွင်တစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ရေး ကျောက်တံတားမြို့နယ်မှ စတင်နေမှု

ကျန်းမာရေးအသိရှိရှိနဲ့ လိုက်နာနေထိုင်ဖို့လိုသလို သတ်မှတ်ထားတဲ့ ကန့်သတ်ဧရိယာတွေထဲမှာ အကြောင်းအမျိုးမျိုးပြပြီး ဆေးလိပ်သောက်သုံးမှုနဲ့ ကန့်သတ်ချက်ကို ဖောက်ဖျက်ကာ ခိုးကြောင်ခိုးဝှက်ဆေးလိပ်မသောက်သုံးကြဖို့လည်း လိုအပ်နေတာအမှန်ပါပဲ။

"ရန်ကုန်မြို့ကို သန့်ရှင်းတဲ့မြို့တစ်မြို့ဖြစ်ဖို့ ကြိုးပမ်းဆောင်ရွက်နေသလို ဆေးလိပ်၊ ကွမ်းစားသုံးမှုကင်းစင်လာနိုင်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အခွင့်နဲ့ အသိပညာနှစ်ရပ်ချမှတ်ပြီး ဆောင်ရွက်သင့်တယ်"လို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောထားပါတယ်။

တကယ်တော့ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု ကင်းစင်ရေးကို ရန်ကုန်မြို့တစ်မြို့လုံးအပြင် တစ်နိုင်ငံလုံးအနေနဲ့ မဟာဗျူဟာကျကျ တွန်းအားပေးအကောင်အထည်ဖော်နေပေမယ့် ယခုအချိန်နှုန်းထက်ပိုပြီး လက်တွေ့ကျကျ ထိထိရောက်ရောက် ဖော်ဆောင်နိုင်မယ်ဆိုရင်တဖြည်းဖြည်းနဲ့ သုံးစွဲသူဦးရေလျော့နည်းကျဆင်းသွားမှာဖြစ်ပါတယ်။

ပြင်သစ်နိုင်ငံမှာဆိုရင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကို စနစ်တကျ အစီအစဉ်တွေချမှတ်ကာ ထိရောက်တဲ့ အကောင်အထည်ဖော်မှုတွေကြောင့် ၂၀၁၆ ခုနှစ်မှာ ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲသူဦးရေ ၂၉ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သလို ၂၀၁၇ ခုနှစ်မှာ ၂၆ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့တယ်လို့ လေ့လာသုတေသနပြုချက်တစ်ရပ်မှာ ဖော်ပြထားပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ သုတေသနပြုချက်အရ ကမ္ဘာပေါ်မှာ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် နှစ်စဉ် လူဦးရေ ခြောက်သန်းခန့် သေဆုံးနေတယ်လို့ ဆိုပါတယ်။ ကမ္ဘာပေါ်မှာ အလယ်အလတ်နဲ့ ဝင်ငွေနည်းတဲ့နိုင်ငံတွေမှာ ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးသူဦးရေဟာ ၁ ဒသမ ၁ ဘီလီယံရှိပြီး အဲဒီဦးရေထဲမှာ ၈၀ ရာခိုင်နှုန်းခန့်က သေဆုံးနေရတယ်လို့ ဆိုပါတယ်။ ကမ္ဘာပေါ်မှာ ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုရဲ့ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ခံရမှုကြောင့် ရောဂါဖြစ်ပွားပြီး တစ်နှစ်ကို လူဦးရေ ကိုးသိန်းခန့် သေဆုံးနေရတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့လေ့လာသုတေသနပြုချက်မှာ ဖော်ပြထားပါတယ်။

Global Youth Tobaco Survey ရဲ့ ၂၀၁၆ ခုနှစ် စစ်တမ်းအရ အသက် ၁၃ နှစ်မှ ၁၅ နှစ်အရွယ် လူငယ်အမျိုးသားတွေအကြား ဆေးလိပ်သောက်သုံးမှုနှုန်း ၂၆ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး မိန်းကလေးများက ၃ ဒသမ ၇ ရာခိုင်နှုန်းရှိနေလို့ မြန်မာနိုင်ငံဟာ လူငယ်တွေဆေးလိပ်သောက်သုံးမှုမြင့်မားတဲ့ အနေအထားရှိတယ်လို့ သုံးသပ်ထားပါတယ်။

"မြန်မာနိုင်ငံမှာ အမျိုးသား ၆၂ ရာခိုင်နှုန်းက ကွမ်းစားနေပြီး ၄၅ ရာခိုင်နှုန်းက ဆေးလိပ်သောက်သုံးနေကြတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နေပြည်တော်မှာ ၂၀၁၈ ခုနှစ် ဇွန် ၂၅ ရက်က ပြောကြားခဲ့ပါတယ်။ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲသူရာခိုင်နှုန်းဟာ မြန်မာနိုင်ငံမှာ မြင့်မားနေတယ်လို့ သတိပေးနေတာဖြစ်ပါတယ်။

ဒါကြောင့် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်မှ စတင်ပြုလုပ်နေတဲ့ ဆေးလိပ်ငွေ့ကင်းစင်ရေးနယ်မြေ ဖော်ဆောင်မှုဟာ ထိထိရောက်ရောက် အကောင်အထည်ဖော်ပြီး ပြည်သူတွေကလည်း အသိတရားရှိရှိနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရင် ရန်ကုန်တစ်မြို့လုံးဟာ တစ်ချိန်မှာ ဆေးလိပ်ငွေ့ကင်းစင်တဲ့ မြို့တော်ဖြစ်လာနိုင်မလားဆိုတာ စောင့်ကြည့်ရတော့မှာဖြစ်ပါတယ်။

# ရန်ကုန်မြို့ကြီးကို အကျည်းတန်စေသော စွန့်ပစ်ပလတ်စတစ်များ

● သတင်းဆောင်းပါး - တင်ဝင်းလေး (ကြည့်မြင်တိုင်)

ရန်ကုန်မြို့ကြီးကို အကျည်းတန်စေသော အဓိကအကြောင်းရင်းဖြစ်သည့် စွန့်ပစ်ပလတ်စတစ်များ မိုးတွင်း၌ ထင်ရှားစွာ ထွက်ပေါ်လာခဲ့သည်မှာ နှစ်စဉ်လိုလိုပင် ဖြစ်ပါသည်။

မြို့တော်ကြီးတွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့တော်စည်ပင်မှ ဘတ်ဂျက်အလိုက် လမ်းဘေးဝဲယာနှင့် ကားလမ်းအောက်ရေမြောင်းကြီးများကို နှစ်စဉ်ပြုပြင်တူးဖော်လျက်ရှိနေသည်။ အနက်ပေ တူးခြင်း၊ မြောင်းအကျယ်ချဲ့ခြင်းများကို အစဉ်မပြတ်လုပ်ဆောင်ပေးလျက်ရှိသည်ကို တွေ့မြင်နေရသည်။

သို့သော် အချို့မြို့နယ်များနှင့် ရပ်ကွက်အတော်များများတွင် မိုးရွာလိုက်သည်နှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေဆဲရှိသည်ကို တွေ့မြင်နေရသည်။

နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ စားသောက်ကုန် ထုတ်လုပ်သူများက တစ်ခါသုံး ထုပ်ပိုးခွံများကို ပေါပေါများများ ထုတ်လုပ်လာကြသည်။ သန့်ရှင်းရေးလုပ်သားတစ်ဦးက "ရေနုတ်မြောင်းတွေထဲက အမှိုက်တွေ ဆယ်ယူတဲ့အခါတိုင်း တစ်ခါသုံးပလတ်စတစ်အိတ်တွေ၊ ဖော့ဘူးတွေ၊ ရေသန့်ဘူးနဲ့ အချိုရည်ဘူးတွေကို အများဆုံး ဆယ်ထုတ်နေရတယ်။ ဒါတွေကြောင့် ရေမြောင်းပိတ်ဆို့မှုတွေဖြစ်နေတာ"ဟု ပြောသည်။

ပြီးခဲ့သောနှစ်က ကြည့်မြင်တိုင်မြို့နယ်နှင့် အလုံမြို့နယ်အကြားရှိ ကွင်းချောင်းရေနုတ်မြောင်းကြီးအား ပြန်လည်တူးဖော်ရာ၌ မဖော်ခင်အပေါ်ယံထုမှာ တစ်ခါသုံးပလတ်စတစ်ပစ္စည်းမျိုးစုံနှင့် ဖော့ဘူးများက ဖွေးဖွေးထနေသည်။ စည်းကမ်း





မဲ့သူများက အလွယ်တကူ စွန့်ပစ်မှုကြောင့်ဖြစ်သည်။

မြို့တော်စည်ပင်သာယာရေးကော်မတီဝင်(၅) ဒေါ်သန်းမြင့်အောင်က ရန်ကုန်၌ တစ်ရက်လျှင် အမှိုက်တန်ချိန် ၂၄၀၀ နီးပါးထွက်ရှိနေပြီး အမှိုက်အားလုံးကို သိမ်းဆည်းရန် ဝန်ထမ်းလုံလောက်မှုမရှိကြောင်း၊ ထွက်ရှိအမှိုက်များကို ထိန်ပင်၊ ထားဝယ်ချောင်၊ ဒလ၊ ဆိပ်ကြီးခနောင်တို အမှိုက်ပုံများတွင် စုပုံထားရှိနေရကြောင်း၊ အမှိုက်မီးရှို့စက်ရုံမှာ ရွှေပြည်သာမြို့နယ်တွင်သာရှိကြောင်း၊ ယင်းစက်ရုံမှ တစ်နေ့လျှင် အမှိုက်တန်ချိန် ၆၀ ခန့်ကိုသာ မီးရှို့ဖျက်ဆီးနိုင်ကြောင်း ပြောကြားခဲ့သည်။ အမှိုက်ပစ်သူများကလည်း အစိုအခြောက်မခွဲခြားဘဲ တစ်အိတ်ထဲတွင်သာ စုပုံပစ်လေ့ရှိကြောင်း ပြောကြားမှုအရ သိရသည်။

ထို့အပြင် မြောက်ဒဂုံမြို့နယ်ရှိ ထားဝယ်ချောင်အမှိုက်ပုံမှာ တစ်နေ့လျှင် တန်ချိန် ၁၀၀၀ နီးပါး စုပုံနေရသည့်အတွက် မြေဧက ၂၀၀ ကျော် ထပ်မံတိုးချဲ့ရန် လိုအပ်လျက်ရှိနေကြောင်း ထားဝယ်ချောင်အမှိုက်ပုံမှ တာဝန်ရှိသူတစ်ဦး၏ အဆိုကိုလည်း ကြားသိနေရသည်။

ထိုစွန့်ပစ်အမှိုက်များထဲတွင် တစ်ခါသုံးပြီး စွန့်ပစ်ခဲ့ကြသော ပလတ်စတစ်အမှိုက်ခွံများက ပိုမိုများပြားနေခဲ့သည်ဟု သိရသည်။ ဧပြီ ၂၁ ရက်မှ မေ ၂ ရက်အထိ ထိန်ပင်အမှိုက်ပုံမီးလောင်ရာတွင် ပလတ်စတစ်ပစ္စည်းများ မီးလောင်ညှော်နံ့က ရန်ကုန်မြို့နယ်အတော်များများကို ဒုက္ခပေးခဲ့သည်။ ဆေးရုံတက်ကုသမှု ခံယူနေရသူများပင်ရှိခဲ့သည်ဟု ကြားသိခဲ့ရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ ဒုတိယဌာနမှူး ဒေါက်တာ အောင်မြင့်မော်၏ သုတေသနပြုချက်အရ ပလတ်စတစ်ပစ္စည်းများ၏ ထုထည်မှာ အလွန်ပေါ့ပါး၍ လေတွင် ပျံ့လွင့်နိုင်သဖြင့် မည်သည့်နေရာတွင် ရှိစေကာမူ သဘာဝမြင်ကွင်းအလှကို အရုပ်ဆိုးအကျည်းတန်စေနိုင်ပြီး သုံးစွဲပြီး ပလတ်စတစ်များအား သေချာစွာ ဖျက်ဆီးမှုမရှိပါက ရေထုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်ခြင်း၊ အမှိုက်ကို မီးရှို့ရာတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ပါဝင်သွားသဖြင့် "ဒိုင်အောက်ဇင်"နှင့် အခြားအဆိပ်သင့်စေနိုင်သည့် ဓာတုပစ္စည်းများ ရောနှောထွက်ပေါ်လာမှုကြောင့် ပတ်ဝန်းကျင်ရှိ နေထိုင်သူများကို အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ရရှိစေနိုင်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားစေနိုင်သည်ဟု ဆိုထားသည်။

ထို့အပြင် ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်ချောင်း၊ အင်းအိုင်များနှင့် ရေမြောင်းများအတွင်းသို့ ပလတ်စတစ်အိတ်များ စွန့်ပစ်ပါက ရေနေသတ္တဝါများ၏ အသက်အန္တရာယ်ထိခိုက်နိုင်ခြင်း၊ ကြွပ်ကြွပ်အိတ်များကြောင့် ရေမြောင်းများစီးဆင်းမှု ပိတ်ဆို့နိုင်ခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည့်အတွက် မြို့တော်၏ ရေစီးရေလာစနစ်ကို များစွာ ထိခိုက်စေနိုင်ခြင်း၊ စားသုံးမိခြင်းကြောင့် ရေသတ္တဝါများ သေဆုံးနိုင်ပါသည်။

တစ်ဖန် တစ်ခါသုံးပလတ်စတစ်များ လွယ်လင့်တကူ သုံးစွဲပြီး စည်းကမ်းမဲ့စွန့်ပစ်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှုများ ဖြစ်ပေါ်စေပါသည်။ ပလတ်စတစ်များကို မြေပေါ်တိုက်ရိုက်စွန့်ပစ်ခြင်းတို့ကြောင့် ပလတ်စတစ်တွင်ပါဝင်သော "ဓာတုဒြပ်စင်"များ မြေဆီလွှာအတွင်းသို့ စိမ့်ဝင်ပျံ့နှံ့သွားပြီး မြေဆီလွှာပျက်စီးခြင်း၊ မြေအောက်ရေအရင်းအမြစ် ပျက်စီးခြင်း စသည့်ဆိုးကျိုးများ သက်ရောက်စေပါသည်"ဟု ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

ထို့အပြင် တစ်ခါသုံးပလတ်စတစ်များ အသုံးပြုခြင်းထက် Recycle Plastic Bag များ၊ Recycle အိတ်များ၊ အစားထိုးအသုံးပြုခြင်း အလေ့အထကိုလည်း တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပြီး Recycle ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများပိုမိုတိုးတက်လာစေရေး ပံ့ပိုးပူးပေါင်းဆောင်ရွက်ရမည်ဟုလည်း အကြံပြုထားသည်ကို တွေ့ရသည်။

ယင်းအပြင် တစ်ခါသုံးပလတ်စတစ်များ သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများကို ပြည်သူအများ ကောင်းစွာသိရှိနိုင်စေရန်၊ အသိပညာပေးခြင်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်ပေးရန်ကိုလည်း ဖော်ပြထားသည်။


*အချပ်ပို (ဃ)သို့*

# ဆိပ်ကမ်းသာယာလှပခြင်းသည် ရန်ကုန်မြို့ပြ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လိုက်ဖက်ညီစေမည်ဖြစ်

■ သော်တာနမ့်စန်၊ ဓာတ်ပုံ - သစ္စာ

ရန်ကုန်မြစ်ပြင်သည် ဒီရေကျချိန်ဖြစ်၍ အရှိန်ဖြင့်စီးဆင်းလျက်ရှိပြီး အချိန်မှန်မှန် ရွာသွန်းလျက်ရှိသော ဝါဆိုမိုးဖွဲဖွဲအောက်တွင် ဗိုလ်တထောင်ဆိပ်ကမ်းသည် ခရီးသွားလာသူ၊ ဘုရားဖူးသူ၊ လာရောက်လည်ပတ်သူတို့ဖြင့် စည်ကားလျက်ရှိသည်။ မိုးလေကင်းသောနံနက်တိုင်း ဤဆိပ်ကမ်းတွင် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးလိုက်စားသော လူကြီး၊ လူငယ်များဖြင့် မြစ်ပြင်ကို မျက်နှာမူကာ တသုန်သုန်တိုက်ခတ်နေသော လေကိုရှူရှိုက်လျက် ကျန်းမာရေးလေ့ကျင့်ခန်းများလုပ်ဆောင်လေ့ရှိရာ ဗိုလ်တထောင်ဆိပ်ကမ်း၏ ပို၍ တင့်တယ်လှပလာလေ့ရှိသည်။ နံနက်ပိုင်း၊ နေ့လယ်ပိုင်းတို့တွင် ဗိုလ်တထောင်စေတီတော်သို့လာရောက်ဖူးမြော်သော ပြည်သူတို့မှာ ဘုရားဖူးပြီးပါက ဆိပ်ကမ်းတွင် ခေတ္တအပန်းဖြေစားသောက်ကြလေ့ရှိသည်။ ယခုနှစ်အနည်းငယ်အတွင်း ဗိုလ်တထောင်စေတီတော်မြတ်သို့ ပြည်ပမှ နိုင်ငံခြားသား ဝင်ရောက်မှုများရာတွင် ထိုင်းနိုင်ငံမှနေ့စဉ်ဝင်ရောက်လျက်ရှိရာ ရန်ကုန်မြစ်ပြင်အလှကို အနီးဆုံးတွေ့မြင်ရသည့် ဗိုလ်တထောင်ဆိပ်ကမ်း သန့်ရှင်းသာယာလှပပါက နိုင်ငံခြားသားများ ခေတ္တအပန်းဖြေကြည့်ရှုရာနေရာအဖြစ် ဗိုလ်တထောင်ဆိပ်ကမ်းသည် ရန်ကုန်မြို့ပြ၏အလှနှင့် လိုက်ဖက်ညီစေမည်ဖြစ်သည်။

သမိုင်းဝင် ဗိုလ်တထောင်စေတီတော်မုခ်ဦးအနီးတွင် လူကူးခုံးကျော်တံတားကြီးကို တည်ဆောက်လျက်ရှိရာ ဩဂုတ်လတွင်ပြီးစီးမည်ဖြစ်၍ ရန်ကုန်မြို့နေပြည်သူတို့ ကမ်းနားလမ်းသစ်နှင့် လမ်းဟောင်းနှစ်ခုကို ဖြတ်သန်းရန်မလိုတော့သည့်အတွက် ခုံးကျော်တံတားပေါ်မှ စိတ်အေးချမ်းသာစွာဖြင့် ဖြတ်သန်းနိုင်တော့မည်ဖြစ်သည်။ စေတီမုခ်ဦးရှေ့တွင် တီပုံသဏ္ဌာန် လမ်းစုံမီးပွိုင့်ရှိပြီး မုခ်ဦးဝင်ပေါက်မှ ဈေးသည်များကြောင့် စေတီ၏ပုံရိပ်နှင့် ဗိုလ်တထောင်ဆိပ်ကမ်း၏ ပုံရိပ်ကို ထိခိုက်စေမည်မှာ အမှန်ပင်ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ ဆံတော်တစ်ဆူကို ဗိုလ်တထောင်စေတီတော်မြတ်တွင် ကိန်းဝပ်စံပယ်လျက်ရှိပြီး ကျန်သောခုနစ်ဆူကို ရွှေတိဂုံစေတီတော်မြတ်တွင် ကိန်းဝပ်စံပယ်လျက်ရှိရာ မဟာရန်ကုန်မြို့ကြီး၏ တန်ဖိုးဖြတ်၍မရသော ဘာသာရေးအမွေအနှစ်များ စုစည်းထိန်းသိမ်းရာနေရာလည်းဖြစ်သောကြောင့် မြို့ပြနေ ပြည်သူတို့အနေဖြင့် မြတ်ဗုဒ္ဓကိန်းဝပ်စံပယ်ရာနေရာတွင် နေထိုင်ခွင့်ရရှိသည့်အတွက် နေ့စဉ်ကုသိုလ်အထူးရရှိနေကြသည်ကို သတိပြုမိကြမည်ဖြစ်သည်။




မြတ်ဗုဒ္ဓ၏ ဆံတော်ရှစ်ဆူကို ဤဗိုလ်တထောင်ဆိပ်ကမ်းမှ ကြိုဆိုဦးခိုက်၍ ရက်အတန်ကြာ ကိန်းဝပ်စံပယ်ကာ ခုနစ်ဆူကို မြတ်ရွှေတိဂုံသို့ ပင့်ဆောင်ပူဇော်ခဲ့ခြင်းဖြစ်သည်။ ဤနေရာသည် ဘာသာ၊ သာသနာအတွက် တန်ဖိုးဖြတ်၍မရသော ဘူမိနက်သန်နေရာလည်းဖြစ်သည်။ ဗိုလ်တထောင်စေတီတော် မြတ်ပရိဝုဏ်နှင့် ဝန်းကျင်သန့်ရှင်းသာယာလှပရေးသည် ရန်ကုန်မြို့ပြအတွက် အရေးပါသောအခန်းကဏ္ဍတွင် ရပ်တည်လျက်ရှိသည်။ ဝင်လမ်း၊ ထွက်လမ်းများ၊ လမ်းပေါ်ဈေးသည်များနှင့် တက္ကစီယာဉ်များ၊ ဈေးဆိုင်တန်းများကို စနစ်တကျ သန့်ရှင်းခေတ်မီစွာ ထားရှိနိုင်ပါက ဗိုလ်တထောင်ဆိပ်ကမ်းသည် နေ့စဉ် နိုင်ငံခြားသားများ၊ မြို့ခံပြည်သူများ စည်ကားသိုက်မြိုက်စွာ အပန်းဖြေအနားယူရာ နေရာတစ်ခုအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။ ရန်ကုန်ဆိပ်ကမ်းတစ်လျှောက်တွင် ရန်ကုန်မြစ်ပြင်၏အလှနှင့် သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်ကို ရှူရှိုက်ခွင့်ရသောနေရာအဖြစ် ကြည့်မြင်တိုင်အုန်း၊ ငှက်ပျောတန်းနံ့ဘေးရှိ ပန်းခြံနှင့် ဗိုလ်တထောင်ဆိပ်ကမ်းတို့သာရှိပြီး ဗိုလ်တထောင်ဆိပ်ကမ်းသည် ရန်ကုန်မြစ်ဝနှင့် ပဲခူးမြစ်ဝကို တွေ့မြင်ရသောကြောင့် ရန်ကုန်မြစ်၏ သဘာဝအလှကို အနီးကပ်တွေ့မြင်ရသော နေရာတစ်ခုအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်းတစ်လျှောက်တွင် ပြည်ပကုန်တင်သင်္ဘောများ ဆိုက်ကပ်ရာနေရာမှအပ မြန်မာပြည်၏ ရတနာပင်လယ်ဆိပ်ကမ်းမြို့အဖြစ် ဆိပ်ကမ်းအင်္ဂါနှင့်အညီ ဆောင်ရွက်ရန် များစွာလိုအပ်နေဆဲဖြစ်သည်။ ပန်းဆိုးတန်း ကူးတို့ဆိပ်အနီးရှိ အထက်မြန်မာပြည်၏ သဘာဝအလှကို ကြည့်ရှုခံစားနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိသော နိုင်ငံခြားခရီးသွား ရေကြောင်းပို့ဆောင်သည့် ဆိပ်ကမ်းတစ်ခုရှိပြီး ဗိုလ်တထောင်ဆိပ်ကမ်းတွင် ရန်ကုန်မြစ်ပြင်၊ မြစ်ဝနှင့် တွံတေးမြို့သို့ အပျော်စီးသင်္ဘောခရီးစဉ်များ ရပ်နားထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ဗိုလ်တထောင် ဆိပ်ခံဇောတံတား ၁ မှ ၆ အထိရှိ၍ Yangon Water Bus Station တစ်ခုနှင့် သင်္ဘော *အချပ်ပို (ဃ)သို့*

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

# တစ်ပတ်ရစ်၊ ဖောက်စွပ် နှင့် ကားဈေးကွက် ဂယက်ရိုက်နေ



**မင်းသော်**

ရန်ကုန်လိုင်စင် ပုံစံသစ်ချထားပေးမည်ကို စောင့်ဆိုင်းလိုကြသူများကြောင့် ရန်ကုန်ကားဈေးကွက်သည် အေးစက်နေသည့်အပြင် ယခုကာလအတွင်း အလုံးလိုက်ပြောင်းလဲတပ်ဆင်ထားခြင်း (ဖောက်စွပ်ကား) ပြဿနာများ ရှိလာသဖြင့် ဝယ်လက်အများစုသည်လည်း ဈေးကွက်အတွင်း တစ်ပတ်ရစ်ကားဝယ်ယူမှုများ ပြုလုပ်လိုခြင်း မရှိကြဟု ဈေးကွက်အတွင်းမှ သိရှိရသည်။

ဂျပန်ကားများဝယ်ယူရာတွင် ဖောက်စွပ်ပြုလုပ်ခြင်းများကြောင့် ယခုအခါ ဝယ်လက်များသည် စိတ်ချရသည့် အရောင်းစင်တာများနှင့် ခာတ်သိ ပွဲစားများထံတွင်သာ ဝယ်ယူလိုကြသည်။ ထို့ပြင် အများစုသည် လက်ရှိကားလောက အခြေအနေကို စောင့်ကြည့်နေကြသူများ များပြားသည်ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောသည်။

"အခုနောက်ပိုင်းမှာ အများစုက ပွဲစားတန်းထက် အရောင်းစင်တာတွေကို ပိုပြီးသွားကြတာများတယ်။ အဲဒီမှာက ဈေးက အနည်းငယ်ပိုများတယ်ဆိုပေမယ့် ယုံကြည်စိတ်ချရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဥပမာပြောရရင် အပြင်မှာဝယ်ရင် လက်ငင်းငွေချေရတယ်။ ကားကလည်း စိတ်ချရဖို့ တော်တော်လေးစစ်ရတယ်။ အရောင်းပြခန်းမှာက အရစ်ကျလည်း ဝယ်ရင်ရတယ်။ ကားလည်း စိတ်ချရတယ်။ တစ်ခုခုဆိုရင် သွားပြီးဖြေရှင်းနိုင်တဲ့အတွက် အရောင်းပြခန်းတွေက အရင်ကထက်စာရင် အခုအချိန်မှာ အရောင်းအဝယ်ပိုဖြစ်နေတယ်"ဟု ကိုကျော်ဇေယျာဝင်းက ပြောပြသည်။

လက်ရှိတွင် ဈေးကွက်အတွင်း ဈေးနှုန်းများတန်းနေပြီး အများစုမှာ အင်ဂျင်ပါဝါ ၁၃၀၀ စီစီ ကားများ အရောင်းအဝယ် အနည်းငယ်ရှိကြောင်း သိရှိရသည်။ "ဈေးက ကျတာတက်တာတော့ သိပ်မရှိပါဘူး။ ခေါ်ဈေးနဲ့ ရောင်းရတဲ့ဈေးလည်း အများကြီးကွာတာတော့မရှိပါဘူး။ ဒါပေမယ့် အရောင်းအဝယ်ကတော့ အင်ဂျင်ပါဝါသေးတဲ့ သိန်း ၂၀၀ အောက်ကားလေးတွေက အရောင်းအဝယ်ဖြစ်တယ်။ အခု အချိန်က ပြောရရင်ဝယ်လို့ကောင်းတဲ့အချိန်လို့လည်း ပြောရင်ရတယ်။ တကယ်စီးမယ့်သူအတွက် စိတ်ကြိုက်ကားကို အေးအေးဆေးဆေးရှာလို့ရတဲ့အချိန်ပါပဲ"ဟု ကားဝယ်ရောင်း ကိုသြကပြောကြားသည်။

စတိန်ပါတ်များနှင့် မော်တော်ကားများ၊ စလစ်ကပ်မော်တော်ကားများမှာ အရောင်းအဝယ် မရှိသလောက်နည်းပါးနေပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဖောက်စွပ်မဖြစ်စေရေး ယာဉ်စစ်ဆေးရခြင်းကလည်း ကားဈေးကွက်ကို အေးစက်လာစေကြောင်း ကားပွဲစားများထံမှ သိရှိရသည်။

ကားဈေးကွက်တွင် အရောင်းအဝယ်အားနည်းကာ ဈေးနှုန်းများတန့်နေသော်လည်း ယာဉ်အိုယာဉ်ဟောင်းအပ်နှံခြင်း၊ တိုက်ကြေနှင့် အခြားစလစ်များသည် အရောင်းအဝယ်ဖြစ်နေပြီး ဈေးနှုန်းများလည်း မြင့်တက်နေသည်ကို မြင်တွေ့ရသည်။ လက်ရှိတွင် ရန်ကုန်လိုင်စင် သက်တမ်းနှစ်နှစ်ဆယ် စလစ်မှာ ငွေကျပ်သိန်း ၁၂၇ သိန်းမှ ၁၃၀အကြားသို့ မြင့်တက်နေကြောင်းသိရှိရသည်။ ။

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Toyota Noah | 2008 | ရန်ကုန် | 2000cc | အပြင်ဈေး | ၃၃၀ |
| Wish | 2012 | ရန်ကုန် | 1800cc | အပြင်ဈေး | ၄၅၀ |
| Honda Fit | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၇၅ |
| Honda Insight | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၅၀ |
| Vitz | 2011 | ပဲခူး | 1300cc | အပြင်ဈေး | ၁၈၀ |
| CR-V | 2012 | ရန်ကုန် | 2000cc | အပြင်ဈေး | ၅၅၀ |
| passo | 2012 | ရန်ကုန် | 1000cc | အပြင်ဈေး | ၁၉၀ |
| Harrier | 2013 | ရန်ကုန် | 2000cc | အပြင်ဈေး | ၉၀၀ |
| Hijet | 2014 | နယ် | 600cc | အပြင်ဈေး | ၁၂၀ |
| Kluger | 2004 | ရန်ကုန် | 660cc | နယ်ဈေး | ၁၂၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။



**ဈေးက ကျတာ တက်တာတော့ သိပ်မရှိပါဘူး။ ခေါ်ဈေးနဲ့ ရောင်းရတဲ့ဈေးလည်း အများကြီး ကွာတာတော့မရှိပါဘူး။ ဒါပေမယ့် အရောင်းအဝယ်ကတော့ အင်ဂျင်ပါဝါသေးတဲ့ သိန်း ၂၀၀ အောက်ကားလေးတွေက အရောင်းအဝယ် ဖြစ်တယ်။**

---

*အချပ်ပို (ဂ)မှ*

ပေါ်တွင် တည်းခိုနိုင်သော ဟိုတယ်တစ်ခုဖြင့် ရန်ကုန်ဆိပ်ကမ်းကို အလှဆင်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ရန်ကုန်ဆိပ်ကမ်းနှင့် ဒလဆိပ်ကမ်းသည် မြို့ပြနှင့် ကျေးလက်ပမာ ကွာခြားသော်လည်း ရန်ကုန်မြစ်နံဘေး တည်ရှိသည့်အတွက် မြစ်ကမ်းနှစ်ခုကို အဆင့်မြှင့်ပြုပြင်ခြင်း၊ ပြည်သူ့ဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ အပန်းဖြေရာနေရာနှင့် နိုင်ငံတော်အတွက် ပန်းခြံ၊ ဆိပ်ကမ်းများထားရှိနိုင်ပါက ရန်ကုန်ဆိပ်ကမ်းသည် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ အထူးအာရုံစိုက်၊ ရင်းနှီးမြှုပ်နှံမှုများရာ မြို့ပြတစ်ခုအဖြစ် တွေ့မြင်ရမည်ဖြစ်ပြီး မြို့ပြ၊ ဆိပ်ကမ်းအင်္ဂါနှင့်အညီ ခေတ်မီဖွံ့ဖြိုးလှပနေပါက စက်မှုကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို ပို၍ဆွဲဆောင်စေနိုင်မည်ဖြစ်သည်။

ဗိုလ်တထောင်ဆိပ်ကမ်းသည် ရန်ကုန်မြို့ ကမ်းနားတစ်လျှောက်တွင် မြေနေရာ အကျယ်ပြန့်ဆုံးနေရာဖြစ်သောကြောင့် လက်ရှိထားရှိသော အပန်းဖြေနေရာကို ပို၍သန့်ရှင်းလှပစေရန်ဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့အပန်းဖြေ အနားယူရာ နေရာကောင်းတစ်ခုအဖြစ် တွေ့မြင်လာရမည်ဖြစ်သည်။ အသွင်သဏ္ဍာန်မျိုးစုံဖြင့် ရောင်းချနေသော ဈေးသည်များ၊ ဆိပ်ကမ်းတံတားအနီးရှိ ချုံနွယ်များနှင့် ခရားဆူးပင်များ၊ သစ်ပင်ချုံနွယ်များကြားမှ ဆိပ်ခံဇောများ၊ ဆိပ်ကမ်းတွင် သောင်တင်နေသော အမှိုက်သရိုက်များ၊ ဆိပ်ကမ်းအင်္ဂါကို ထိခိုက်စေသော လူနေထိုင်မှုပုံစံများနှင့်ယာဉ်များကို စည်းစနစ်ကျစွာပြုပြင်ထားရှိခြင်းဖြင့် ဗိုလ်တထောင်ဆိပ်ကမ်းသည် ခေတ်မီလှပစွာဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ အပန်းဖြေအနားယူရာ နေရာတစ်ခုအဖြစ် ဒေသဖွံ့ဖြိုးဝင်ငွေတိုးစေမည်ဖြစ်သည်။

ဗိုလ်တထောင်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသောရန်ကုန်မြစ်အတွင်းအပျော်စီးသင်္ဘောများသည် ဤဆိပ်ကမ်း၏အလှကို ပေါ်လွင်စေလျက်ရှိပြီး ဆိပ်ကမ်းအလှ၊ ဆိုက်ကပ်ထားသော သင်္ဘောများလှပခံ့ညားမှုနှင့် ခေတ်မီလှပစွာ တည်ဆောက်ထားသော ဆိပ်ခံဇောများဖြင့် ရန်ကုန်မြို့ပြ၏ဂုဏ်ကို ထင်ဟပ်စေမည်ဖြစ်သည်။ ထိုဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော အပျော်စီးသင်္ဘောရေယာဉ်အုပ် ဦးတင်ထွန်းက "အိမ်နီးချင်းနိုင်ငံတွေမှာလည်း အပျော်စီးသင်္ဘောတွေ ပြေးဆွဲတာရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာက စုပေါင်းပြီး ရပ်တည်နေရတဲ့ သဘောရှိတယ်။ ဆိပ်ကမ်းတွေ သာယာလှပဖို့ လိုသေးတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု အရှိန်ယူစ ဆိုတော့ ကျွန်တော်တို့ နားလည်ပါတယ်။ နိုင်ငံခြားသားလာတယ်ဆိုရင် တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကို ပြတာဖြစ်တဲ့အတွက် ဆိပ်ကမ်းကောင်းတွေ ရှိဖို့တော့လိုမယ်။

မြန်မာပြည်မှာဆိုရင် ဒီဆိပ်ကမ်းက အကြီးဆုံးပဲ။ ပင်လယ်ထွက်ပေါက်လည်းဖြစ်သလို ဗိုလ်တထောင်ဘုရားဖူးတဲ့သူတိုင်း ဆိပ်ကမ်းကိုလာကြတာများတယ်။အပန်းဖြေစားသောက်ပြီးမှပြန်ကြတာ။ နိုင်ငံခြားသားတွေလည်း လာကြည့်ကြတယ်။ ဆိပ်ကမ်း လှပခံ့ညားနေရင် သူတို့ရင်ထဲမှာ မြန်မာပြည်ကအပြန်မှာ တစ်ခုခုတော့ပါသွားကြမှာပါ။ ဆိပ်ကမ်းသာယာလှပနေမယ်ဆိုရင် ရန်ကုန်မြို့အတွက် ဂုဏ်လည်းရှိမှာပါ။ တိုင်းပြည်အတွက် ဘက်ပေါင်းစုံ လုပ်ဆောင်နေရချိန်မှာ အချို့အရာလေးတွေ လိုအပ်ချက်ရှိနေမှာပါပဲ။ ပြည်တွင်းနိုင်ငံခြားသား ရေကြောင်းခရီးသွားကဏ္ဍမှာ အပျော်စီးသင်္ဘောစီးနင်းမှုက တစ်နှစ်ထက်တစ်နှစ် များလာပါတယ်။ ဒါပေမယ့် ဒီနှစ် နည်းသွားတာတော့ သတိပြုမိတယ်။ အရှေ့တောင်အာရှမှာ နိုင်ငံခြားခရီးသွားလုပ်ငန်းကနေ တိုင်းပြည်ဝင်ငွေရသလို နိုင်ငံအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေရရှိတာကြောင့် ရရှိလာတဲ့ အခွင့်အရေးကိုတော့ လက်မလွှတ်စေချင်ဘူး။ ကျွန်တော်တို့ဘက်က ပြုပြင်သင့်တာပြုပြင်ပြီး ပြောင်းလဲသင့်တာ ပြောင်းလဲရမယ်။ နှစ်စဉ်ဝင်ငွေရတဲ့ အပျော်စီးသင်္ဘောကဏ္ဍဆိုရင် ဆိပ်ကမ်းတွေကောင်းရမယ်၊ ဆိပ်ခံဇောနဲ့တံတားတွေ ကောင်းမွန်သန့်ရှင်းနေရမယ်။ သင်္ဘောတွေကောင်းနေရမယ်။ ဒါဟာ မိမိနေထိုင်တဲ့ မြို့နဲ့ မိမိအလုပ်ရဲ့ ဂုဏ်ပဲ"ဟု ၎င်း၏အမြင်ကို ပြောကြားသည်။

ရန်ကုန်မြို့၏ ဆိပ်ကမ်းကောင်းတစ်ခုဖြစ်သော ဗိုလ်တထောင်ဆိပ်ကမ်းတွင် ရာသီဥတုမှာ လင်းချည်တစ်မှုန်၊ မှိုင်းချည်တစ်သွယ်ဖြင့် မိုးရာသီ၏ သရုပ်ကို ပေါ်လွင်စေလျက်ရှိသည်။ အချို့မှာ ထီးကိုယ်စီဖြင့် မြစ်ပြင်သို့ ကျဆင်းနေသော မိုး တဖွဲဖွဲ၏အလှကို ကြည့်ရှုခံစားနေကြလျက်ရှိသည်။ ဆိပ်ကမ်းရှိ ရန်ကုန်ဝါးတားဘတ်စ် ရေယာဉ်ကလည်း ခရီးသွားများကို ပုံမှန်အတိုင်းပို့ဆောင်သွားလာလျက်ရှိသည်။ ထိုဆိပ်ကမ်းကြီး ပိုမိုသန့်ရှင်းလှပပြီး ဆိပ်ကမ်းအင်္ဂါနှင့်အညီ ပြုပြင်ပြီး၊ ဆောင်ရွက်ပြီးပါက ထိုဆိပ်ကမ်းသည် ရန်ကုန်မြို့တွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ အများဆုံး အပန်းဖြေအနားယူရာ နေရာတစ်ခုအဖြစ် ရန်ကုန်မြို့ပြ၏ ဖွံ့ဖြိုးတိုးတက်မှုအလှနှင့်အတူ လိုက်ဖက်ညီစွာဖြင့် တွေ့မြင်လာရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

---

*အချပ်ပို (ဂ)မှ*

ဇွန် ၅ ရက်က နေပြည်တော် သင်္ဂဟ ဟိုတယ်၌ ပြုလုပ်ခဲ့သည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က "ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်စေရေး နိုင်ငံသူ နိုင်ငံသားများအနေဖြင့် တစ်ဦးချင်းတာဝန်သိစိတ်များဖြင့် ဝိုင်းဝန်းထမ်းရွက်ပေးကြရန်"ဟု လမ်းညွှန်ပြောကြားမှုကိုလည်း ကြားသိထားရသည်။

အဆိုပါအခမ်းအနားသို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ အင်တိုရီယိုဂူတာရက်စ်မှ ပေးပို့သော သဝဏ်လွှာတွင်လည်း "ယခုအခါ ပင်လယ်အတွင်း ပလတ်စတစ်အပိုင်းအစများ ပိုမိုများပြားလာပြီး ယခုအတိုင်း ဆက်လက်မျောပါနေပါက ၂၀၅၀ ပြည့်နှစ်ခန့်ကာလအရောက်တွင် သမုဒ္ဒရာရေပြင်အတွင်း ငါးများထက် ပလတ်စတစ်အမှိုက်များက ပိုမိုများပြားသွားနိုင်မည်ဖြစ်ကြောင်း၊ တစ်ခါသုံး ပလတ်စတစ်များကို ငြင်းပယ်ကာ မိမိတို့အနေဖြင့် ပြန်လည်အသုံးပြုနိုင်ခြင်းမရှိပါက ငြင်းဆန်သင့်ကြောင်း " ဟု သိရသည်။ ထို့အတွက် တစ်ခါသုံး ပလတ်စတစ်အမှိုက်များသည် အလွန်ကြောက်စရာကောင်းသော လက်နက်တစ်မျိုးအဖြစ် မြင်မိလာသည်။

စာရေးသူတို့ ငယ်ငယ်က ဈေးများအတွင်း စားစရာ ဥပမာ- လက်ဖက်ရည်၊ မုန့်ဟင်းခါးဝယ်လျှင်ပင် မိမိအိမ်မှ ချိုင့်လေးများကို ယူဆောင်သွားကြရသည်။ ကုန်ခြောက်ဝယ်ပါက သတင်းစာစက္ကူဖြင့် ထုပ်ပေးလေ့ရှိသည်။ သားငါးဝယ်ပါက အင်ဖက် သို့မဟုတ် တောင်စွန်ဖက်၊ ပိန်းရွက်တို့ဖြင့် ထုပ်ပိုးပေးလေ့ရှိသည်။ ထိုထုပ်ပိုးပစ္စည်းများသည် အချိန်တိုအတွင်း မြေဩဇာဖြစ်သွားတတ်ကြသည်။ ပျက်စီးသွားတတ်ကြသည်။ မြေဩဇာဖြစ်သွားတတ်ကြသည်။

ယခုအခါ လက်ဖက်ရည်၊ မုန့်ဟင်းခါးအစ ကုန်ခြောက်အလယ် သား၊ ငါးအဆုံး တစ်ခါသုံး ပလတ်စတစ်အိတ်ဖြင့် လွယ်ကူစွာ ထုပ်ပိုးပေးလေ့ရှိကြသည်။ ထို့အပြင်စားသောက်ဆိုင်များ၌ တစ်ခါသုံး ဖော့ဘူးများဖြင့်ပါ ထုပ်ပိုးပေးလာကြသည်။ ထိုတစ်ခါသုံး အမှိုက်များက နေ့စဉ် သိမ်းဆည်း၍မနိုင်အောင်ရှိသကဲ့သို့ နှစ်ပေါင်းများစွာတိုင်အောင် ပျက်စီးနိုင်မှုမရှိပေ။

သို့အတွက် ကုန်ပစ္စည်းများဝယ်ယူရာတွင် လည်းကောင်း၊ ရောင်းချရာတွင် လည်းကောင်း တစ်ခါသုံးပစ္စည်းများကို ငြင်းပယ်စွန့်လွှတ်သင့်ပေသည်။ ရန်ကုန်သည် စီးပွားရေးမြို့တော်ဖြစ်သည့်အလျောက် တစ်ခါသုံးပလတ်စတစ်ပစ္စည်းများသုံးစွဲမှု ပိုမိုများပြားသကဲ့သို့ ထုတ်လုပ်မှုမှာလည်း အများဆုံးဖြစ်ပေရာ မြို့တော်ကြီးကို အကျည်းတန် အရုပ်ဆိုးစေမည့် တစ်ခါသုံး ပလတ်စတစ်အိတ်များ၊ ဖော့ဘူးများ သုံးစွဲခြင်းကို လျှော့ချကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။